ကြေးမုံ

The Mirror
Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်၊ တနင်္ဂနွေနေ့၊ (19-10-2014) (၇၉၉၇)

သူတော်ကောင်းတရားကို ကောင်းစွာကျင့်ရာ၏။ မကောင်းသဖြင့် မကျင့်ရာ၊ သူတော်ကောင်းတရားကို ကျင့်သောသူသည် ဤဘဝ၌လည်းကောင်း၊ တမလွန်ဘဝ၌လည်းကောင်း ချမ်းသာစွာ နေရ၏။

(ဓမ္မပဒ)

## အောက်တိုဘာလ တတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော် အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း (၁)ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် ရွာနိုင်သည်။

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ခြောက်ရက်မှ ရှစ်ရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် သုံးရက်မှ ငါးရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့**

### ယ နေ့ မှ တိ ကာ

ရာသီလွန် သွေးလွန်တုပ်ကွေး

စာမျက်နှာ - ၂

ထူးထူးခြားခြားမင်္ဂလာပွဲ ဝေဟင်၌ လေယာဉ်ပျံနှင့် ပျော်ရွှင်စွာဆင်နွှဲ

စာမျက်နှာ - ၇



# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အီတလီစပါးမျိုးစေ့သုတေသနဌာနသို့ သွားရောက်ကြည့်ရှုလေ့လာ

**မီလန် အောက်တိုဘာ ၁၈**

အီတလီနိုင်ငံ မီလန်မြို့တွင် ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် အောက်တိုဘာ ၁၇ ရက် ညနေ ၄ နာရီတွင် အီတလီစပါးမျိုးစေ့သုတေသနဌာနသို့ သွားရောက်ကြည့်ရှုလေ့လာသည်။

**ရှင်းလင်းပြသ**

နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များအား အီတလီစပါးမျိုးစေ့ သုတေသနဌာနမှူးနှင့် တာဝန်ရှိသူများက အီတလီနိုင်ငံ၏ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု၊ မျိုးကောင်းမျိုးသန့်စပါးမျိုးစေ့များစမ်းသပ်ထုတ်လုပ်နေမှုနှင့် ခေတ်မီစက်မှုလယ်ယာလုပ်ငန်းများကို ရှင်းလင်းပြသကြသည်။

**လက်ဆောင်ပစ္စည်းများပေးအပ်**

ထို့နောက် နိုင်ငံတော်သမ္မတသည် ခေတ္တတည်းခိုသည့် NH President ဧည့်ခန်းမ၌ မြန်မာသံရုံးဝန်ထမ်းများ၊ မိသားစုဝင်များနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားပြီး အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ခဲ့သည်။

**တက်ရောက်**

ညပိုင်းတွင် နိုင်ငံတော်သမ္မတသည် မီလန်မြို့ NH President ဟိုတယ်၌ အီတလီနိုင်ငံစွမ်းအင်ကုမ္ပဏီ Eni မှ အမှုဆောင်အရာရှိချုပ် မစ္စတာ ကလော်ဒီရို ဒက်ကာဇီက တည်ခင်းဧည့်ခံသည့် အလုပ်သဘော ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။ **(သတင်းစဉ်)**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ခေတ်မီစက်မှုလယ်ယာလုပ်ငန်းများ ကြည့်ရှုလေ့လာစဉ်။** (သတင်းစဉ်)





**ကြေးမုံစာတည်းရှုထောင့်** **၁၉-၁၀-၂၀၁၄၊ တနင်္ဂနွေနေ့**

# ရာသီလွန် သွေးလွန်တုပ်ကွေး

မိုးရာသီကျော်လွန်သွားပြီဖြစ်သော်လည်း သွေးလွန်တုပ်ကွေးရောဂါများ ဆက်လက်ဖြစ်ပွားနေသောကြောင့် မိဘများအနေဖြင့် ကလေးများဖျားနာပါက ဂရုစိုက်ရန်လိုပေသည်။ ထိုရောဂါသည် ရာသီအလိုက် အကန့်အသတ်ကာလနှင့် ဖြစ်တတ်သောရောဂါဖြစ်သည်။ ယခုအခါရာသီ မရွေး ဒုက္ခပေးလာနေသည့် သဘောကို တွေ့လာရသည်။ ကမ္ဘာ့ရာသီဥတု ဖောက်ပြန်လာမှုနှင့် လူတို့၏သတိမမူမှုတို့ကြောင့် ဆက်နွှယ်နေသည်ဟုထင်ရသည်။

ကမ္ဘာတွင် တစ်ခါမျှ မကြားဖူးသော အီဘိုလာရောဂါကြောင့် အာဖရိက၌ လူအများအပြား သေကျေပျက်စီးနေကြရသည်။ ကူးစက်ရောဂါတစ်မျိုးဖြစ်နေသည့်အတွက် ကမ္ဘာအနှံ့ မျက်စိဖွင့်နားစွင့်၊ အစဉ်သတိမပြတ်ရှိနေကြရသည်မှာ မိမိတို့နိုင်ငံလည်းအပါအဝင်ဖြစ်ပါသည်။ ဤအခြေအနေမျိုးတွင်မှ သွေးလွန်တုပ်ကွေးက ရာသီလွန်ရောဂါပုံစံနှင့် ကလေးငယ်များထံ ဝင်ရောက်လာသည်ကို သတိပြုရမည်ဖြစ်သည်။

သွေးလွန်တုပ်ကွေးသည် ရာသီမရွေးဖြစ်သောကြောင့် ပြည်သူများအနေဖြင့် ကလေးများ အဖျားတောက်လျှောက်ကြီးပြီး နှစ်ရက်ခန့်ကြာလျှင် တတ်ကျွမ်းနားလည်သည့် ဆရာဝန်နှင့်သေသေချာချာပြသင့်သည်။ မိဘတိုင်းလိုလိုက သွေးလွန်တုပ်ကွေးဆိုလျှင် မိုးကုန်ပြီဆိုသည်နှင့် သွေးလွန်တုပ်ကွေးရာသီကုန်ပြီဟု လေ့နံ့စားထစ်မှတ်ယူထားတတ်ကြသည်။ ယခုကျန်းမာရေးဆိုင်ရာက အချိန်မီအသိပေးလာနေပြီ။ အထူးသဖြင့် မူကြိုနှင့် မူလတန်းအရွယ်ကလေးများ၏ မိဘတိုင်း သတိထား၊ သိထားသင့်သည့်အချက်တစ်ရပ်ဖြစ်သည်။

ပုံမှန်အားဖြင့် သွေးလွန်တုပ်ကွေးရောဂါသည် မိုးဦးကာလမှာ အစပြုတတ်သည်။ ရေကြည်ရေသန့်၌ ပေါက်ပွားတတ်သော ခြင်ကျားကြောင့်ဖြစ်သည်။ နေ့အလင်းရောင်ရရှိချိန် နံနက် ၁၀ နာရီဝန်းကျင်မှ မွန်းလွဲ ၂ နာရီအတွင်း ဒုက္ခပေးတတ်သည်။ နေ့ဘက်တွင်မှောင်ရိပ်ခို ကိုက်တတ်၍ "ခြင်ပုန်း" ဟုလည်းခေါ်ကြသည်။ အထူးသဖြင့် ကလေးများကျောင်းချိန်အတွင်းတွင် ဤခြင်ကျားခေါ် ခြင်ပုန်းက အန္တရာယ်ပေးတတ်ရာ ကလေးများ၏ စာသင်ခန်းများကို အလင်းရောင်ရရှိစေခြင်း၊ ကလေးများ၏ ခြေထောက်များကို လုံခြုံအောင် ဝတ်ဆင်စေခြင်းများကို ကြပ်မတ်ပေးကြရမည်။

ထို့ပြင် ကျောင်းတွင်း ကျောင်းပြင် ခြင်ဆေးမှုတ်ခြင်း၊ ခြင်ကျားခိုရာတောများကိုရှင်းလင်းခြင်း၊ ခြင်ကျား ပေါက်ပွားရာနေရာမရှိရလေအောင် "ဖုံး၊ သွန်၊ လဲ၊ စစ်" စနစ်တကျဆောင်ရွက်ခြင်း အထူးသဖြင့်သောက်ရေလှောင်ကန်များအတွင်း ခြင်မပေါက်ပွားစေရန် ဆေးဖျန်းခြင်း၊ ခြင်မျိုးဥများကို စားသည့် အလှမွေးဒေါင်းငါးများကို ထိုကန်အတွင်းလွှတ်မွေးခြင်းများကို မိမိတို့မိဘ၊ ဆရာ၊ တာဝန်ရှိသူများက ပုံမှန်လုပ်နေခဲ့ကြသည်။

မိုးကုန်ပြီဆိုသည်နှင့်သွေးလွန်တုပ်ကွေးရောဂါမှ မိမိတို့ ကလေးများ လွတ်ပြီကျွတ်ပြီ၊ ဤသို့ သတ်မှတ်ထားကြသည်။ ယခုထိုသို့မဟုတ်တော့ပါပြီ။ ကျန်းမာရေးဌာနက မိဘများသို့ သတိပေးချက်ကို မိမိတို့ အလေးအနက်ထားသင့်သည့်အချက်ဖြစ်ခဲ့ပြီ။ ယခုနှစ်ဆန်းပိုင်းမှ စက်တင်ဘာလကုန်ထိ ရန်ကင်းကလေးဆေးရုံကြီးသို့ သွေးလွန်တုပ်ကွေးရောဂါလာရောက်ကုသခံယူသူ ကလေး ၁၂၀၀ ကျော်ထိရှိခဲ့ကြောင်း သိရသည်။

ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများသည် သွေးလွန်တုပ်ကွေးဒုက္ခပေးသည့်ကာလဖြစ်သည်။ ယခု စက်တင်ဘာလအထိ သွေးလွန်တုပ်ကွေးရောဂါဖြစ်နေဆဲ ရန်ကင်းကလေးဆေးရုံတစ်ခုတည်း၏ မှတ်တမ်းအရ စက်တင်ဘာလတစ်လတည်းတွင် ကလေးလူနာ ၁၇၀ ကျော်ထိရှိခဲ့သည်။

ဖောက်လွဲရာသီဥတုကြောင့်ဟုလည်းဆိုနိုင်သည်။ မည်သို့ဆိုစေ ကလေးများနေ့အချိန်ခိုရာ၊ စုဝေးရာကျောင်းပရဝဏ်ကို မိမိတို့ မိဘ၊ ဆရာ တာဝန်ရှိသူများက မပြတ်သတိထားလျက် ပုံမှန်လုပ်နေကျ သွေးလွန်တုပ်ကွေး ကာကွယ်တားဆီးရေးကို အရှိန်မပဟုန်မလျှော့ဘဲ၊ မပေါ့ဆဘဲ အမြဲမပြတ်လုပ်ဆောင်သွားကြရမည်ဖြစ်ပါသည်။ ဤသည်လည်း မိမိတို့အတွက် မလွဲမသွေဆောင်ရွက်ကြရမည့် အမျိုးသားရေးတာဝန်တစ်ရပ်ပင်ဖြစ်ပါကြောင်း။ ။

# ကိုရီးယား-မြန်မာ ချစ်ကြည်ရေး လုပ်အားပေးများ ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၈**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် အောက်တိုဘာ ၁၇ ရက် ညနေ ၃နာရီက ရန်ကုန်တိုင်းဒေသကြီး အင်းလျားလိတ်ဟိုတယ်၌ ကျင်းပသော ကိုရီးယား-မြန်မာ ချစ်ကြည်ရေး လုပ်အားပေးအဖွဲ့များဆိုင်ရာ အတွေ့အကြုံများ ရှင်းလင်းပွဲနှင့် World Friends Korea(WFK) Conference ကိုရီးယားနိုင်ငံ ကမ္ဘာ့မိတ်ဆွေ Volunteers များ တွေ့ဆုံရှင်းလင်းပွဲ အခမ်းအနားသို့ တက်ရောက်၍ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီး Mr.Lee Baek Soon နှင့်အတူ ဂုဏ်ပြုအမှာစကား တက်ရောက်ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ကိုရီးယား- မြန်မာ နှစ်နိုင်ငံအကြား ချစ်ကြည်မှုရေရှည်ခိုင်မြဲရေးအတွက် ကိုရီးယားနိုင်ငံနှင့် မြန်မာနိုင်ငံကြား အစိုးရအချင်းချင်း ချစ်ကြည်ရေး၊ ပြည်သူများအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာရေး၊ ကိုရီးယား Volunteers လုပ်အားပေးလူငယ်များအားဖြင့် မြန်မာနိုင်ငံရှိ ဝန်ကြီးဌာနများအလိုက် ကဏ္ဍနေရာအသီးသီးတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နေကြသော ကိုရီးယားလူငယ်များအား ဂုဏ်ပြုစကားပြောကြားကြပြီးနှစ်နိုင်ငံအကြား ပိုမို၍ချစ်ကြည်ရင်းနှီးရေးအတွက် နီးနီးကပ်ကပ် တိုးတက်ပူးပေါင်းဆောင်ရွက်ကြရန်နှင့် တွေ့ကြုံရသော ပူးပေါင်းဆက်ဆံရေးအခြေအနေများကို အရှိန်အဟုန်မြှင့်တင်ရေး၊ ကိုရီးယားနိုင်ငံမှ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပိုမိုထောက်ပံ့အကူအညီပေးရေး၊ ကိုရီးယားသံအမတ်ကြီးမှ မြန်မာနိုင်ငံအား အကူအညီပေးမည့် အစီအစဉ်များနှင့် အစိုးရအချင်းချင်းအကြား၊ ပြည်သူများ အချင်းချင်းအကြား ပိုမို၍ ပူးပေါင်းဆောင်ရွက်သွားကြရေး ပြောကြားသည်။

ကိုရီးယားသမ္မတနိုင်ငံ အစိုးရနှင့် (KOICA) အဖွဲ့အနေဖြင့် မြန်မာနိုင်ငံသို့ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကူအညီများ၊ (Saemaul Undong) ကျေးရွာသစ်စီမံကိန်းဆိုင်ရာအကူအညီများ၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကူအညီများအား တိုးတက်ကူညီဆောင်ရွက်ပေးသွားရန်အတွက် နှစ်ဖက်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရွှေတိဂုံစေတီတော်တွင် မသိုးသင်္ကန်း ရက်လုပ်ကပ်လှူပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၈**

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ အကြိမ်(၃၀)မြောက် မသိုးသင်္ကန်းယှဉ်ပြိုင်ရက်လုပ်ကပ်လှူပူဇော်ပွဲကို ၁၃၇၆ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့ (နိုဝင်ဘာ ၆ ရက်) အရုဏ်တက်ချိန်တွင် ကျင်းပပူဇော်မည်ဖြစ်ရာ အာရုံခံတန်ဆောင်းများအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်လေးဆူနှင့် တကွ အထက်ပစ္စယံ ပတ္တမြားမျက်ရှင်ရုပ်ပွားတော်၊ ရင်ပြင်တော်ပေါ်ရှိ ဗုဒ္ဓရုပ်ပွားတော်များကို မသိုးသင်္ကန်းတော်များ ဆက်ကပ်လှူဒါန်းပူဇော်မည်ဖြစ်သည်။

တန်ဆောင်မုန်းလဆန်း ၁၄ ရက် အဖိတ်နေ့ (နိုဝင်ဘာ ၅ ရက်) ညနေ ၄ နာရီမှစတင်ကာ လှည့်လည်ပူဇော်ပွဲများကျင်းပပြီး စေတီတော်ရင်ပြင်ရာဟုထောင့်အောင်မြေ၌ မသိုးသင်္ကန်းများ ယှဉ်ပြိုင်ရက်လုပ်ပွဲအခမ်းအနားကို ဖွင့်လှစ်ကျင်းပမည်ဖြစ်သည်။ တန်ဆောင်မုန်းလပြည့်နေ့ (နိုဝင်ဘာ ၆ ရက်) နံနက် ၁ နာရီတွင် မသိုးသင်္ကန်း ရက်လုပ်ပြိုင်ပွဲ၌ ဆုရရှိသော အသင်းများနှင့် ပါဝင်ယှဉ်ပြိုင်သောအသင်းများအား ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပမည်ဖြစ်သည်။

မသိုးသင်္ကန်းပြိုင်ပွဲတွင် ပထမဆု ကျပ်သုံးသိန်း၊ ဒုတိယဆု ကျပ်နှစ်သိန်းငါးသောင်း၊ တတိယဆု ကျပ်နှစ်သိန်းနှင့် နှစ်သိမ့်ဆုရအသင်းများအား တစ်သင်းလျှင် ကျပ်တစ်သိန်းငါးသောင်း ချီးမြှင့်မည်ဖြစ်ကြောင်းနှင့် မသိုးသင်္ကန်း ယှဉ်ပြိုင်ရက်လုပ်ကပ်လှူပူဇော်ပွဲအတွက် ပါဝင်လှူဒါန်းနိုင်ကြောင်း စေတီတော်ဂေါပကအဖွဲ့က နိုးဆော်ထားသည်။ **(ကိုချစ်)**

# ကြံခင်းမြို့နယ် နံရံကပ်စာပေရေချမ်းစင်များတွင် စာစဉ်အသစ်များ ဖြည့်ဆည်း

**ကြံခင်း အောက်တိုဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ကြံခင်းမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက အောက်တိုဘာ ၁၇ရက်တွင် ကျေးရွာငါးရွာ၌နံရံကပ်စာပေရေချမ်းစင်အသစ်များ ထားရှိဖွင့်လှစ်ပေးခြင်းနှင့် မြို့ပေါ်ရှိစာပေရေချမ်းစင်များတွင်လည်း စာစဉ်အသစ်များ ဖြည့်ဆည်းပေးခြင်းတို့အား ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့ပေါ်နှင့်ကျေးလက်ဒေသများတွင်လူစည်ကားရာ နေရာများ၌ ပြည်သူများစာပေများလေ့လာဖတ်ရှုနိုင်ရန် ရည်ရွယ်၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ပညာရေးစသည့်ကဏ္ဍစုံလင်စွာပါဝင်သော စာစဉ်၁၃ မျိုးပါနံရံကပ်စာပေရေချမ်းစင်များကို မြို့ပေါ်တွင် ၁၁နေရာနှင့် ကျေးရွာငါးရွာတို့တွင် ချိတ်ဆွဲဖွင့်လှစ်ထားရှိပြီး အဆိုပါနံရံကပ်ရေချမ်းစင်များကို လစဉ်စာစဉ်အသစ်များဖြည့်ဆည်းပေးသွားမည်ဖြစ်သည်။

**မသူ(ပြန်/ဆက်)**

## စာအုပ်စာပေ လူ့မိတ်ဆွေ













နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား အီတလီစပါးမျိုးစေ့သုတေသနဌာနမှူးက အီတလီနိုင်ငံ၏ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု၊ မျိုးကောင်းမျိုးသန့် စပါးမျိုးစေ့များ စမ်းသပ်ထုတ်လုပ်နေမှုကို ရှင်းလင်းပြသစဉ်။*(သတင်း-ရွှေဖုံး)*
(သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား အီတလီစပါးမျိုးစေ့သုတေသနဌာနမှူးနှင့် တာဝန်ရှိသူများက အီတလီနိုင်ငံ၏ ခေတ်မီစက်မှုလယ်ယာလုပ်ငန်းများကို ရှင်းလင်းပြသစဉ်။*(သတင်း-ရွှေဖုံး)*
(သတင်းစဉ်)

○ ရွှေဖုံးမှ

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ပေဝက်မှ တစ်ပေခွဲခန့်၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် နှစ်ပေမှ သုံးပေခန့် လက်ရှိရေမှတ်များ၏အောက် ကျဆင်းနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် နှစ်ပေမှ သုံးခန့် လက်ရှိရေမှတ်များ၏အောက် ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ **(ကြေးမုံ)**

# နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ ရှင်းလင်းပြောကြား

**နေပြည်တော် အောက်တိုဘာ ၁၈**

နိုင်ငံတော်မှဆောင်ရွက်လျက်ရှိသည့် ပြုပြင်ပြောင်းလဲမှုများနှင့် ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများအား တွေ့ဆုံရှင်းလင်းခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ အမျိုးသားစီမံကိန်းရေးဆွဲခြင်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးရဲမြင့်နှင့် တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက နိုင်ငံတော်အနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ရောက်ရှိရေး ဆောင်ရွက်လျက်ရှိကြောင်း၊ အစိုးရအဖွဲ့အနေဖြင့် ဆောင်ရွက်နေမှုများ၊ ဝန်ကြီးဌာနများအလိုက် ဆောင်ရွက်နေမှုအခြေအနေများ၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်သူများနှင့် အမြဲမပြတ်တိုက်ရိုက်ထိတွေ့ပြီး ဆောင်ရွက်လျက်ရှိကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် အမျိုးသားစီမံကိန်းရေးဆွဲခြင်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က အမျိုးသားစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေဆက်လက်ရေးဆွဲအကောင်အထည်ဖော်သွားမည့် အခြေအနေများ၊ စီမံကိန်းများရေးဆွဲရာတွင် ပြည်ထောင်စုအဆင့်မှ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကဏ္ဍစီမံကိန်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများမှ ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်ရမည့် ဒေသန္တရစီမံကိန်းများ၊ ယင်းစီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် ယခင်ဗဟိုမှ ချုပ်ကိုင်ဆောင်ရွက်သော စီမံကိန်းများအဖြစ်မှ အောက်ခြေတွင် လိုအပ်ချက်များအပေါ် အခြေခံ၍ ထောက်ပြရေးဆွဲထားသော စီမံကိန်းများကို ပြောင်းလဲဆောင်ရွက်ခဲ့ကြောင်း၊ စီမံကိန်းများရေးဆွဲရာတွင် အခြေခံရမည့် မူဘောင် ၁၀ ချက်ပေါ်တွင် အခြေခံ၍ ဦးစားပေးလုပ်ငန်းစဉ်များအဖြစ် လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေး၊ စိုက်ပျိုးရေးလုပ်ငန်းတိုးတက်ကောင်းမွန်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ ငွေကြေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်ရေး အစရှိသည့် လုပ်ငန်းစဉ် (၇)ရပ်ကို ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က အမျိုးသားစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းများနှင့် စပ်လျဉ်း၍ ရသုံးမှန်းခြေဆိုင်ရာ ကိစ္စရပ်များ၊ အခွန်အကောက်ဆိုင်ရာ ကိစ္စရပ်များ၊ ဘတ်ဂျက်ဆိုင်ရာ ကိစ္စရပ်များနှင့် ပြည်တွင်း ပြည်ပကြွေးမြီကိစ္စရပ်ဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသော တာဝန်ရှိသူများ၊ ရပ်မိ ရပ်ဖများ၏ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက အသေးစိတ် ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# နေဝင်နေထွက်နှင့် ပုဂံရှုခင်းကိုအပေါ်စီးမှ တက်ရောက်ကြည့်ရှုခွင့်ရသောစေတီနှစ်ဆူတွင် ရွှေဆံတော်စေတီပါဝင်

**မန္တလေး အောက်တိုဘာ ၁၈**

မြင့်မားသောပစ္စယာငါးခုထက်တွင် ခေါင်းလောင်းပုံနှင့် သပိတ်မှောက်တင်ကာ ဖောင်းရစ်တက်၍ အထွတ်တင်တည်ထားသော အနော်ရထာမင်းကြီးကောင်းမှုရွှေဆံတော်စေတီသည် ယခုအခါ ပုဂံဘုရားများစွာရှိသည့်အနက် အပေါ်အထိတက်ခွင့်ရသော စေတီတစ်ဆူအဖြစ်တည်ရှိနေရာ နေဝင်နှင့် နေထွက် ပုဂံရှုခင်းကို ကြည့်ရှုလိုသူများဖြင့် နေ့စဉ် စည်ကားလျက်ရှိကြောင်း သိရသည်။

"ဗုဒ္ဓရဲ့ဆံတော်ဓာတ်ကို ဌာပနာတည်ထားခဲ့တဲ့ ရွှေဆံတော်စေတီကို ဘုရားတည်စဉ်က ပစ္စယာအဆင့်ဆင့်မှာ မဟာပိန္နဲနတ်ရုပ်တွေ ထုလုပ်ထားတဲ့အတွက် မဟာပိန္နဲလို့လည်း အမည်ကွဲနဲ့ခေါ်ဆိုကြပါတယ်၊ မြင့်မားတဲ့ပစ္စယာငါးဆင့်ရှိတဲ့အတွက် လေးဖက်မှာရှိတဲ့လှေကားတွေဟာ မတ်စောက်လှပါတယ်၊ အောက်ဆုံးပစ္စယာအဆုံးမှာ အုတ်ခိုဝင်္ကပါလိုဏ်ဂူနဲ့ တည်ဆောက်ထားပြီး အနောက်ဘက် ဒုတိယပစ္စယာ လှေကားမြောက်ဘက်အခြေမှာ အတွင်းအုတ်ခိုဝင်္ကပါလိုဏ်ကို ဆင်းဖို့အပေါက်ကျဉ်းတစ်ခုဖောက်ထားတာရှိပါတယ်" ဟု ဘုရားဂေါပကတစ်ဦးက ရှင်းပြသည်။

ရွှေဆံတော်စေတီကြီး၏အနောက်ဘက်တွင် အဝင်မုခ်သုံးခုရှိ ခေါင်ချွန်သေးရှည် အုတ်တိုက်တစ်ခုရှိပြီး အဆိုပါအုတ်တိုက်အတွင်း ပေ ၆၀ ခန့်ရှိ (၁၁)ရာစု ပရိနိဗ္ဗာန်ပြုနေဟန် ရုပ်ပွားဆင်းတုတော်ကြီးကို ထုလုပ်ထားရှိရာ ဆင်းတုကြီးကိုအစွဲပြု၍ ရွှေသာလျောင်းဘုရားဟု အမည်တွင်ကြောင်း သိရသည်။ လျောင်းတော်မူဆင်းတုကြီးကို အုတ်အင်္ဂတေဖြင့် ထုလုပ်ထားပြီး ပျူခေတ်လက်ရာကိုအခြေခံသော ပုဂံခေတ်ပြောင်းလက်ရာအဖြစ်တွေ့ရပြီး ပုဂံခေတ် မြန်မာကျောက်စာအချို့တွင် ထိုသို့သောလျောင်းတော်မူ ရုပ်ပွားဆင်းတုတော်များကို "တန်တိမ်ပုရှာ"ဟု ရေးထိုးခေါ်ဝေါ်ခဲ့ကြောင်း သိရသည်။

"ပုဂံကိုလာကြတဲ့ ပြည်ပဧည့်သည်တွေအပြင် ပြည်တွင်းက ဓာတ်ပုံဆရာတွေ၊ ဝါသနာရှင်တွေနဲ့ ခရီးသွားလေ့လာတာတွေကို စိတ်ဝင်စားတဲ့သူတွေဟာ ပုဂံရှုခင်းနဲ့ နေဝင်၊ နေထွက်ရှုခင်းတွေကို လာရောက်ကြည့်ရှုမှုဟာ အခုအခါမှာ အရင်ကထက်ပိုများလာပါတယ်"ဟု ဘုရားဂေါပကတစ်ဦးက ရှင်းပြသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# စည်းကမ်းလိုက်နာစေချင်

**ရန်ကုန် အောက်တိုဘာ ၁၈**

ယုဇနဥယျာဉ်မြို့တော်မှ စတင်ပြေးဆွဲလျက်ရှိသော (၅၆)ယာဉ်လိုင်းသည် ဗိုလ်တထောင်မြို့နယ် ကုန်သည်လမ်းအထိ သတ်မှတ်ထားသော်လည်း တချို့ယာဉ်များသည် မင်္ဂလာဈေးအထိသာ ပြေးဆွဲပြီး တချို့ယာဉ်များသည် ပုဇွန်တောင်ဈေးအထိသာ ပြေးဆွဲသည်ကို တွေ့ရသည်။ မော်တော်ယာဉ်ထိန်းသိမ်းရေးအနေဖြင့်လည်း ခရီးသွားပြည်သူများ ခရီးသွားလာရေးအဆင်ပြေစေရန် တိတိကျကျစည်းကမ်းထိန်းသိမ်းပေးစေလိုကြောင်း တင်ပြလိုက်ရပါသည်။ **(ကြေးမုံ)**

# တစ်ရက်လျှင် နှစ်ဒေါ်လာအောက်ဝင်ငွေရှိသူ ၂ ဒသမ ၄ ဘီလီယံရှိဟု ဘန်ကီမွန်း ပြောကြား

**မော်စကို အောက်တိုဘာ ၁၈**

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက နိုင်ငံတကာဆင်းရဲမွဲတေမှုပပျောက်ရေးနေ့တွင် ၂၀၀၈ခုနှစ် ဘဏ္ဍာရေးအကျပ်အတည်းပေါ်ပေါက်ခဲ့ပြီးနောက် တစ်ရက်လျှင် နှစ်ဒေါ်လာအောက် လျော့နည်းသောဝင်ငွေဖြင့် ဘဝရပ်တည်နေကြရသောလူသားအရေအတွက်သည် ခန့်မှန်းခြေ ၂ဒသမ ၄ ဘီလီယံရှိကြောင်း ပြောကြားခဲ့သည်။

ဖွံ့ဖြိုးဆဲဒေသများတွင် ၁ ဒသမ ၂၂ ဘီလီယံရှိသော လူဦးရေနှင့်ညီမျှသည့် ငါးဦးလျှင်တစ်ဦးသည် တစ်ရက်လျှင် ၁ ဒသမ ၂၅ ဒေါ်လာအောက်သာ ဝင်ငွေရှိပြီး နှစ်ဒေါ်လာအောက် ဝင်ငွေရှိသူဦးရေမှာ ၂ဒသမ ၄ ဘီလီယံရှိကြောင်း၊ ဘဏ္ဍာရေးပြဿနာ စတင်ပေါ်ပေါက်ကတည်းက ဝင်ငွေမညီမျှမှုသည် ယခင်ပြောကြားခဲ့သည်ထက် ပိုမိုကျယ်ပြန့်လာလျက်ရှိကြောင်း ဘန်၏ သောကြာနေ့ကြေညာချက်တွင် ဖော်ပြထားသည်။

ဆင်းရဲမွဲတေမှုအပေါ် ထောင်စုနှစ်ရည်မှန်းချက်များအနက် ရည်မှန်းချက်တစ်ခုကို ပြည့်မီခဲ့ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ သတ်မှတ်ကာလမပြည့်မီ ဆင်းရဲစွာနေထိုင်ကြရသောလူများ၏ အရေအတွက်အချိုးကို ထက်ဝက်လျှော့ချနိုင်ခြင်းအားဖြင့် ထောင်စုနှစ်ရည်မှန်းချက်ပြည့်မြောက်ခဲ့ကြောင်း၊ ၁၉၉၀နှင့် ၂၀၁၀ ပြည့်နှစ်ကြားတွင် အနည်းဆုံးလူဦးရေ သန်း ၇၀၀ ကို ဆင်းရဲတွင်းမှ ဆွဲထုတ်နိုင်ခဲ့ကြောင်း အတွင်းရေးမှူးချုပ်က ကြေညာသည်။

ဘန်က ၎င်း၏ ကြေညာချက်ကို ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအားလုံး စည်းလုံးညီညွတ်စွာဖြင့် ဆင်းရဲမွဲတေမှုကို တိုက်ဖျက်ကြရန် တိုက်တွန်းလျက်နိဂုံးချုပ်သည်။ အဖွဲ့ဝင်နိုင်ငံများအားလုံးသည် ဆင်းရဲမွဲတေမှုကို စုပေါင်းတိုက်ဖျက်၍ အားလုံးအတွက် ရေရှည်ငြိမ်းချမ်းသော၊ ဖွံ့ဖြိုးတိုးတက်သော၊ တရားမျှတသော အနာဂတ်တည်ထောင်ရန် တိုက်တွန်းကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုသည် လူနည်းစုအတွက်မဟုတ်ဘဲ အများအတွက်သာ ဖြစ်ရမည်ဖြစ်ကြောင်း ဖော်ပြသည်။

ဆင်းရဲမွဲတေမှုနှင့် ချို့တဲ့ခြင်းကို တိုက်ဖျက်ရန်လိုအပ်ကြောင်း သတိပေးသည့်အနေဖြင့် ၁၉၉၃ ခုနှစ်တွင် ကုလသမဂ္ဂအထွေထွေညီလာခံက ဆုံးဖြတ်ချက်ချပြီးနောက် “ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေးနိုင်ငံတကာနေ့” ကို ကျင်းပခဲ့ကြသည်။ **ဘီဘီစီ။**



ဘူကီနာဖာဆိုနိုင်ငံ အူယာဂါဒူဂူးမြို့ရှိ ဈေးတစ်ဈေးတွင် ဒေသခံပြည်သူများ ဈေးဝယ်ကြစဉ်။



ပြန်လည်လွတ်မြောက်လာသော ဂျာမန်နှစ်ဦးကို တာဝန်ရှိသူများနှင့်အတူ တွေ့ရစဉ်။

# ဖိလစ်ပိုင်၌ ပြန်ပေးဆွဲခံရသော ဂျာမန်နှစ်ဦး လွတ်လာပြီ

**ဘာလင် အောက်တိုဘာ ၁၈**

ဖိလစ်ပိုင်နိုင်ငံတွင် အယ်လ်ခိုင်ဒါအဖွဲ့နှင့် အဆက်အသွယ်ရှိသည့် အစ္စလာမ္မစ်စစ်သွေးကြွများက ခြောက်လကျော် ဖမ်းဆီးထားသော ဂျာမန်နှစ်ဦးမှာ လွတ်မြောက်လာပြီဖြစ်ကြောင်း ယနေ့ပီတီအိုင်သတင်းတွင် ဖော်ပြသည်။

အဘူဆေယက်ဗ်စစ်သွေးကြွများက စတီဖန်ဗစ်တာအိုကိုနက်နှင့် ၎င်း၏ မိတ်ဆွေ ဟင်းရစ်ဒိုင်အီလင်းတို့ကို ဖိလစ်ပိုင်နိုင်ငံ အနောက်ပိုင်း၌ ဧပြီလတွင် ပြန်ပေးဆွဲသွားခဲ့သည်။

ပြန်ပေးဆွဲသမားများက ပြန်ပေးရွေးငွေ ဒေါ်လာ ၅ဒသမ ၆သန်းပေးရန် နောက်ဆုံးအချိန်သတ်မှတ်ပေးထားသော အောက်တိုဘာ ၁၇ရက်မကုန်ဆုံးမီ အချိန်လေးတွင် ၎င်းတို့ကို လွှတ်ပေးခဲ့ခြင်းဖြစ်သည်။

၎င်းစစ်သွေးကြွအုပ်စုက အမေရိကန်ဦးဆောင်၍ ဆီးရီးယားနှင့် အီရတ်ရှိ အိုင်အက်စ်တို့ကို လေကြောင်းမှ တိုက်ခိုက်နေခြင်းအား ဂျာမနီက ထောက်ခံနေခြင်းကို ရုပ်သိမ်းရန် တောင်းဆိုပြီး ၎င်းတို့၏တောင်းဆိုချက်များကို လိုက်လျောခြင်းမရှိပါက အောက်တိုဘာ ၁၇ရက် ညနေတွင် ဓားစာခံတစ်ဦးကိုသတ်ဖြတ်မည်ဟု ခြိမ်းခြောက်ခဲ့သည်။

အိုကိုနက်(၇၂နှစ်)နှင့် ဒိုင်အီလင်း(၅၅နှစ်)တို့သည် ပြန်ပေးသမားများ၏ လက်ဝယ်တွင် မရှိတော့ကြောင်း၊ မနီလာမြို့ရှိ ဂျာမန်သံရုံး၏ ပြုစုစောင့်ရှောက်မှုအောက်တွင် ရှိကြောင်း ဂျာမနီနိုင်ငံခြားရေးဝန်ကြီးဌာနက အတည်ပြုပြောကြားသည်။ **ဘီဘီစီ။**

# နီပေါ၌ တောင်တက်သမားများအတွက် ရာသီဥတု ကြိုတင်သတိပေးစနစ် အသုံးပြုမည်

**ခတ္တမန္ဒူ အောက်တိုဘာ ၁၈**

နီပေါနိုင်ငံအလယ်ပိုင်း အင်နာပူရ်နာ တောင်တက်လမ်းတစ်လျှောက် ဆီးနှင်းမုန်တိုင်းတိုက်ခတ်ခြင်းနှင့် ဆီးနှင်းခဲပြိုကျခြင်း ဖြစ်ရပ် ပေါ်ပေါက်ခဲ့ပြီးနောက် ရာသီဥတုဆိုင်ရာ ကြိုတင်သတိပေးရေးစနစ်တစ်ရပ်ကို အသုံးပြုသွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ဆူရှီးလ်ကွိုင်ရာလာက ထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

ဟိမဝန္တာတောင်တန်းဒေသ၌ ဖြစ်ပွားသော သဘာဝဘေးအန္တရာယ်များအနက် အဆိုးရွားဆုံး ဘေးအန္တရာယ်တစ်ရပ်ဖြစ်သည့် ယင်းဖြစ်ရပ်တွင် ခြေလျင်နှင့် တောင်တက်ခရီးကြမ်းနှင်သူ ၃၉ဦးထက်မနည်း သေဆုံးခဲ့ရပြီး အများအပြား ပျောက်ဆုံးနေဆဲဖြစ်သည်။ ကယ်ဆယ်ရေးအဖွဲ့များက တောင်တက်သမား ၂၈၉ ဦးကို ကယ်တင်ပေးနိုင်ခဲ့သည်။ ပိတ်မိနေသူများကို ကယ်တင်ရန် ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိကြောင်း အစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။



တောင်တက်သမားများအား ကယ်ဆယ်ရေးလုပ်ငန်းတွင် နီပေါတပ်မတော်သားများ ပါဝင်ဆောင်ရွက်ကြစဉ်။

အမြင့်မီတာ ၅၇၉၀(ပေပေါင်း ၁၉၀၀၀) အထိ မြင့်မားသော အရပ်ဒေသများအထိ ကယ်ဆယ်ရေးရဟတ်ယာဉ်များ ဝဲပျံကာ ဆီးနှင်းဖုံးလွှမ်းနေသည့် နယ်မြေများတွင် ပိုက်စိပ်တိုက်ရှာဖွေလျက်ရှိကြောင်း ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားသည်

**တွေ့ကြုံစေနိုင်**

တောင်တက်ခရီးသွားလာသူ ခရီးသည်များသည် ကိရိယာတန်ဆာပလာများ ပြည့်စုံစွာမပါရှိဘဲ ခရီးသွားလုပ်ငန်းကုမ္ပဏီများ၏ အစီအစဉ်များဖြင့် ခရီးသွားလာနေကြကြောင်း၊ မိုးလေဝသဆိုင်ရာ သတိပေးချက်များကို အချိန်မီ မရရှိနိုင်ခြင်းသည် တောင်ပေါ်၌ ရောက်ရှိနေသူများအတွက် မျှော်လင့်မထားသော ဘေးဥပဒ်များနှင့် တွေ့ကြုံစေနိုင်ကြောင်း၊ သို့ဖြစ်၍ တောင်တက်ခရီးသည်များအတွက် ရာသီဥတုဆိုင်ရာ ကြိုတင်သတိပေးရေးစနစ်ကို ဝန်ဆောင်ပေးမည်ဖြစ်ကြောင်း နီပေါဝန်ကြီးချုပ်၏ ကြေညာချက်တွင် ဖော်ပြသည်။ **ရိုက်တာ။**

# မောင်းသူမဲ့လေယာဉ်ထောက်ပံ့ပေးရေး ရာသီဥတုအပေါ် မှီတည်နေ

**ဘာလင် အောက်တိုဘာ ၁၈**

ယူကရိန်း-ရုရှားနယ်စပ်ဒေသ၌ စစ်ရေးလှုပ်ရှားမှုများအား လေ့လာစောင့်ကြည့်ရာတွင် အသုံးပြုမည့် မောင်းသူမဲ့လေယာဉ်များကို ထောက်ပံ့ပေးရန် ဂျာမနီနိုင်ငံက ကတိပြုခဲ့သော်လည်း ဆောင်းဥတု ရေခဲမှတ်အောက် အပူချိန်အတွင်း မောင်းသူမဲ့လေယာဉ်များကို အသုံးပြုနိုင်မည်မဟုတ်သဖြင့် ကတိအတိုင်း ဆောင်ရွက်ပေးနိုင်ဖွယ် မရှိကြောင်း ပါလီမန်အမတ်တစ်ဦးက အောက်တိုဘာ ၁၈ ရက်တွင် ပြောကြားလိုက်သည်။

လူနာဟုအမည်ပေးထားသော ထောက်လှမ်းရေး မောင်းသူမဲ့လေယာဉ်သည် အပူချိန် အနုတ် ၁၉ ဒီဂရီစင်တီဂရိတ် (အနုတ် ၂ ဒီဂရီဖာရင်ဟိုက်) ရှိချိန်တွင် ပျံသန်းနိုင်ခြင်း မရှိကြောင်း ပါလီမန်အမတ်တစ်ဦးဖြစ်သူ ဂါနော့အာလာက ဘစ်အမည်ရှိ သတင်းစာသို့ ပြောကြားသည်။

**ကမ်းလှမ်းခဲ့**

ဂျာမနီနိုင်ငံသည် ပြင်သစ်နှင့် ဩစတြီးယားနိုင်ငံတို့နှင့်အတူ ယူကရိန်းနိုင်ငံအရှေ့ပိုင်းနယ်စပ်ဒေသ၌ စစ်ရေးလှုပ်ရှားမှုများကို လေ့လာစောင့်ကြည့်ရေးအတွက် ဥရောပလုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (အိုအက်စ်စီအီး) သို့ မောင်းသူမဲ့လေယာဉ်များကို ထောက်ပံ့ပေးရန် ကမ်းလှမ်းခဲ့သည်။

စစ်ရေးလှုပ်ရှားမှုကို လေ့လာစောင့်ကြည့်မည့်ဒေသ၌ မောင်းသူမဲ့လေယာဉ် ပျံသန်းမည့် အမြင့်မီတာ ၃၀၀၀ အထက်နေရာတွင် အပူချိန်မှာ အမြဲတစေ ထိုးကျနေလေ့ရှိကြောင်း ဂါနော့အာလာက ပြောကြားသည်။ **ရိုက်တာ။**

# ဘိုကိုဟာရမ်အဖွဲ့နှင့် အပစ်ရပ်ရေးသဘောတူ ဓားစာခံကျောင်းသူများ လွတ်မြောက်တော့မည်

**လေဂို့စ် အောက်တိုဘာ ၁၈**

နိုင်ဂျီးရီးယားနိုင်ငံမှ ဘိုကိုဟာရမ်စစ်သွေးကြွအဖွဲ့နှင့် အစိုးရတပ်ဖွဲ့များအကြား အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်တစ်ရပ်ကို ရရှိခဲ့သည်။ ယင်းသဘောတူညီချက်အရ ဘိုကိုဟာရမ်အဖွဲ့က ဖမ်းဆီးထားခဲ့သော ကျောင်းသူများကို ပြန်လည် လွှတ်ပေးမည်ဖြစ်ကြောင်း နိုင်ဂျီးရီးယားအစိုးရစစ်ဘက်က အောက်တိုဘာ ၁၈ရက်တွင် ပြောကြားသည်။

ဘိုကိုဟာရမ်အဖွဲ့နှင့် အပစ်အခတ်ရပ်စဲမည်ဖြစ်ကြောင်း နိုင်ဂျီးရီးယားလက်နက်ကိုင်တပ်ဖွဲ့အကြီးအကဲ အဲလက်စ်ဘာဒက်က ထုတ်ပြန်သောကြေညာချက်တွင် ဖော်ပြသည်။

လွန်ခဲ့သည့်ခြောက်လခန့်က နိုင်ဂျီးရီးယားနိုင်ငံအရှေ့မြောက်ပိုင်း၌ ကျောင်းသူ ၂၀၀ ကျော်ကို ဘိုကိုဟာရမ်စစ်သွေးကြွအဖွဲ့က ဓားစာခံများအဖြစ် ဖမ်းဆီးခဲ့ရာ ယင်းအဖွဲ့၏ လုပ်ရပ်ကို ကမ္ဘာ့နိုင်ငံများက ဒေါသတကြီးရှုတ်ချခဲ့ကြသည်။ **ရိုက်တာ။**

ပြည်တွင်းရေးရာ



ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့် Master Sports ဖိနပ်စက်ရုံမှ နစ်နာကြေးထုတ်ပေးနေမှုအား ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# လှိုင်သာယာစက်မှုဇုန်ရှိ Master Sports ဖိနပ်စက်ရုံမှ အလုပ်သမားများအား လုပ်ခလစာနှင့် နစ်နာကြေးထုတ်ပေး

**နေပြည်တော် အောက်တိုဘာ ၁၈**

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်သည် အောက်တိုဘာ ၁၇ ရက်တွင် လှိုင်သာယာစက်မှုဇုန် ကနောင်ခန်းမ၌ ကျင်းပသည့် Master Sports ဖိနပ်စက်ရုံမှ အလုပ်သမား ၇၅၇ ဦး၏ ၂၀၁၄ ခုနှစ် ဇွန်လအတွက် လုပ်ခလစာနှင့် ဥပဒေနှင့်အညီ ခံစားခွင့်ပေးအပ်ရမည့် စက်ရုံပိတ်နစ်နာကြေးပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အလုပ်သမား ၆၉၉ ဦး၏ လုပ်ခလစာနှင့် နစ်နာကြေးများကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားရေးရာဝန်ကြီးက အလုပ်သမား ၅၈ ဦး၏နစ်နာကြေးများကို လည်းကောင်း အသီးသီးပေးအပ်ခဲ့ပြီး လှိုင်သာယာစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်သင်းအောင်နှင့် Master Sports ဖိနပ်စက်ရုံ အလုပ်သမားများကိုယ်စား ဦးထွန်းထွန်းနိုင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အဆိုပါ အခမ်းအနားတွင် Master Sports ဖိနပ်စက်ရုံမှ အလုပ်သမားများ၏ လုပ်ခလစာနှင့် စက်ရုံပိတ် နစ်နာကြေးများကို တစ်ဦးချင်းစီပေးအပ်ခဲ့ရာ စုစုပေါင်း အလုပ်သမား ၇၅၇ ဦးအတွက် လုပ်ခလစာနှင့် စက်ရုံပိတ်နစ်နာကြေး ၂၁၄၅၄၈၃၇၆ ကျပ် ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန အမှတ်တံဆိပ်(Logo) ပြိုင်ပွဲဝင်များ ထပ်မံဖိတ်ခေါ်

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန (Ministry of Livestock, Fisheries and Rural Development)၏ မူဝါဒအား ပြည့်ပြည့်ဝဝ ဖော်ဆောင်နိုင်မည့် အမှတ်တံဆိပ်(Logo) ပြိုင်ပွဲကို (၁၉-၁၀-၂၀၁၃)ရက်နေ့တွင် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့တွင်ဖိတ်ခေါ်ခဲ့ပြီး ဝန်ကြီးဌာန အမှတ်တံဆိပ်(Logo) ရွေးချယ်ရေးအတွက် ဆောင်ရွက်ခဲ့ရာ ပေးပို့ခဲ့သော(Logo)များမှာ ဝန်ကြီးဌာန၏ မူဝါဒအား ပြည့်စုံစွာ ဖော်ပြရေးဆွဲနိုင်မှု အားနည်းသဖြင့် ဝန်ကြီးဌာန အမှတ်တံဆိပ်(Logo) ရွေးချယ်ရန်အတွက် မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ရန် ထပ်မံဖိတ်ခေါ်သည်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန လက်အောက်တွင် အောက်ဖော်ပြပါ ဌာနများနှင့် တက္ကသိုလ်တို့ ပါဝင်ဖွဲ့စည်းထားသည်-

(က) မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးညွှန်ကြားမှုဦးစီးဌာန
(ခ) မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
(ဂ) ငါးလုပ်ငန်းဦးစီးဌာန
(ဃ) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
(င) မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်

ဝန်ကြီးဌာန အနေဖြင့် သားငါးကဏ္ဍစားနပ်ရိက္ခာဖူလုံရေး၊ အစားအစာဘေးကင်းမှုရှိစေရေးနှင့် ကျေးလက်ဒေသစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရန် မူဝါဒချမှတ်ထားပြီး သားငါးကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးလာစေရန်၊ ကျေးလက်ဒေသများ ဖွံ့ဖြိုးလာစေရန်၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးမြင့်မားစေရန်နှင့် မြို့ပြ ကျေးလက်ဖွံ့ဖြိုးမှုကွာဟချက်များ ကျဉ်းမြောင်းလာစေရန် မျှော်မှန်းဆောင်ရွက်လျက်ရှိသည်။

အမှတ်တံဆိပ်(Logo)တွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန လက်အောက်ရှိ ဦးစီးဌာနများ၊ တက္ကသိုလ်များ ပါဝင်ဖွဲ့စည်းထားရှိမှုနှင့် ဝန်ကြီးဌာန၏မူဝါဒ၊ မျှော်မှန်းချက်များကို ဖော်ညွှန်းသည့် ရေးဆွဲချက်ဖြစ်ရန်လိုအပ်ပြီး တိရစ္ဆာန်ပုံများ၊ ယာဉ်စက်ယန္တရားပုံများ ထည့်သွင်းရေးဆွဲခြင်းမပြုရ၊ အနီရောင်ကိုလည်း ထည့်သွင်းရေးဆွဲခြင်းမပြုရ။ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိခိုက်စေနိုင်သော အခြားအဖွဲ့အစည်းများ၏ တံဆိပ်များ၊ အမှတ်အသားများ၊ ဘာသာရေးဆိုင်ရာတံဆိပ်များ၊ အမှတ်အသားများ မပါရှိစေရ။ ကိုယ်တိုင်ရေးဆွဲသော(Logo) ဖြစ်ရပါမည်။ ပြိုင်ပွဲဝင်မည့်(Logo)များသည် မည်သည့်ပြိုင်ပွဲတွင်မှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်း မရှိရ။ တစ်ဦးလျှင် အများဆုံး ငါးခုထိ ရေးဆွဲပေးပို့နိုင်သည်။

ရွေးချယ်ခံရသော(Logo)များသည် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ မူပိုင်ဖြစ်ပြီး ဝန်ကြီးဌာနအား ကိုယ်စားပြု သတ်မှတ်အသုံးပြုဆောင်ရွက်သည့် လုပ်ငန်းကိစ္စအဝဝတွင် အသုံးပြုခွင့်ရှိသည်။ မိမိရေးဆွဲထားသော ပန်းချီကား Graphic Design နှင့် Soft Copy (CD) များကို ကိုယ်တိုင်ရေးဆွဲထားသော ဝန်ခံချက်၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံတို့အား လူကိုယ်တိုင်လာရောက်ပေးပို့၍ဖြစ်စေ၊ ရာသီဥတုကြောင့် မပျက်စီးစေရန် လုံခြုံစွာ ထုပ်ပိုးထားသော အမြန်ချောပို့စနစ်ဖြင့်ဖြစ်စေ ရုံးအဖွဲ့မှူး၊ ဝန်ကြီးရုံး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၃၆)၊ နေပြည်တော်သို့ ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့ ညနေ ၄ နာရီခွဲအချိန်နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ရွေးချယ်ခြင်းခံရသူကို ဆုကြေးငွေ ကျပ် ၁၀ သိန်း ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



# ကုန်တင်ယာဉ်ကြီးများဖြင့် ပြည့်ကျပ်နေသည့်ကမ်းနားလမ်း

**ရန်ကုန် အောက်တိုဘာ ၁၈**

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ်နှင့် အလုံမြို့နယ် ကမ်းနားလမ်းတစ်လျှောက်တွင် အောက်တိုဘာ ၁၄ ရက် မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီခွဲအထိ ကွန်တိန်နာယာဉ်ကြီးများဖြင့် လမ်းများပိတ်ဆို့နေသည်မှာ အလုံဆင်မင်းလမ်းမှ ကြည့်မြင်တိုင် ဟံသာဝတီလမ်းအထိ ကားများတိုးမပေါက်သလို လိုင်းကားများဖြင့် ခရီးသွားသူများ၊ အငှားယာဉ်များဖြင့် ခရီးသွားသူများ အကျပ်အတည်းနှင့် ရင်ဆိုင်ခဲ့ရကြောင်း၊ ခရီးသွားသူများထဲမှ တစ်ဦးက "ဒီလောက်ကားတွေပိတ်ဆို့နေတာ ဘယ်လိုရှင်းအောင်လုပ်ကြမှာလဲ၊ အရေးပေါ်လူနာတင်ယာဉ်တောင်ထွက်မရတဲ့အတွက် ကွန်တိန်နာယာဉ်ကြီးများပိတ်ဆို့နေခြင်းအား သက်ဆိုင်ရာမှ ဖြေရှင်းပေးစေလိုကြောင်း" ပြောကြားသည်။

**(ရွှေတိုင်လွင်)**

# ကျောက်ပန်းတောင်းမြို့နယ်တွင် နှစ်လခွဲအတွင်း စည်းကမ်းမဲ့ဆိုင်ကယ် ၁၁၃၄ စီး အရေးယူ

**ကျောက်ပန်းတောင်း အောက်တိုဘာ ၁၈**

လမ်းအသုံးပြုသူများ စည်းကမ်းတကျ အသုံးပြုတတ်စေရန်နှင့် ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရန်အတွက် စည်းကမ်းမဲ့ မော်တော်ဆိုင်ကယ် ဖမ်းဆီးအရေးယူခြင်းလုပ်ငန်းများကို တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ကျောက်ပန်းတောင်းမြို့နယ်တွင် ဩဂုတ် ၁ ရက်မှ အောက်တိုဘာ ၁၆ ရက်အထိ ဖမ်းဆီးစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နှစ်လခွဲအတွင်း စည်းကမ်းမဲ့မော်တော်ဆိုင်ကယ်ပေါင်း ၁၁၃၄ စီးရှိခဲ့ပြီး ရရှိခဲ့သော ဒဏ်ကြေးငွေစုစုပေါင်းမှာ ငွေကျပ် ၃၃၆၇၉၈၀၀ ဖြစ်ကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် ၂၀၁၄ခုနှစ် ဧပြီလမှ ဇူလိုင်လအထိ စည်းကမ်းမဲ့ မော်တော်ဆိုင်ကယ်များအား အပတ်စဉ်ဖမ်းဆီး၍ ပညာပေးခြင်း၊ ဆွေးနွေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့သည်။ မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန၏လမ်းညွှန်မှုဖြင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီက အနီးကပ်ကြီးကြပ်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁ရက်မှစတင်ပြီး စီမံချက်ကာလသတ်မှတ်ကာ မော်တော်ဆိုင်ကယ် ဦးထုပ်မဆောင်းသူများ၊ ဦးထုပ်ပါသော်လည်း မေးသိုင်းကြိုးမတပ်ဆင်သူများ၊ ဆိုင်ကယ်ပေါ်တွင် နှစ်ဦးထက်ပိုမိုတင်ဆောင် မောင်းနှင်သူများ၊ လမ်းပြောင်းပြန်စီးနင်းသူများနှင့် အိတ်ဇောပြောင်းဆိုင်ကယ်များအား ဖမ်းဆီးအရေးယူခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိသော စည်းကမ်းမဲ့ဆိုင်ကယ်များအား တိုင်းဒေသကြီးစည်ပင်သာယာ ဥပဒေ ပုဒ်မ-၉၁အရ တရားစွဲဆိုတင်ပို့ပြီး အနည်းဆုံးဒဏ်ကြေးငွေ ကျပ်သုံးသောင်းပေးဆောင်ရကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**


ဆုပြည့် ကားမျိုးစုံစီးလုံးငှားသည်
ကျိုက်ထီးရိုး(ငြိမ်း)- ၃၅၀၀၀
ချောင်းသာ (ငြိမ်း)- ၄၀၀၀၀
ငွေဆောင် (ငြိမ်း)- ၅၀၀၀၀
6+1 FREE
0931815390,0931815395

ပန်းဧကရီ အဆင့်မြင့်ခရီးသွားလုပ်ငန်း
တောင်ကြီး၊ မီးပုံးပျံပွဲ Oct 31 , Nov 2,4
ပြင်ဦးလွင် မီးပုံးပျံပွဲ Nov 2,4
ပုပ္ပါး ပုဂံ (ရွှေတော်လေးဆူ) Oct 24, 31,Nov 7
ငြိမ်း၊ အဝေးတော်ဆောင် Oct 25,Nov 1,8
ဆောင်ဝဲ၊ သံတောင် Oct 25,Nov 1,8
09-73098523,09-49327409,09-254268089
(Group Package များကို အထူးစီစဉ်ပေးသည်။)






ရွှေယုန်မင်း
အမှတ်တံဆိပ်
အနာလိမ်းဆေး
ပျောက်ကင်းနိုင်သောအနာများ
အနာပဆုတ်ခူနာ၊ နို့နာ၊ ကိန္နရာနာ၊ ပါးပေါက်နာ၊ မွေးကျွတ်နာ၊ သွေးစုနာ၊ အနာစာဥ၊ ဝက်ခြံများ၊ သက်တန့်နာ၊ သံစူး၊ ငါးစူး၊ အနာဟောင်း၊ အနာဆွေးများ၊ လက်စွယ်ခြေစွယ်ငုတ်များ၊ အံဆုံးပေါက်နာများ ခွေးကြောင်ကိုက်နာများကိုသက်သာ ပျောက်ကင်းစေသည်။

ရွှေယုန်မင်း
အမှတ်တံဆိပ်
သွေးဆေး
ပျောက်ကင်းနိုင်သောရောဂါများ
ဓမ္မတာမမှန်ခြင်း၊ ထိပ်ကျန်နည်းခြင်း၊ ငုပ်ခြင်း၊ ယားယံခြင်း၊ အရေပြားပေါ်တွင် ဖြူ၊ နီ၊ ညို၊ အကွက်များဖြစ်ခြင်း၊ အမည်းကွက်များဖြစ်ခြင်း အသားအရည်ညစ်ခြင်း၊ မီးယပ်ဝမ်းသွားခြင်း၊ မီးဖွားပြီး သွေးသားမသန့်စင်ခြင်း၊ တို့အတွက် သုံးစွဲနိုင်ပါသည်။
အမှတ်(၂၈-၂၉)၊ ပိုလ်တေဇလမ်း၊ (၁၆) ရပ်ကွက်၊ ရွှေပေါက်ကံမြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။ ☎ ၀၁ ၆၉၅၈၁၆၊ ၀၉ ၅၀၂၁၃၇၁



တန်ဖိုးရှိလှ လူငယ်ဘဝ
မူးယစ်ကင်းစင်ကျန်းမာမှ

# ကြည့်ပျော်ရှုပျော်

သံပျင်ကြည်

ရုံးတွင်အလုပ်လုပ်နေစဉ် မနေ့ကဖြစ်သည်။ သမီးက message ပို့လာသည်။ 'Dad, I'm gonna to watch movie with Ma Win Khine at Junction Sq this evening. I just wanna take a rest for a while. That's why, I just let you know and wanna take permission to go there.' သူက ဆေးကျောင်းသူ၊ နောက်ဆုံးနှစ်အပိုင်း(ခ)။ လာမည့် တနင်္လာနေ့နဲ့ သောကြာမှ ခွဲစိတ်ဘာသာရပ်အတွက် ရေးဖြေနဲ့ လူနာစစ်ဆေးစမ်းသပ်ဘာသာတွေကို ဖြေရမယ်။ စာတွေကျက်နေတာ ည ၁ နာရီကျော်ထိပေါ့။ ညစ်လာလို့ထင်ရဲ့၊ စိတ်အပန်းပြေအောင်၊ မွမ်းကျပ်တာတွေလျှော့အောင် ရုပ်ရှင်ကြည့်ဖို့ အဖေသဘောတူခွင့်ပြုချက်တောင်းတာပေါ့။ ကျွန်တော်က အိမ်ကို ၆ နာရီကျော်မှရောက်နေကျမို့ပါ။ ခွင့်ပြုချက်သာတောင်းတာ သူ့မက်ဆေ့ချ်အစမှာကတည်းက သွားမယ်ဆိုတာရေးထားပြီးသား။ အသိပေးရုံသက်သက်ပေါ့။ သိပ်မဆိုးသေးဘူးနော့။ ပြောမသွားတာထက်စာရင်။

သူ့စာအရ ကျွန်တော်ပြောချင်တာက ရုပ်ရှင်ဆိုတာ စိတ်အပန်းဖြေဖို့လို့ သူတို့နားလည်ထားတယ်။ အပြင်သွားရင် အထူးသဖြင့် public areas တွေ သွားရင် အဖော်နဲ့သွားရမယ်။ လူကြီးဆီက ခွင့်တောင်းရမယ်ဆိုတာ သူနားလည်တယ်ဆိုတာပါပဲ။ OK. No objection. Better secks. Mum's permission. Keep on moving လို့ message ပြန်ပို့လိုက်တယ်။

အချိန်ကလည်း ညနေ ၄ နာရီလောက်ရှိပြီ။ တစ်နေ့လုံးရုံးစာဖတ်၊ ဖုန်းဆက်၊ လုပ်နေရတာငြီးနေပြီ။ ငါလည်း ခဏနားဦးမှ။ fb(facebook) ဝင်မလား။ တော်ပါပြီ။ ငါ့သမီးဘာရုပ်ရှင်သွားကြည့်မှာပါလိမ့်။ ငါတို့ငယ်ငယ်တုန်းက ဘာရုပ်ရှင်(ဘိုင်စကုပ်)တွေ ကြည့်ဖူးတာလဲ။ စိတ်က လည်သွားတယ်။ ငယ်ငယ်တုန်းက ကြည့်ခဲ့ရတဲ့ ရုပ်ရှင်ရုံတွေ၊ ကားတွေ အတွေးထဲမှာ ပြန်ပုံပေါ်လာတယ်။

ငယ်မွေးခြံပေါက် ရန်ကုန်သားစစ်စစ်။ စမ်းချောင်းမြို့နယ် မြေနီကုန်းက ကျောင်းလမ်းမှာ ချက်မြှုပ်တဲ့သူပေါ့၊ ကျွန်တော်ကလေ။ ကျွန်တော်မွေးတဲ့အိမ်နဲ့ နှစ်မိနစ်လောက်လျှောက်ရင် ရုပ်ရှင်ရုံတွေကိုရောက်ပြီ။ သည်ဘက်မှာ တပင်ရွှေထီးရုပ်ရှင်ရုံ။ သူ့မျက်နှာချင်းဆိုင်မှာ ဆန်းသီရိ၊ ဆန်းသီရိနဲ့ တစ်ခြမ်းတည်း သူ့နောက်ဘက်မှာ ရွှေမန်း။ ပိုင်ရှင်က ဦးသက်တင်။ ရွှေမန်းဦးသက်တင်။ ကျွန်တော့်အဘိုးဆီမှာ အကျီအပ်နေကျမို့သိတာ။ တပင်ရွှေထီးနဲ့ တစ်ခြမ်းတည်း၊ အခုခုံးကျော်တံတားဆောက်နေတဲ့နေရာမှာက ရတနာပုံ။

ဟာသကားပေါ့။ စံရှားဒိန်းဒေါင်။ ပင်လယ်ဓားပြကားလေ။ ရော်ဘင်ဆင်ကရူးဆိုးထက် စောမလားလို့တောင်ထင်တယ်။ သုတေသီမဟုတ်လို့ မှားရင်ခွင့်လွှတ်ပါ။ သေချာတာက နိုင်ငံခြားကား။ အဲသည်ကားနာမည်လည်း မေ့တယ်။ courier services က သူ့ငွေ။ Tom Hank က မင်းသားလေ။ သူသင်္ဘောပျက်။ ကျွန်းပေါ်ရောက်။ တစ်ယောက်တည်း ရှန်းကန်၊ ကျွန်းပေါ် သွားရင်းလာရင်း ရှာတွေ့တဲ့ သင်္ဘောပျက်ကပစ္စည်း။ ဘောလုံးကို လူမျက်နှာပုံ အရုပ်ဆွဲ။ အဖော်လုပ်နေရတဲ့ကားထက်တော့ စောတယ်။ ကျွန်တော်တို့ မြန်မာကားလည်း ခေတ်မီခဲ့တယ်ဆိုတာပြောချင်တာပါ။ ဟာသ သရုပ်ဆောင် ဦးသန်းနွဲ့၊ ကြာဖံအုန်းမောင် ဟာသတော်သလို ခြောက်လုံးပတ်တီးတာလည်း

**ရောမမြို့ကို တစ်ရက်တည်းနဲ့ ဆောက်ခဲ့တာမဟုတ်ဘူးလို့ပြောကြတယ်။ ကျွန်တော်တို့ရဲ့ဖန်တီးမှု ရုပ်ရှင်အနုပညာကိုလည်း အချိန်တိုတိုနဲ့အောင်မြင်အောင်လုပ်ခဲ့တာမဟုတ်ပါဘူး။ ၁၉၃၀ ခုနှစ် လောက်ကတည်းက ရှေးလူကြီးသူမများက ဝါယမစိုက်သွားတာပါ။ အောင်လံလွှင့်ထူခဲ့တာပါ။ ကျွန်တော်တို့က အဲဒီအလံကို အုတ်ခုံပေါ်မှာ အခိုင်အခံ့ထပ်တင်ပေးဖို့ပဲလိုတာပါ။ ကျွန်တော် တို့ဆိုတာ ပရိသတ်၊ အနုပညာရှင်များ၊ ထုတ်လုပ်သူ(ငွေကြေးစိုက်သူ)များ၊ ရုပ်ရှင်ရုံပိုင်ရှင်များနဲ့ ပတ်သက်သူတွေအားလုံး၊ ဌာနဆိုင်ရာလည်း ပါသပေါ့။ ဝိုင်းလုပ်မှရမှာ၊ ညီညွတ်မှရမှာ၊ သူပြောလူပြော၊ သူကိုယ့်ကိုပြော၊ ကိုယ့်ကိုသူလက်ညှိုးထိုးနေရမယ့်ခေတ်က ကုန်ခဲ့ပြီ။**

ဆရာကြီးပဲ။ မယုံရင် MRTV က ၁၉၈၀-၁၉၉၀ လောက်ကရိုက်ထားတဲ့ လွှင့်ထားတဲ့သီချင်းတွေပြန်ကြည့်ပါ။ ခြောက်လုံးပတ်ကို တို့ကာဆိတ်ကာ တီးနေတာသူပဲ။ အဓိကသရုပ်ဆောင်တွေပေါ့။ ဇာတ်ကျောရိုးကလည်း ရိုးရိုးလေးပဲ။ သင်္ဘောပျက်တယ်။ ကျွန်းပေါ်ရောက်တယ်။ Stranded ဖြစ်တယ်။ သောင်ပြင်ပေါ်ရောက်တယ်လို့ ဘာသာပြန်ရမယ်ထင်တယ်။ လူရိုင်းတွေတွေ့တယ်။ ပင်လယ်ဓားပြတွေတွေ့တယ်။ နောက်ဆုံးလွတ်မြောက်တယ်။ ဒါပါပဲ။ သို့သော် survivalo of the fittest ပတ်ဝန်းကျင်နဲ့ သဟဇာတဖြစ်အောင်၊ အသက်ရှင်ရပ်တည်နိုင်အောင် ကြိုးစားရတာကို ပြတယ်။ အသောအရွှန်းနဲ့ပြတာပါပဲ။ မင်းသားမင်းသမီးကလည်း ခေါင်(ဒင်)တွေမပါ။ လူရွှင်တော်တွေချည်းပဲ။ ကျွန်းတစ်ကျွန်းရဲ့အလှကို တွေ့ရတယ်ဗျာ။ ပင်လယ်ပြင်ကို လှလှပပတွေ့ရတယ်ဗျာ။ အပန်းပြေ၊ စိတ်ရွှင်၊ ဗဟုသုတ ရပေါ့။ ဟုတ်ကလား။ အုန်းသီးနဲ့ ဗုံးသီးလုပ်တယ်ဗျာ။ ဗုံးသီးနဲ့ပင်လယ်ဓားပြတွေကို ခံချတယ်ဗျာ။ စနက်တံမပေါက်တာ၊ ပေါက်ခါနီးတာ။ အသည်းယားအောင်ကိုရယ်ရတယ်။ သဘာဝကျကျရယ်ရတယ်။ ဘာပြောမလည်း။ ဦးစံရှား ဆေးတံထဲမှာ ငါးတစ်ကောင်မိနေတယ်ဗျာ။ ရယ်ရတာပဲ။ ဦးမြင့်ဖေဗျာ။ ခေါင်းကို ဖြူ/နက် တစ်ခြမ်းစီဆေးဆိုးထားတယ်။ မြင်ရတာနဲ့ကို ရယ်ချင်တယ်။ ဘာမှမပါ။ အဖြူထည်သက်သက်ကို စိတ်ကိုပျော်နေစေတယ်။ အမေ၊ သား၊ အဖေ၊ သမီးမကလို့ ယောက္ခမနဲ့ပါတွဲကြည့်။ အဟိပဲ။

မင်းသမီးက ဒေါ်ပုလဲထင်တယ်။ (မှားရင်ပြင်ပေး။ ပြင်ဖတ်ပါ) သူ့နာမည်က "ခင်"။ ဘယ်လောက်ကောင်းလည်း။ လူရိုင်းမင်းသမီးလိုဝတ်တာလည်း မရိုင်းဘူး။ သူ့အလှလည်း ပေါ်တယ်။ (နာမည်သာမေ့တာ။ ဒါကတော့ မှတ်မိတယ်။ အဲဒါသာကြည့်။ ရုပ်ရှင်အတတ်နဲ့ ဖမ်းစားတာပြောတာ) ဖိုက်တင်ကလည်းရယ်စရာပဲ။ ဓားနဲ့ခုတ်ခန်း။ ပင်လယ်ဓားပြတွေကလည်း ရယ်စရာပဲ။ သို့ပေမယ့် ပီပြင်တယ်။ တပင်ရွှေထီးဝက်ဝက်ကွဲ။ ရုံပြည့်။ house full။ တစ်ရုံလုံး မပြုံးဘဲ ဝါးလုံးကွဲရယ်ကြစမ်း။

မင်းသားကြီး ဦးဝင်းဦး။ ဆောင်းအိပ်မက်။ မင်းသမင်းကြီးဒေါ်အေးအေးသင်း။ ဘယ်လောက်ပီပြင်လဲ။ စိတ်ရောဂါကိုရိုက်ပြတာ။ သဘာဝကျချက်နော်။ ဝင်းဦးက ပန်းချီဆွဲတာ။ ဝင်းဦးနောက်တစ်ကိုယ်ခွဲက ဆေးကုတာ။ ညီအစ်ကိုချင်းမေတ္တာ။ လေ့လှော်ရင်းကန်ထဲမှာ သီချင်းဆိုတာ။ မပြီးသေးသော ပန်းချီကားသီချင်း။ ခုထိဆိုနေကြရတုန်းမို့လား။ ဒေါ်အေးအေးသင်းသရုပ်ဆောင်တာ။ အေးအေးသင်းကို သတ်ပစ်တာ။ ကျောက်တလားထဲမှာ ထည့်ထားတာ။ တလားကိုဖွင့်၊ ပဝါစကိုဆွဲအထုတ်မှာ အေးအေးသင်းရဲ့ လက်ပေါ်အလာ။ တစ်ရုံလုံးအော်လိုက်တာ။ ကြောက်လို့လေ။ ရုံပွင့်အောင်အော်တာ။ တကယ် သဘာဝကျတဲ့ရိုက်ချက်။ တကယ်တော်တဲ့ ဒါရိုက်တာ။ တကယ်ကျော်တဲ့ မင်းသား မင်းသမီးတွေလုပ်ပြတာပြောတယ်။ ဘာသာမတူ လူမျိုးကွဲလည်း အတူတူကြည့်ရတယ်။ သမီးရည်းစားအတူတူကြည့်လို့ရတယ်။ ကြောက်တဲ့အချိန်တော့ အကွက်ပေါ့။ ကောင်လေးတွေအတွက်ပြောတာ။ မိသားစုကြည့်။ အိုကေ။

နောက်တစ်ကား။ ဦးကျော်ဆွေရိုက်သွားတဲ့ ပုလဲမျက်ရည်။ စစ်ကား။ တရုတ်ဖြူကျူးကျော်စစ်ကို တွန်းလှန်တာ။ စစ်သား စစ်ဗိုလ်ဆိုတာ သူတို့ဘဝကို ပီပြင်အောင်ရိုက်ပြတာလေ။ ကျော်ဆွေက ခင်ယုမေ မင်းသမီးအတွက် တောထဲမှာ ဖိနပ်ချုပ်ပေးတာ။ စစ်ကျောပိုးအိတ်ကို ဖြတ်။ ဖိနပ်ချုပ်အပ်နဲ့ သူကိုယ်တိုင် ချုပ်ပေးတာ။ မျက်စိထဲ အာရုံထဲ ခုထိစွဲနေတုန်း။ ကျော်ဆွေ ဖိနပ်ကိုပဲအာရုံစိုက်ချုပ်တယ်။ သူ့မျက်နှာမှာ မင်းသမီးအတွက် ခြေထောက်ကိုလုံလည်းလုံ လှလည်းလှအောင်။ စစ်ဗိုလ်ရဲ့ အရည်အချင်းပြည့်ပုံကိုလည်း ပြနိုင်အောင် သရုပ်ဆောင်ခဲ့တယ်။ မင်းသမီးကရော။ ခင်ယုမေကဖိနပ်ကို တစ်လှည့်၊ ဖိနပ်ချုပ်နေတဲ့ ကျော်ဆွေကို ချစ်တာရော၊ အထင်ကြီးတာရော၊ အားနာတာရော။ စုံနေအောင်ပြနိုင်တယ်။ ချစ်ရည်ရွှန်းလဲ့မျက်ဝန်းလဲ့ပြာပြာဆိုတာဒါလား။

နောက်ကားတွေ။

ဦးထွန်းဝေနဲ့ အမေ စံရှားတင်ရဲ့ "ဆောင်း"ပြောမလား။ "ဟေ့" ရစ်ချက် (မင်းသားကြီး နေစိုးကို ထွန်းဝေက ပြောတာလေ) မင်းပြောတော့ "နော်" သေပြီဆိုကွ "တဲ့"။ အဲဒီအသံနဲ့ ဟန်ကိုကျွန်တော်တို့ အတုခိုးခဲ့သပေါ့။

ဦးကျော်ဟိန်းရဲ့ "အချစ်တစ်ပွဲစစ်ပွဲတစ်ရာ"၊ "ပြောရင်မဆုံးနိုင်" "နားထောင်ချင်တစ်ယောက်ချင်းပြောမယ်"၊ "လာခဲ့"။

"နော်ကူးမ" ဘယ်လောက်ကောင်းသလဲ။ ဦးအောင်လွင်လေ။

သူရိုက်ခဲ့တဲ့ ကချင်ပြည်နယ်က ရုပ်ရှင်ဇာတ်ကား။ "နေခြည်ဖြာမှ နွေးသောကြောင့်"၊ လှချက်၊ ဒေါ်နွဲ့နွဲ့မူလေ။ လှလိုက်တဲ့မင်းသမီး။ ပြည်နယ်အလှအပတွေလည်း တစ်ဝကြီးကြည့်ကြရ။ သီချင်းတွေဆိုတာ ကြည့်ကြရ။ ကချင်တိုင်းရင်းသား အဝတ်အစားတွေကြည့်ကြရ။ ကောင်းချက်၊ ဗဟုသုတရတယ်၊ အပန်းပြေတယ်။ မင်းသမီးကို ဂေါ်(ငန်း)ချင်ရင်လည်း တစ်ဝပဲ။ ယဉ်ယဉ်လေးနဲ့လှတာလေ။ မင်းသမီးဆိုတာ လှပြီးသား။ ဘာဝတ်ဝတ်လှပါတယ်။ တိုမှ၊ ပေါ်မှ၊ ပါးမှမဟုတ်ပါဘူး။ ဖျာပုံမယ်တင်တင်အေး၊ ဒေါ်တင်တင်မူ၊ ဒေါ်ခင်သန်းနု ဘယ်လောက်လှကြသလဲ။ ရုပ်မြင်သံကြားက ရုပ်ရှင်ကားဟောင်းတွေပြရင် ကြည့်ကြပါလေ။ သူ့ခေတ်နဲ့သူ ပဒုမ္မာပိတ်ပါးပါးပါပဲ။ ဘရိုကိတ်ချောချောနဲ့ ပြောင်ပြောင်ပါပဲ။ အမြင်မရိုင်းဘဲနဲ့ လှအောင်ဝတ်သွားကြတာတွေ။ ခုထိမြင်ယောင်သေး။

"လမ်းပေါ်ကလူ" မင်းသားကြီးဇော်ခင် လူမိုက်လုပ်ပြတာ။ လူမိုက်လည်း အသည်းနဲ့ပါလေ။

"တောင်ပေါ်မြေမှ မြေပြန့်ပန်း" အကျိုးပြုကားလို့ ဒီကာလမှာ ကင်ပွန်းတပ်ခံရတဲ့ကားပါ။ နာဂဒေသမှာ တိုင်းရင်းသားတွေနဲ့ ရိုက်ပြတာ၊ ဆံပင်ညှပ်တဲ့အခန်း မျက်စိထဲစွဲနေတုန်း။ ဘာပြောမလဲ။ ဘာထူးဆန်းတာမှ မပါ။ မြင်ဖူးအောင် လူ့သဘာဝကို အရှိကိုအရှိအတိုင်း ရိုးရိုးလေးရိုက်ပြတာကိုက နှစ် ၄၀ ကျော်ပါပြီ။ စွဲနေတုန်းပါ။

ဇာတ်ကားနာမည်မေ့ပြ။ ဦးစိုးရွှေ ခါးကုန်းကြီး။ ကျောမှာဘုကြီး (hump) နဲ့ သူ့အမေက အမေဒေါ်ဂျမ်းစိန်။ အမေနဲ့သားရဲ့ မေတ္တာတရားကိုပြတယ်။ သားက လူစဉ်မမီပေမယ့် အချစ်ဆိုတဲ့ပန်းက ရင်ထဲမှာပွင့်တော့ သူချစ်ရသူကို ပန်းပေးတယ်။ အဲဒါကို အမေနဲ့သား အမေး၊ အဖြေနဲ့ ပြောတယ်။ စိုးရွှေက အမေ့ကိုရှက်တယ်။ ပြောလည်းပြောချင်တယ်။ ရှက်သွေးဖြာဖြာနဲ့ ပြောတယ်။ အမေကလည်း ချစ်ပန်းပွင့်နေတဲ့သားကို ကရုဏာနဲ့ ရင်ထုမနာ မေးရတာလေ။ ခုထိရင်ထဲစွဲနေတာလေ။ ဒါတွေကို မြန်မာတွေပဲ ရိုက်ခဲ့တာပါ။

ဦးသိန်းတန်ရိုက်သွားတဲ့ ကျေးလက်နေလူထုအတွက် ကားတွေပြောရမလား။

"ချစ်သလားမုန်းသလားပြောပါလား"ဆိုတဲ့ ကိုကျော်ကားတွေပြောရမလား။

အမေဒေါ်မြလေးရဲ့ လေသံနဲ့ပြောကြစို့ရဲ့။ "ပြောကို မပြောချင်တော့ဘူး"

ဦးမြတ်လေးရဲ့ "ကတ္တီပါဖိနပ်စီး ရွှေထီးဆောင်း"၊ "ငို၍ရယ်၍မရသော မျက်နှာ"၊ "ငိုလို့လည်းမရ၊ ရယ်လို့လည်းမရ"သူပြောသွားတာ။ မျက်ခုံးလေးတွန့်၊ မျက်လုံးလေးမော့မော့ပြီး တစ်လုံးချင်းရင်ထဲကလာတာကို ပြောပြသွားတာ။ ကျွန်တော်တို့မှာ လိုက်လိုက်တုပြီး လုပ်လိုက်ရ၊ ပြောလိုက်ရနဲ့ လုပ်လေ၊ ပြောပြချင်ပါတယ်။

မပြောရရင်မနေနိုင်တဲ့ "ပန်းတွေနဲ့ဝေ"၊ ဦးညွန့်ဝင်းလုပ်ပြသွားတာတွေ။ ဦးအောင်ပြည့်တို့က ဖြည့်ပေးတာတွေ။ "ပန်းနီနီ အမြင်မှာ နတ်ပန်းပွင့်။ အတင့်ငယ်မှ ရဲချင်။ ပန်လိုအားနဲ့ခေါင်ဖျားတင်။ အရင်လူနဲ့လွဲတတ်တယ်" တဲ့။ မဝေမပန်ပါရစေနဲ့တဲ့။ ခင်ယုမေအပြော။ ပန်ရမယ့် ဆံနွယ်တွေကို လက်ကလေးနဲ့ ပွတ်ရင်းပြောတာပေါ့။ ညွန့်ဝင်းကတော့ "ပန်ပါမဝေရယ်၊ မဝေက အရင်လူနဲ့လွဲခဲ့ပြီးပြီပဲ" ဆိုတဲ့အသံ (အဲဒီ ၁၉၇၅ ခုနှစ်လောက်ကတော့ ဗိုင်ကြောင်ပေါ့) အသံတွေကို ခုထိ ဆံဖြူသွားကျိုးခါနီးနေတဲ့ ကျွန်တော် ဘာကြောင့်မှတ်မိနေ။ ဟတ်ထိနေရပါသလဲ။ ပြောရရင်ပြောချင်တာပြောပါတယ်။

ကျေးဇူးရှင် အဘ၊ ဆရာကြီးဦးသုခကားတွေ၊ ဦးသာမုကားတွေကတော့ ပြောဖွယ်ရာတောင် ဉာဏ်မမီလို့ မပြောတော့ပါ။

အဲဒီ အတွေးစဉ်အမျှင်တန်းသည် အိမ်ကို ကျွန်တော်ပြန်ရောက်ပြီးနောက် ရုပ်ရှင်ကြည့်ပြန်လာသော ကျွန်တော့်သမီးအပြောကြောင့် ပျက်လေတော့သည်။

"(ရုပ်ရှင်)ကားကောင်းလားသမီး"

အင်း မဆိုးဘူးထင်တယ်၊ ဒါပေမယ့် မကြိုက်ဘူး။

"ဘာမကြိုက်ရပြန်တာတုန်း သမီးရဲ့။ ကားသစ်ပဲ"။

အဲဒီ ရုပ်ရှင်ထဲမှာ Son of Bitch လို့ဆဲတယ်ဖေကြီးတဲ့။ အဲဒါကို မကြိုက်ဘူးတဲ့။ "စောက်"တွေသုံးတာ အများကြီးပဲတဲ့။ အပြင်မှာလည်း ပြောတော့ပြောပါတယ်တဲ့။ ရုပ်ရှင်ထဲမှာဆိုတော့ ကြားရတာတစ်မျိုးကြီးပဲတဲ့။ ကြားနေကျမဟုတ်တော့ တစ်မျိုးကြီးပေါ့တဲ့။ ဂါဝန်ကလည်း တော်တော်တိုတာပါတယ်တဲ့။ ဒါပေမယ့် နှစ်ခန်းသုံးခန်းလောက်ဆိုတော့ ကိစ္စမရှိပါဘူးတဲ့။ အရွယ်ရောက်စလူငယ်တစ်ယောက်ရဲ့ အမြင်ကို သူပြောသွားတာပါ။

ကျွန်တော်တို့ငယ်ငယ်က စိတ်ထဲစွဲသလို သူတို့စိတ်ထဲမှာ စွဲစရာမရှိလို့လားမသိ။ ကျန်တာတော့ ဘာမှမပြောတော့ပါ။

ကျွန်တော့်ခေတ်၊ ကျွန်တော့်ရုပ်ရှင်၊ ကျွန်တော့်အမြင်နဲ့၊ ကျွန်တော့်သမီးများခေတ်၊ သူတို့ရုပ်ရှင်၊ သူတို့အမြင်ကို သိသင့်တဲ့သူတွေသိအောင်၊ ပြင်သင့်တယ်ထင်တာကိုလည်း ပြင်ရအောင် ခေတ်က public oriented မို့လို့၊ audience ပရိသတ်အမြင်ကိုလည်း ရိုက်တဲ့သူ၊ သရုပ်ဆောင်တဲ့သူ၊ ပတ်သက်သူတွေသိအောင် မျှဝေချင်တဲ့ဆန္ဒနဲ့ ရေးသားတင်ပြခြင်းသာဖြစ်ပါတယ်။

ရောမမြို့ကို တစ်ရက်တည်းနဲ့ ဆောက်ခဲ့တာမဟုတ်ဘူးလို့ပြောကြတယ်။ ကျွန်တော်တို့ရဲ့ ဖန်တီးမှုရုပ်ရှင်အနုပညာကိုလည်း အချိန်တိုတိုနဲ့ အောင်မြင်အောင်လုပ်ခဲ့တာမဟုတ်ပါဘူး။ ၁၉၃၀ ခုနှစ်လောက်ကတည်းက ရှေးလူကြီးသူမများက ဝါယမစိုက်သွားတာပါ။ အောင်လံလွှင့်ထူခဲ့တာပါ။ ကျွန်တော်တို့က အဲဒီအလံကို အုတ်ခုံပေါ်မှာ အခိုင်အခံ့ထပ်တင်ပေးဖို့ပဲ လိုတာပါ။ ကျွန်တော်တို့ဆိုတာ ပရိသတ်၊ အနုပညာရှင်များ၊ ထုတ်လုပ်သူ (ငွေကြေးစိုက်သူ)များ၊ ရုပ်ရှင်ရုံပိုင်ရှင်များနဲ့ ပတ်သက်သူတွေအားလုံး၊ ဌာနဆိုင်ရာလည်း ပါသပေါ့။ ဝိုင်းလုပ်မှရမှာ၊ ညီညွတ်မှရမှာ၊ သူပြောလူပြော၊ သူ့ကိုကိုယ်ပြော၊ ကိုယ့်ကိုသူလက်ညှိုးထိုးနေရမယ့် ခေတ်ကကုန်ခဲ့ပြီ။ ကျွန်တော့်အမြင် ဟုတ်မယ်ထင်ပါတယ်။ မဟုတ်ကလည်း ဟုတ်အောင် ပြင်ဖို့လိုသည်။

သူတို့ခေတ်၊ သူတို့ကားတွေကို ကျွန်တော်မကြည့်ဖူးတာကို ဝန်ခံပါတယ်။ ကျွန်တော့်သမီး စာမေးပွဲပြီးရင် သူနဲ့အတူ ရုပ်ရှင်ကားတွေကြည့်ဖြစ်အောင် သွားကြည့်ပါမယ်။ ပြီးရင်တော့ တစ်ခုခုတော့ ရေးရပါဦးမယ်။ ကောင်းတာတွေရေးဖြစ်မယ်လို့လည်းထင်ပါတယ်။

တစ်ခုသေချာတာကတော့ ကျွန်တော်တို့ဖန်တီးမှုအနုပညာကို ကျွန်တော်တို့အရည်အချင်း၊ စိတ်ဓာတ်စေတနာနဲ့ ဆွဲတင်ဖို့ လိုနေတယ်ဆိုတာပါပဲ။ ဆွဲမတင်နိုင်ရင်တော့ . . . ကြည့်ပျော်၊ ရှုပျော်ဆိုတာနဲ့ ဝေလာဝေး။

"ကြည့်မပျော်၊ ရှုမပျော်ကိုတော့"ဘယ်သူမှ မလိုချင်မှာအမှန်။

ခေါင်းစဉ်လိုဖြစ်စေချင်သည်။

ကြည့်ရင်လည်း ပျော်စေချင်၊ ရှုရင်လည်း ပျော်စေချင်သည်။

# သာကေတ မြရတနာရုပ်ရှင်ရုံသစ် ဖွင့်လှစ်

**ရန်ကုန် အောက်တိုဘာ ၁၈**

သာကေတမြို့နယ် မြရတနာရုပ်ရှင်ရုံဖွင့်ပွဲကို အောက်တိုဘာ ၁၈ရက် နံနက်ပိုင်းတွင် အဆိုပါရုပ်ရှင်ရုံရှေ့၌ ကျင်းပရာ မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်၊ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးလူမင်း၊ ACE ဆောက်လုပ်ရေး ဒုတိယဥက္ကဋ္ဌ ဆန်းကိုကိုတင့်ဆန်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးတင့်ဆန်းက ရုပ်ရှင်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဖွင့်ပွဲသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များသည် ရုပ်ရှင်ရုံအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြပြီး ရုပ်ရှင်ပြသမှုကို ကြည့်ရှုအားပေးကာ ရုပ်ရှင်ရုံရှေ့၌ ရုပ်ရှင်ကြည့်ရှုကြမည့် ပရိသတ်များအား ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီပြေတီဦးနှင့် အကယ်ဒမီအိန္ဒြာကျော်ဇင်



တို့က ဖွင့်ပွဲအောင်မြင်ခြင်းအတွက် ရွှေမိုး၊ ငွေမိုးများရွာသွန်းပေးကြောင်း သိရသည်။ ထိုသို့ သာကေတမြို့နယ်တွင် ရုပ်ရှင်ရုံတစ်ရုံ အဆင့်မြင့်ဖွင့်လှစ်လိုက်သည့်အတွက် သာကေတမြို့နယ်မှ ရုပ်ရှင်ကြည့်ရန်စောင့်ဆိုင်းနေသူ မချိုချိုသွယ်က "သာကေတမှာ အခုလိုရုံသစ်ဖွင့်လိုက်တာ ရုပ်ရှင်ဝါသနာပါသူတွေအတွက် ဝမ်းသာစရာပါပဲ။ ကျွန်မတို့မြို့နယ်မှာနေတဲ့ မိသားစုတွေအပန်းဖြေဖို့ တစ်ခုတိုးလာတာပေါ့။ မြန်မာ့ရုပ်ရှင် မြှင့်တင်ဖို့ လုပ်ဆောင်တယ်ဆိုရင် ရုပ်ရှင်ရုံတွေ တိုးချဲ့ဖွင့်လှစ်နိုင်ရင် ပိုကောင်းမယ်" ဟု ပြောကြားသည်။

**သတင်းနှင့် ဓာတ်ပုံ**
**ခင်မောင်ဝင်း(ကြေးမုံ)**

# စည်ပင်သာယာရေးကော်မတီအဆင့်ဆင့်ရွေးချယ်ပွဲ အဆိုပြုတင်သွင်းလွှာ ၂၄ ရက်နေ့စာရင်းပိတ်မည်

**ရန်ကုန် အောက်တိုဘာ ၁၈**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ကော်မတီအဆင့်ဆင့်ရွေးချယ်တင်မြှောက်ပွဲကို ဒီဇင်ဘာ ၂၇ ရက်တွင်ကျင်းပမည်ဖြစ်ရာ အရွေးချယ်ခံကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းလိုသူများသည် အောက်တိုဘာ ၂၄ ရက် ညနေ ၄ နာရီခွဲအထိ လက်ခံဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့တော်ခန်းမရှိ မြို့တော်ကော်မရှင်ဥက္ကဋ္ဌရုံးမှ သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ကော်မတီအဆင့်ဆင့်ရွေးချယ်တင်မြှောက်ပွဲနှင့်ပတ်သက်၍ မြို့တော်ကော်မရှင်ဥက္ကဋ္ဌက ရှင်းလင်းရာတွင် ယနေ့ စည်ပင်သာယာရွေးချယ်တင်မြှောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်အရွေးချယ်ခံကြမည့် ပုဂ္ဂိုလ်များနှင့် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မိမိဆန္ဒပြုရွေးချယ်ပေးရမည့် ပုဂ္ဂိုလ်အရေအတွက်အား မည်ကဲ့သို့ ရွေးချယ်ပေးရမည်ကို သိရှိနိုင်ရန်အတွက် ဖော်ပြပေးခြင်းဖြစ်ပါသည်။

ဒီဇင်ဘာ ၂၇ ရက်တွင်ကျင်းပမည့် စည်ပင်သာယာကော်မတီအဆင့်ဆင့်ရွေးချယ်ပွဲတွင် စုစုပေါင်းကိုယ်စားလှယ်လောင်း ၁၁၂ ဦးရှိကြောင်း၊ ယင်း ၁၁၂ ဦးအနက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအတွက်လိုအပ်နေသော ကော်မတီဝင် လေးဦးနေရာကို ခရိုင်လေးခုမှ ကော်မတီဝင်အဖြစ် အဆိုပြုလွှာတင်သွင်းထားသော ကိုယ်စားလှယ်လောင်းများအနက်မှ တစ်ခရိုင်တွင် တစ်ဦးနှုန်းဖြင့် မဲအရေအတွက်အများဆုံးရရှိသူကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ကော်မတီအဝင်အဖြစ် သတ်မှတ်ရွေးချယ်သွားမည်ဖြစ်သည်။

ခရိုင်စည်ပင်သာယာရေးကော်မတီ ကော်မတီဝင်အဖြစ်ရွေးချယ်ရာတွင် မိမိတို့နေထိုင်ရာ ခရိုင်အတွင်းရှိ မြို့နယ်အသီးသီးမှ ခရိုင်ကော်မတီအဖြစ် အဆိုပြုလွှာတင်သွင်းထားသူများအနက်မှ ခရိုင်တစ်ခုလျှင် ခရိုင်ကော်မတီဝင် သုံးဦးကိုရွေးချယ်ပေးမည်ဖြစ်ရာ မဲအရေအတွက် အများဆုံးရရှိသူများကို ခရိုင်လေးခုမှ တစ်ခရိုင်လျှင် သုံးဦးနှုန်းဖြင့် ခရိုင်လေးခုကို ၁၂ ဦးနှုန်းဖြင့် ခရိုင်ကော်မတီဝင်အဖြစ် သတ်မှတ်ရွေးချယ်ပေးသွားမည်ဖြစ်သည်။

မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်အဖြစ်ရွေးချယ်ရာတွင် မိမိတို့နေထိုင်ရာမြို့နယ်မှ မြို့နယ်ကော်မတီအဖြစ် အဆိုပြုတင်သွင်းထားသူများအနက်မှ မြို့နယ်တစ်ခုလျှင် မြို့နယ်ကော်မတီဝင်သုံးဦးကို ရွေးချယ်ပေးမည်ဖြစ်ရာ မဲအရေအတွက်အများဆုံးရရှိသူများကို ၃၂ မြို့နယ်မှ ကိုယ်စားလှယ် ၉၆ ဦးရွေးချယ်ပေးရမည် ဖြစ်သည်။

ယခင်ဗြိတိသျှကိုလိုနီခေတ်တွင် စည်ပင်သာယာရေးကော်မတီရွေးချယ်ရာတွင် ကော်မတီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များကို ဘုရင်ခံ၏ အလိုတော်အတိုင်း ခန့်အပ်တာဝန်ပေးခဲ့ပြီး ယခုမျက်မှောက်ခေတ်တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ကော်မတီဝင်၊ ခရိုင်ကော်မတီဝင်နှင့် မြို့နယ်ကော်မတီအသီးသီးရွေးချယ်ပွဲကို ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်ရှိ မြို့နယ် ၃၂ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု ၆၇၆ ခုရှိ မဲဘပြည်သူများက မိမိခရိုင်နှင့် မြို့နယ်အသီးသီးရှိ ရပ်မိရပ်ဖများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် လူမှုရေးအသင်းအဖွဲ့မှ စည်ပင်သာယာကိုယ်စားလှယ်လောင်းများကို မိမိတို့စိတ်ကြိုက်ရွေးချယ်တင်မြှောက်ပေးရမည်ဖြစ်သည်။ ရွေးချယ်ခံပုဂ္ဂိုလ်များသည် ပါတီ၊ နိုင်ငံရေး၊ လူမှုရေးပြဿနာနှင့် နိုင်ငံခြားသြဇာခံမဖြစ်စေရေးနှင့် မိမိတို့နေထိုင်ရာမြို့နယ်အတွင်း အများပြည်သူများ၏ ကြည်ညိုခံဖြစ်ပြီး သြဇာသက်ရောက်သူများကို ရွေးချယ်ပေးသွားရမည်ဖြစ်သည့်အတွက် မိမိတို့မြို့နယ်ရှိ ရပ်မိရပ်ဖများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် လူမှုရေးအသင်းအဖွဲ့မှ ကိုယ်စားလှယ်လောင်းများကို အိမ်ထောင်စုတစ်ခုလျှင် ကိုယ်စားလှယ်တစ်ဦးကျနှုန်းဖြင့် ရွေးချယ်တင်မြှောက်ရန် မြို့တော်ကော်မရှင်မှ စီစဉ်ထားကြောင်း သိရသည်။ **(စောသိန်းဝင်း)**

# ထူးထူးခြားခြားမင်္ဂလာပွဲ ဝေဟင်၌ လေယာဉ်ပျံနှင့် ပျော်ရွှင်စွာဆင်နွှဲ

**ရန်ကုန် အောက်တိုဘာ ၁၈**

အောက်တိုဘာ ၁၇ ရက် ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ပြည်တွင်းထွက်ခွာဆောင်တွင် လူငယ်များ အပြုံးကိုယ်စီဖြင့် တွေ့မြင်ရပြီး လူငယ်အားလုံးတို့သည် သစ်လွင်သော အဝတ်အစားများ ဝတ်ဆင်ထားကာ ရင်ဘတ်၌လည်း ပန်းပွင့်လေးထိုးထားကြပြီး တစ်ဦးနှင့်တစ်ဦး ကျီစယ်သံ နှုတ်ဆက်စကားသံများဖြင့် ပျော်ရွှင်နေကြသည်။

ထိုအဖွဲ့သည် ရန်ကုန်မှ မန္တလေးသို့ ပျံသန်းထွက်ခွာမည့် ရွှေမြန်မာလေကြောင်းလိုင်း၏ ခရီးစဉ်တွင်လိုက်ပါ၍ လေယာဉ်ပျံသန်းစဉ် ဝေဟင်၌ ထူးထူးခြားခြား မင်္ဂလာဆောင်ခြင်းအခမ်းအနားကျင်းပမည်ဖြစ်သဖြင့် ကြည်နူးလျက်ရှိနေကြခြင်း ဖြစ်ကြောင်း သိရသည်။

လေယာဉ်မထွက်ခွာမီ ဤသို့ ထူးခြားစွာ လေယာဉ်ပျံသန်းစဉ်အတွင်း ဝေဟင်၌ မင်္ဂလာပွဲကျင်းပဖြစ်ပုံကိုသိလို၍ ရွှေမြန်မာလေကြောင်းလိုင်းမှ ကိုဂျွန်(ခ)ထက်ဝေထွန်းအား တွေ့ဆုံမေးမြန်းရာတွင် "ကျွန်တော်တို့ ရွှေမြန်မာလေကြောင်းလိုင်းအနေဖြင့် အမြဲတစေ ထူးခြားတဲ့ဝန်ဆောင်မှုအစီအစဉ်တွေကို မိဘပြည်သူတွေအားလုံးစိတ်ဝင်စားအောင်ပြုလုပ်ပေးလေ့ရှိပါတယ်။ အခု ကိုဒီမိုနဲ့ မရွှေရည်တို့က သူတို့ရဲ့ စိတ်ကူးလေးတစ်ခုကို ကျွန်တော့်ဆီ အကူအညီတောင်းတော့ ကျွန်တော်တို့ဘက်ကလည်း ထူးခြားတဲ့အစီအစဉ်လည်းဖြစ်၊ ဝါကျွတ်ပြီးကာလဖြစ်တာကြောင့် အားလုံးစုပေါင်းပြီး စီစဉ်ဖြစ်တာပါ။ အခုကျွန်တော်တို့ လေကြောင်းလိုင်းရဲ့လေယာဉ်ပေါ်မှာ ပထမဆုံးအကြိမ်မင်္ဂလာဆောင်ဖြစ်တဲ့အတွက် ပိုမှန်ထက်ထူးခြားသွားတာပါ။ အဲဒီအတွက်ကြောင့် ကျွန်တော်တို့ဘက်ကလည်း မင်္ဂလာမောင်နှံနဲ့ တကွ အဘက်ဘက်ကကူညီပံ့ပိုးပေးကြတဲ့သူတွေအားလုံးကိုလည်း ကျေးဇူးအထူးတင်ရှိပါတယ်"ဟု ရှင်းပြသွားသည်။

မင်္ဂလာပွဲကျင်းပမည့် Air Bus လေယာဉ်သည် ရန်ကုန်မှ ညနေ ၆ နာရီခန့်တွင် ထွက်ခွာ၍ အမြင့်ပေ ၂၇၀၀၀ အရောက်တွင် မင်္ဂလာပွဲစတင်တော့မည်ဖြစ်ကြောင်းကို အခမ်းအနားမှူး မဖြိုးဖြိုးခိုင်က စတင်အသိပေးပြောကြားရာ လေယာဉ်ပေါ်ပါရှိသူခရီးသည်များနှင့် မင်္ဂလာအခမ်းအနားတက်ရောက်လာသူတို့က လက်ခုပ်သြဘာသံဖြင့် ချီးမြှင့်ကြသည်။

အခမ်းအနားစတင်သည်နှင့် သတို့သားသည် ရှေ့ဆုံးတန်း၌ ထိုင်နေပြီး သတို့သမီးက လေယာဉ်နောက်ဆုံးတန်းတွင်ထိုင်နေရာမှ သတို့သမီးအရံများက ပန်းများကြဲ၍ သတို့သမီးကို လေယာဉ်ဦးပိုင်း သတို့သားရှိရာသို့ ခေါ်ဆောင်လာရာ ဝဲ၊ ယာထိုင်ခုံတွင် ထိုင်နေကြသူများက ဆုတောင်းမင်္ဂလာစကားသံများဖြင့် လှမ်းပြောသလို၊ လက်ခုပ်တီး၍ချီးမြှင့်ကြသည်။




ဦးစွာ သတို့သားက သတို့သမီးကို မင်္ဂလာလက်စွပ်ဆင်မြန်းပေးသည်။ ယင်းနောက် လေယာဉ်ကပ္ပတိန် MR.Gilbert က ဆုတောင်းမင်္ဂလာစကားပြောကြားပြီး မင်္ဂလာပွဲတက်ရောက်လာသူ တစ်ဦးကလည်း သတို့သား သတို့သမီးအတွက် မင်္ဂလာဂုဏ်ပြုစကားပြောကြားသည်။

ဆက်လက်၍ မင်္ဂလာကိတ်မုန့်ကို အတူတကွလှီးပေးကြပြီး အမျိုးသားတစ်ဦးက သတို့သား၏ မျက်စိကို လက်နှစ်ဖက်ဖြင့် ပိတ်ထားပေးပြီး သတို့သားက ဦးစွာ သတို့သမီးကို ကိတ်မုန့်ကျွေးရာ ပါးစပ်နှင့်မုန့် လွဲနေသဖြင့် ပရိသတ်များအားလုံး၏ မြူးပျော်သံ ဝေဟင်တွင် လွင့်ပျံသွားသည်။ သတို့သမီးက တစ်ဖန်ပြန်၍ ကိတ်မုန့်ကျွေးရာတွင်လည်း သတို့သမီးမျက်လုံးကို အမျိုးသမီးငယ်တစ်ဦးက ပိတ်ထားသဖြင့် သတို့သား၏ပါးတွင် ကိတ်မုန့်များပေကျံသွားသဖြင့် ရယ်မောသံများပို၍ မြင့်တက်သွားသည်။

ဤသို့ပျော်ရွှင်ဖွယ်ဖြင့် မင်္ဂလာဆောင်အခမ်းအနားသည် ပြီးဆုံးသွားပြီး မန္တလေးလေဆိပ်သို့ ဆိုက်ရောက်ခဲ့သည်။ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် အမှတ်တရ စုပေါင်းဓာတ်ပုံများရိုက်ကူးကြပြီး အခမ်းအနားသို့လိုက်ပါလာသူအားလုံးတို့က သတို့သား ဒီမိုနှင့် သတို့သမီးရွှေရည်တို့အတွက် ဆုတောင်းမင်္ဂလာစကားဖြင့် ဂုဏ်ပြုကြသည်။ ယင်းနောက် လေဆိပ်တွင် ခေတ္တနားကာ ဤလေယာဉ်ဖြင့် မန္တလေးမှ ရန်ကုန်သို့ ပြန်လည်လိုက်ပါလာရာ ရန်ကုန်သို့ ည ၉ နာရီတွင် မင်္ဂလာပွဲအောင်မြင်စွာကျင်းပခဲ့ပြီး ပြန်လည်ရောက်ရှိကြသည်။

**သတင်းနှင့် ဓာတ်ပုံ**
**ဌေးအောင်(ကြေးမုံ)**



ပြည်တွင်းရေးရာ

# သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဖော်ဆောင်

**နေပြည်တော် အောက်တိုဘာ ၁၈**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးသည် အောက်တိုဘာ ၁၈ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ အမှတ်(၆)ကမ္ဘာအေးဘုရားလမ်းရှိ မြန်မာ့သိပ္ပံနှင့်နည်းပညာသုတေသန ဦးစီးဌာနသို့ ရောက်ရှိပြီး သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးမှာကြားသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပညာရေးဆိုင်ရာ ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့် ကျောင်းများသာမက သုတေသနလုပ်ငန်းများ အားလုံးကိုပါ ကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ ထိရောက်အောင်မြင်စေရန် လိုအပ်ကြောင်း၊ နိုင်ငံတကာ ဆက်ဆံရေးအနေဖြင့်လည်း မိမိလုပ်ငန်းကဏ္ဍအလိုက် ပြည်ပအဖွဲ့အစည်းအသီးသီးဖြင့် ပါဝင်ပူးပေါင်းနိုင်ပြီး စီမံကိန်း (Project) များ ဆောင်ရွက်နိုင်အောင် ကြိုးပမ်းကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်က ဆောင်ရွက်ဆဲ ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာသင်တန်းများ ဖွင့်လှစ်နိုင်ရေးကိစ္စများ၊ စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာ နည်းဥပဒေများကို ရေးဆွဲနေမှုအခြေအနေများ၊ စံချိန်စံညွှန်း ရေးဆွဲမှုအခြေအနေများ၊ နည်းပညာဆပ်ကော်မတီများကို ကျစ်ကျစ်လျစ်လျစ်ဖွဲ့စည်းရန်ကိစ္စများ၊ သိပ္ပံနှင့်နည်းပညာ မူဝါဒရေးဆွဲနေမှု အခြေအနေနှင့် အသစ်ပြန်လည်ရေးဆွဲလျက်ရှိသော သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးရေးဥပဒေမူကြမ်း ရေးဆွဲနေမှု အခြေအနေများကို တင်ပြခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

■

# ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် မသိုးရွှေကြာသင်္ကန်းယှဉ်ပြိုင်ရက်လုပ် ဆက်ကပ်ပူဇော်ပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကမ်းမြို့နယ်ရှိ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့ကကြီးမှူး၍ (၃၂)ကြိမ်မြောက် မသိုးရွှေကြာသင်္ကန်း ယှဉ်ပြိုင်ရက်လုပ်ဆက်ကပ်ပူဇော်ပွဲကို ၁၃၇၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄ ရက် ညနေပိုင်းမှစ၍ လပြည့်နေ့နံနက် အရုဏ်တက်ချိန် (နိုဝင်ဘာ ၅ ရက်နှင့် ၆ ရက်)တို့တွင် စေတီရင်ပြင်၌ ကျင်းပမည်ဖြစ်သည်။

မသိုးရွှေကြာသင်္ကန်းရက်လုပ်ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်လိုသူ အသက်(၁၈)နှစ်မှ (၄၅)နှစ်အတွင်းရှိ ရက်ကန်းခတ်ကျွမ်းကျင်သူ အမျိုးသမီးများသည် အောက်တိုဘာ ၂၂ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီ နောက်ဆုံးထား၍ ဂေါပကများထံလျှောက်ထားနိုင်ကြောင်းနှင့် ပြိုင်ပွဲတွင် ပထမဆု ကျပ် ၁၅၀၀၀၀၊ ဒုတိယ ဆုကျပ် ၁၃၀၀၀၀၊ တတိယဆုကျပ် ၁၁၀၀၀၀ နှင့် နှစ်သိမ့်ဆုများအဖြစ် ကျပ် ၈၀၀၀၀ စီနှင့် ဆုတံဆိပ်များချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ **(ကိုချစ်)**

# ကျောက်စိမ်းအသားကျောက်များ ဆက်လက်ရောင်းချ

**နေပြည်တော် အောက်တိုဘာ ၁၈**

မြန်မာကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ ပြသရောင်းချပွဲ ပဉ္စမနေ့ကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပပြီး အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည့် ကျောက်စိမ်းအသားကျောက်အတွဲ ၁၇၅၁ မှ ၃၅၀၀ ၏ တင်ဒါအောင်မြင်သူများစာရင်းထုတ်ပြန်ကြေညာရောင်းချရာ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင် အားပေးကြည့်ရှုသည်။

နံနက်ပိုင်းမှစတင်၍ ပြည်တွင်းကျောက်မျက်ရတနာကုန်သည်များသည် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းတွဲများအား လေ့လာကြည့်ရှု၍ ဈေးနှုန်းအဆိုပြုတင်ဒါများကို တင်သွင်းကြသည်။

မွန်းလွဲပိုင်းတွင် သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသန်းထွန်းအောင်သည် မဏိရတနာကျောက်စိမ်းခန်းမအတွင်း တင်ဒါတင်သွင်းနေသူများနှင့် ရင်းနှီးပွင့်လင်းစွာတွေ့ဆုံအားပေးပြီး ခင်းကျင်းပြသထားသည့် ကျောက်စိမ်းတွဲများအား လှည့်လည်ကြည့်ရှုသည်။

ကျောက်စိမ်းအသားကျောက်အတွဲအမှတ် (၃၅၀၁) မှ (၅၂၅၀) အတွက် ဈေးနှုန်းအဆိုပြုတင်ဒါအောင်မြင်သူများကို အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းတွင် ထုတ်ပြန်ကြေညာသွားမည်ဖြစ်သည်။



အဆိုပါ ပြသရောင်းချပွဲနှင့် ပတ်သက်၍ မြန်မာ့ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း (မန္တလေး) ဥက္ကဋ္ဌ ဦးမြင့်ဟန်က "မြန်မာကျပ်ငွေနဲ့ရောင်းချတယ်ဆိုတာ ပြည်တွင်းကျောက်မျက်ရတနာကုန်သည်တွေအတွက်ပါ။ ဒီလိုပြည်တွင်းကျောက်မျက် လုပ်ငန်းရှင်တွေကို ရောင်းချပေးခြင်းဖြင့် နိုင်ငံတွင်းကျောက်မျက် အချောထည်ဈေးကွက်ကို ပိုပြီး အကျိုးသက်ရောက်မှုရှိစေပါတယ်။ ပြည်တွင်းကျောက်မျက်ရတနာလုပ်ငန်းရှင်တွေ၊ မှီခိုနေတဲ့ မိသားစုဝင်တွေနဲ့ နိုင်ငံသားတွေအလုပ်အကိုင်ရရှိတဲ့အတွက် နိုင်ငံရဲ့ဆင်းရဲမှုပပျောက်ရေးလုပ်ငန်းကိုလည်း အထောက်အကူဖြစ်စေပါတယ်"ဟု ပြောကြားသည်။

ထို့ပြင် ပြည်တွင်းကျောက်မျက်ရတနာကုန်သည် ဦးကျော်စွာထွန်းကလည်း "ကျောက်စိမ်းအတွဲတွေ ဝယ်ယူတဲ့နေရာမှာ အဆင်ပြေပါတယ်။ တင်ဒါအောင်စာရင်းကို နံနက် ၆ နာရီခွဲလောက် ထုတ်ပြန်ကြေညာပေးစေချင်ပါတယ်။ ကျောက်အတွဲတွေလေ့လာတဲ့နေရာမှာ ကျောက်အတွဲလော့နံပါတ်တွေအလိုက် သူ့အစီအစဉ်အတိုင်း လှည့်ပတ်ကြည့်ရှုလို့ရအောင် စီစဉ်ပေးစေချင်ပါတယ်။ ကျောက်အတွဲထားတဲ့ အကွာအဝေးတွေကိုလည်း ဒီထက်ပိုပြီးနေရာခွဲခြားထားပေးစေချင်ပါတယ်။ ဒါမှ လာရောက်ကြည့်ရှုလေ့လာတဲ့သူတွေအတွက် ပိုပြီးနေရာကျယ်ကျယ်နဲ့ လွယ်လွယ်ကူကူလေ့လာလို့ရမှာ"ဟု ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

# ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့က ကြီးမှူး၍ (၂၄)ကြိမ်မြောက် မသိုးရွှေကြာသင်္ကန်းရက်လုပ်ပြိုင်ပွဲကို (၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်) နိုဝင်ဘာ ၅ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅ နာရီတွင် ကျင်းပမည်ဖြစ်ပြီး မသိုးရွှေကြာသင်္ကန်းဆက်ကပ်ပွဲကို (တန်ဆောင်မုန်းလပြည့်နေ့) နိုဝင်ဘာ ၆ ရက် (ကြာသပတေးနေ့) အရုဏ်တက်ချိန်တွင် ကျင်းပမည်ဖြစ်သည်။ ရက်ကန်းပြိုင်ပွဲကို စင်တော်ကြီး ၁၂ စင်ဖြင့် ယှဉ်ပြိုင်စေမည်ဖြစ်ပြီး ဆုများကို ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်လိုသူ အသက်(၁၆)နှစ်မှ (၅၀)နှစ်အတွင်း ရက်ကန်းကျွမ်းကျင်သူ အမျိုးသမီးများ အောက်တိုဘာ ၁၁ ရက်မှစ၍ လျှောက်လွှာများကို စတင်ရောင်းချပြီး အောက်တိုဘာ ၂၄ ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ ဂေါပကအဖွဲ့သို့ လျှောက်ထားနိုင်ကြောင်း၊ လျှုဒါန်းလိုသူများအနေဖြင့် ဂေါပကအဖွဲ့ရုံးဖုန်း-၀၁-၂၉၀၄၂၅နှင့် ၀၁-၂၉၄၀၁၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(ရီရီသန့်)**

# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ စင်ကာပူသမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

**ရန်ကုန် အောက်တိုဘာ ၁၈**

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များဖြစ်ကြသော ဒေါ်နန်းဝါနုနှင့် ဒေါ်နန်းစေအွာတို့သည် UN Women Singapore Committee ၏ ဖိတ်ကြားချက်အရ စင်ကာပူသမ္မတနိုင်ငံ၌ အောက်တိုဘာ ၁၆ ရက်မှ ၁၇ ရက်အထိ ကျင်းပခဲ့သည့် အမျိုးသမီး၊ မူဝါဒ၊ နိုင်ငံရေးနှင့်ပတ်သက်သော ခေါင်းဆောင်မှုဆိုင်ရာ အစည်းအဝေးသို့ တက်ရောက်ခဲ့ကြပြီး ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိသည်။ **(သတင်းစဉ်)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁၉-၁၀-၂၀၁၄ (တနင်္ဂနွေနေ့)

| | |
|---|---|
| ၅း၀၀ | ပဋ္ဌာန်းပါဠိတော်+ ပရိတ်နိဒါန်း၊ မင်္ဂလသုတ် |
| ၅း၄၀ | "ဘဝနောင်ရေးစိတ်အေးချမ်းစေချင်ပါတယ်" [(အရှင်ခေမာသီရိလင်္ကာရ)] (ရွှေပြည်ဟိန်းဆရာတော်) |
| ၆း၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းနှစ်ပွင့်ရဲ့ ဒဏ္ဍာရီ (အပိုင်း-၂၅) |
| ၇း၅၀ | ရန်ကုန်မြင်ကွင်းကျယ် (HOME CITY PRODUCT LAUNCH) |
| ၈း၂၅ | ကလေးတို့ကမ္ဘာ |
| ၉း၀၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နူးညံ့သော ပျော်ရွှင်မှု" (အပိုင်း-၁၀၄) |
| ၁၁း၀၀ | Star တို့ရဲ့လက်ရာ |
| ၁၁း၂၅ | MRTV-4 Stage |
| ၁၁း၅၅ | Weekly Sports Diary |
| ၁၂း၂၀ | Healthy Life (ကလေးများ၏ ခံစားနားလည်မှု) (အပိုင်း-၂) |
| ၁၂း၄၀ | ဓမ္မဒူတဆရာတော် ဒေါက်တာအရှင်ဆေကိန္ဒ၏ "စကားအတတ်ပညာ" သင်တန်း |
| ၂း၂၀ | Education Talk [ပညာရေးနှင့်ကျူရှင် (ပထမပိုင်း)] (အပိုင်း-၂) |
| ၂း၄၀ | ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ကျိုက်လတ်မြို့နယ်နှင့် ဒေးဒရဲမြို့နယ်အတွင်းရှိ ပင့်သံဃာတော်များ၊ သက်ကြီးဘိုးဘွားများ၊ ကျောင်း (၁၅)ကျောင်းမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ပစ္စည်း(၂၉)မျိုး လှူဒါန်းပွဲအခမ်းအနား |
| ၄း၀၅ | SAMSUNG ပညာသင်ဆုဉာဏ်စမ်းပြိုင်ပွဲကြီး |
| ၅း၁၀ | ဓလေ့ရိုးရာမမေ့သာ |
| ၆း၁၀ | Health Fix |
| ၇း၄၅ | Myanmar's Got Talent (Epi-4) |
| ၈း၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နူးညံ့သော ပျော်ရွှင်မှု" (အပိုင်း-၁၀၅) |
| ၁၁း၃၀ | Spain Laliga Elche Vs Sevilla(LIVE) |

# ၂၀၁၄ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် ဓာတ်ပုံ၊ ဆောင်းပါးနှင့် ဝတ္ထုတိုပြိုင်ပွဲကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၁၈**

တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် ပြည်သူလူထုများပါဝင်သော လူထုအားကစားလှုပ်ရှားမှုကို နှစ်စဉ်ဒီဇင်ဘာလတိုင်း ကျင်းပလျက်ရှိရာအဆိုပါ စုပေါင်းအားကစားလှုပ်ရှားမှုများ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်များပြားလာစေရေးနှင့် အားကစားသည် ကျန်းမာရေးကိုတိုက်ရိုက်အထောက်အကူပြုကြောင်း၊ အားကစားအောင်မြင်မှုသည် နိုင်ငံတစ်ခု၏ဂုဏ်၊ လူမျိုးတစ်မျိုး၏သိက္ခာဖြစ်ကြောင်း၊ အားကစားမြှင့်တင်တည်ဆောက်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်ကြောင်း၊ အားကစားအောင်မြင်မှုသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို ရောင်ပြန်ဟပ်စေကြောင်း၊ အားကစားတိုးတက်မြင့်မားခြင်းသည် နိုင်ငံတော်၏ ဂုဏ်သိက္ခာအဆင့်အတန်းနှင့် အခြေအနေကို ဖော်ပြနေခြင်းဖြစ်ကြောင်းတို့ကို ပြည်သူလူထုအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် သိရှိလာစေရေး၊ မြန်မာ့အားကစားအဆင့်အတန်း ရေရှည်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဆောင်ရွက်သင့်မည့် ဆောင်ရွက်ရမည့်အချက်များ၊ အမျိုးသားအားကစားအဆင့်အတန်းတိုးတက်စေရေးအတွက် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ပြည်သူတစ်ရပ်လုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားနိုင်ရေးတို့အား စည်းရုံးဆွဲဆောင်စေရေးတို့အတွက် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ်ဓာတ်ပုံ၊ ဆောင်းပါးနှင့် ဝတ္ထုတိုပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်သည်။

ဆောင်းပါးပြိုင်ပွဲအတွက် ကွန်ပျူတာစာလုံး Font Size (14) အရွယ်အစားဖြင့် A4 စာမျက်နှာ(၇)မျက်နှာထက်မနည်း၊ (၈)မျက်နှာထက်မများ၊ ဝတ္ထုတိုပြိုင်ပွဲအတွက် ကွန်ပျူတာစာလုံး Font Size(14) ဖြင့် A4 အရွယ်အစားဖြင့် A4 စာမျက်နှာ(၁၀)မျက်နှာထက်မနည်း၊ (၁၁)မျက်နှာထက်မများ မိမိတို့ကြိုက်နှစ်သက်ရာခေါင်းစဉ်ဖြင့် ရေးသားယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲဝင်ရောင်စုံဓာတ်ပုံများကို ၁၀ လက်မ×၁၂ လက်မအရွယ်ဖြင့် အကန့်အသတ်မရှိ တင်သွင်းယှဉ်ပြိုင်နိုင်ပြီး ၂၀၁၄ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုပေါ်လွင်စေရမည့်အပြင် ဓာတ်ပုံခေါင်းစဉ်ဖော်ပြရမည်။

အထက်ဖော်ပြပါ ဝတ္ထုတို၊ ဆောင်းပါးနှင့် ဓာတ်ပုံပြိုင်ပွဲဝင်စာမူများနှင့် ဓာတ်ပုံများကို ၁၇-၁-၂၀၁၅ ရက်နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး လူထုအားကစားနှင့် ပညာပေးဌာနခွဲ အားကစားဝန်ကြီးဌာန နေပြည်တော် ရုံးအမှတ်(၃၁)သို့ လိပ်မူကာပေးပို့ကြရန်နှင့်စာမူနှင့်အတူ လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ ပေါ်လွင်ထင်ရှားသော နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူမှန်တစ်စောင်၊ ကိုယ်တိုင်ရေးသားကြောင်းဝန်ခံချက်တစ်စောင်တို့ ပါရှိရမည်ဖြစ်ပြီး အဆိုပါအချက်အလက်များအားလုံးထည့်သွင်းထားသည့် Soft Copy တစ်ချပ်ကိုပါ ထည့်သွင်းပေးပို့ကြရန်ဖြစ်သည်။

ပြိုင်ပွဲတွင် လက်ခံရရှိသော စာမူများနှင့် ဓာတ်ပုံများအနက် ဆုရရှိသည့် ဝတ္ထုတို၊ ဆောင်းပါးနှင့်ဓာတ်ပုံများအတွက် ပထမဆု ကျပ်ခြောက်သိန်း၊ ဒုတိယဆု ကျပ် ငါးသိန်း၊ တတိယဆု ကျပ်လေးသိန်းနှင့် နှစ်သိမ့်ဆု ကျပ်သုံးသိန်း အသီးသီးချီးမြှင့်သွားမည်ဖြစ်သည်။

ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိကြသည့် ဆုရစာမူများကို နေ့စဉ်ထုတ် သတင်းစာများနှင့် အားကစားဂျာနယ်များတွင် ဂုဏ်ပြုဖော်ပြသွားမည်ဖြစ်ရာ စာမူပေးပို့ရန် သတ်မှတ်ရက်ထက်နောက်ကျပေးပို့လာသော စာမူများ၊ ဓာတ်ပုံများ၊ သတ်မှတ်ထားသည့် စာရွက်စာတမ်း၊ အထောက်အထားမပြည့်စုံသော စာမူများနှင့်ဓာတ်ပုံများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ကြောင်း၊ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၆၀၂၆၊ ၀၆၇-၄၀၆၀၂၇၊ ၀၉-၂၀၀၂၁၉၆၊ ၀၉-၄၄၈၅၃၅၃၁၁ တို့သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မန္တလေးတိုင်းဒေသကြီးအတွင်း ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး တွေ့ဆုံဆွေးနွေး



**နေပြည်တော် အောက်တိုဘာ ၁၈**

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဌေးအောင်သည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရန်ဝင်းနှင့် အဖွဲ့ချုပ်မှ အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့်အတူ အောက်တိုဘာ ၁၇ ရက် ညနေပိုင်းတွင် မန္တလေးတိုင်းဒေသကြီးသို့သွားရောက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တွေ့ဆုံပြီး မန္တလေးတိုင်းဒေသကြီးအတွင်း ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များအတွက် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မန္တလေးမြို့ရှိ Hill Resort Hotel ၌ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (မန္တလေးဇုန်) ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဟိုတယ်များမှ ဟိုတယ်မန်နေဂျာများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း (မန္တလေးဇုန်)မှ အဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ လက်ရှိဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ၊ ဟိုတယ်များတွင် စီမံခန့်ခွဲသည့် တာဝန်ရှိသူမှအစ ဝန်ထမ်းများအားလုံး လုံခြုံရေးအသိအမြင်ရှိရန် လိုအပ်မှုများနှင့် ဟိုတယ်များ၌ ထူးခြားဖြစ်စဉ်များဖြစ်ပေါ်လာခဲ့ပါက တာဝန်ရှိသူများထံ အချိန်နှင့်တစ်ပြေးညီသတင်းပို့တင်ပြနိုင်ရေး စီစဉ်ဆောင်ရွက်ရန် အချက်များကို ရှင်းလင်းမှာကြားသည်။

ထို့နောက် တက်ရောက်လာကြသူများ၏ တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းပြောကြားပြီး ဒေသတွင်း၌ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးအတွက် မန္တလေးဇုန်ရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များ အချင်းချင်းပူးပေါင်းပြီး ညီညီညွတ်ညွတ်ကြိုးစားဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ်၌ ကျင်းပသည့် ဒုတိယအကြိမ် အာဆီယံထိပ်သီးအစည်းအဝေးသို့တက်ရောက်ကြမည့် ဧည့်သည်တော်များနှင့်ကိုယ်စားလှယ်များ အဆင်ပြေစွာ တည်းခိုနေထိုင်နိုင်ရေးအတွက် နေပြည်တော်ဟိုတယ်ဇုန်ရှိ ဟိုတယ်များမှ အထွေထွေမန်နေဂျာများနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မကြာမီနေပြည်တော်၌ ကျင်းပမည့် ဒုတိယအကြိမ် အာဆီယံထိပ်သီးအစည်းအဝေးတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအပြင် မိတ်ဖက်နိုင်ငံများမှဧည့်သည်တော်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ အကြီးအကဲများ တက်ရောက်ကြမည်ဖြစ်ပါကြောင်း၊ ဟိုတယ်များအနေဖြင့် ဧည့်သည်များ၏ တည်းခိုနေထိုင်ရေးနှင့် စားသောက်ရေးအပိုင်းများတွင် အဆင်ပြေအောင် အလေးထားဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း၊ ဧည့်သည်များအား ကောင်းမွန်သောဝန်ဆောင်မှုများပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်မှုအပိုင်း၌ အဆောက်အအုံပိုင်းအပြင် ဟိုတယ်ဝင်းအတွင်းရှိ ပတ်ဝန်းကျင်မြေယာအခင်းအကျင်းများကိုပါ သပ်ရပ်လှပအောင်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထို့အပြင် မိမိတို့ကျွေးမွေးမည့်အစားအစာများ သန့်ရှင်းလတ်ဆတ်ရေး၊ ဧည့်သည်တော်များလုံခြုံရေးတို့နှင့်စပ်လျဉ်း၍ အထူးဂရုပြုပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဇော်ဝင်းနှင့် အာဆီယံရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူတို့က နိုင်ငံတကာမှ လာရောက်ကြမည့် ဧည့်သည်တော်ကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား ဟိုတယ်အသီးသီး၌ နေရာချထားမှု လျာထားအစီအစဉ်များကို ရှင်းလင်းပြောကြားကြပြီး တက်ရောက်လာကြသည့် ဟိုတယ်အထွေထွေမန်နေဂျာများက ၎င်းတို့ သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီး၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အာဆီယံရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က ပြန်လည်ရှင်းလင်းပြောကြားခြင်း၊ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

**○မန္တလေးမြို့မှ**

ပရိတ်အိုးရွက်သည့် လှပျိုဖြူနှင့် ရွှေသက်န်းကိုင်ဆောင်သူ၊ တခွန်လုံးကိုင်ဆောင်သူ၊ ကံသာအိုးကိုင်ဆောင်သူ၊ ကွမ်းတောင်၊ ပန်းတောင်ကိုင်သူ၊ ဖလားပိုက်သူ၊ ရွှေဝင်း၊ နောက်ဝင်း၊ ပုဂံဝင်း၊အလှူ့ဒါယကာ၊အလှူ့ဒါယိကာမစုံတွဲများ၊ ရှင်လောင်းမြင်းများ၊ နားဖောက်သည်လှည်းများ အစီအစဉ်တကျထားလေ့ရှိသည်။ ထိုအစီအစဉ်များကြားတွင် မြန်မာ့ရိုးရာစည်တော်ကြီး၊ အိုးစည်ဒိုးပတ် ဆိုင်းဝိုင်းများကို သင့်သလိုကြားညှပ်ထည့်လေ့ရှိသည်။

မန္တလေးမြို့ပေါ်တွင်ကျင်းပသော ရှင်လောင်းလှည့်ပွဲများမှာ မြို့ပြအလေ့အထအတိုင်း ကားများဖြင့်လှည့်လည်ပြီး မန္တလေးဘိုးဘိုးကြီးနတ်ပြခြင်း၊ မဟာမြတ်မုနိဘုရားကြီးသို့ သွားခြင်းများပြုလုပ်လေ့ရှိသည်။ ယခုအခါ မန္တလေးမြို့ပေါ်တွင် ကျေးလက်သဘာဝအတိုင်း နွားလှည်းများ၊ ရွှေလှည်း၊ငွေလှည်းများပါထည့်သွင်းပြီး ရှင်လောင်းလှည့်ပွဲကို တခမ်းတနားဆင်နွဲလာကြသည်။ အထူးသဖြင့် မန္တလေးဘိုးဘိုးကြီးနတ်ပြပြီး မန္တလေးတောင်ခြေ ခြင်္သေ့ကြီးနှစ်ကောင်အနီးမှ ရှင်လောင်းလှည့်လာသည့် သဘာဝအလှမြင်ကွင်းမှာ မြို့ပြအတွက် အထူးအဆန်းဖြစ်နေသည်။ မန္တလေးသို့ လာရောက်လည်ပတ်သော နိုင်ငံတကာခရီးသွားဧည့်သည်များ၊ ပြည်တွင်းပြိုင်ပွဲဝင်ဓာတ်ပုံဆရာများ၊ ပန်းချီဆရာများမှာ မန္တလေးတောင်ခြေ ခြင်္သေ့ကြီးနှစ်ကောင်နှင့် နွားလှည်းအလှမြင်ကွင်းကို အထူးနှစ်ခြိုက်စွာဓာတ်ပုံရိုက်ယူလေ့ရှိသည်။ အထူးသဖြင့် နိုင်ငံတကာခရီးသွားဧည့်သည်များမှာ မန္တလေးတောင်ခြေ ခြင်္သေ့ကြီးနှစ်ကောင်နှင့် မန္တလေးအလှရှုခင်းကို အလှဆုံးသောရှုခင်း၊ အကောင်းဆုံးသောပန်းချီကားတစ်ခုဖြစ်သည်ဟု ချီးမွမ်းပြောကြားကြကြောင်း သိရသည်။

**တိမ်တမန်**

---

# စိတ်အာရုံကို ပြောင်းလဲခံစားစေနိုင်သည့် ပန်းချီအနုပညာ

**ရန်ကုန် အောက်တိုဘာ ၁၈**

မြန်မာမှုနယ်ပယ်တွင် ပန်း(၁၀)မျိုးအနက် ပန်းချီအနုပညာသည် လူတိုင်းစိတ်အာရုံပြောင်းလဲခံစားစေနိုင်သည်။ ပန်းချီဆရာ၏ စိတ်ကူးအကောင်အထည်ဖော်မှု အမျိုးမျိုးဖြင့် ဆေးစက်ကျရာ ပုံရိပ်ဖော်ရေးဆွဲကြသည်။ ထိုသို့ ရေးဆွဲဖော်ထုတ်ကြသည့် ပန်းချီအနုပညာများကို ပြည်သူများ ထဲထဲဝင်ဝင်တွေ့၊ ထိ၊ သိ၊ မြင် ခံစားနိုင်ရန် ခင်းကျင်းပြသထားသည့် ပန်းချီအနုပညာပြခန်းများစွာအနက် လောကနတ်ပန်းချီပြခန်းသည် အထင်ကရပြခန်းတစ်ခုအဖြစ်ပါဝင်သည်။ လောကနတ်ပန်းချီ အနုပညာပြခန်းတည်ရှိရာ ရန်ကုန်မြို့ အမှတ်(၆၂) ပန်းဆိုးတန်းလမ်း၌ မန်နေဂျာ ဖြစ်သူအား တွေ့ဆုံမေးမြန်းခွင့်ရခဲ့ရာ အချို့ကို ပြန်လည်ဖောက်သည်ချလိုက်ပါသည်။

**ဦးအောင်မြင့်ထွန်း**
**လောကနတ်ပန်းချီပြခန်း(မန်နေဂျာ)**

"လောကနတ်အလှပညာ ပန်းချီပြခန်းကို ၁၉၇၁ ခုနှစ်ကဖွင့်ခဲ့ပါတယ်။ လောကနတ်ပန်းချီပြခန်းမှာ ပန်းချီဆရာ အဖွဲ့ဝင် ၂၇ ဦး၊ ပန်းချီကားပေါင်း ၃၅ ကားရှိပါတယ်။

ပန်းချီဆရာတွေ ရေးဆွဲတဲ့အခါ စိတ်ကူးမတူကြဘူး။ တချို့က ဝါသနာကြောင့်ရယ်။ တချို့အသက်မွေးဝမ်းကျောင်းလုပ်မယ်ဆိုပြီး လုပ်ကြတယ်။ တချို့ကျတော့ ဝါသနာက တစ်ဖက်၊ မျိုးစုံရှိတာပေါ့။ မြန်မာတစ်နိုင်ငံလုံးမှာ လောကနတ်ပန်းချီပြခန်းတစ်ခုထဲရှိပါတယ်။ မြန်မာတစ်နိုင်ငံလုံးမှာ မနှစ်က ပန်းချီပြခန်းစာရင်းအရ ၆၀ လောက်ရှိတယ်။ ရန်ကုန်ပန်းချီပြခန်းမှာက ၄၅ ခုလောက်ရှိတယ်။ တချို့ကတော့ ပန်းချီဆရာကိုယ်တိုင် ပန်းချီပြခန်းဖွင့်တယ်၊ တချို့က ပန်းချီပြခန်းကိုစနစ်တကျဖွဲ့စည်းပြသတာရှိတယ်။ တချို့ကျတော့ ပန်းချီဆရာလည်း မဟုတ်ဘူး။ တခြားတစ်နေရာက ပန်းချီကားဝယ်တယ်၊ ပန်းချီပြခန်းဖွင့်တယ်။ ပြပွဲတွေ လုပ်နေတာရှိတယ်။ တချို့က ကိုယ်စုဆောင်းတာတွေကို ဝယ်ပြီးတော့ ရောင်းတာ၊ ပြသတာလည်းရှိတယ်။ ပန်းချီဆရာက ကိုယ်ဆွဲတဲ့ပန်းချီကိုပဲ ရောင်းတယ်။ ပန်းချီက မျိုးစုံရှိတယ်။ တစ်ခုနဲ့တစ်ခုက မတူပါဘူး။ အမျိုးမျိုး ပုံစံအမျိုးမျိုး အဲဒီလိုလုပ်နေတာ ပြခန်း ၄၀ လောက်ရှိတယ်။ စတူဒီယိုလို့လည်းပြောလို့ရတယ်။ ပန်းချီပြခန်းလို့လည်း ပြောလို့ရတယ်။ စတူဒီယိုကျတော့ ပန်းချီဆရာတစ်ယောက်တည်းပေါ့။ သူ့အိမ်လည်းဖြစ်တယ်။ သူ့ပန်းချီအလုပ်ခန်းလည်းဖြစ်တယ်။ သူ့ပန်းချီကားတွေလည်း ချိတ်ထားတယ်။ ဧည့်သည်လာကြည့်လို့ရတယ်။ ပန်းချီကားတွေကို ရောင်းတယ်။ ပန်းချီဆရာနဲ့ တိုက်ရိုက်ဆက်သွယ်လို့ရတယ်။

ပန်းချီပြခန်းဆိုတာတော့ ပန်းချီဆရာနဲ့တိုက်ရိုက်တွေ့လို့ မရဘူး။ ပန်းချီဆရာက ပန်းချီပြခန်းမှာတင်ထားတယ်။ ပန်းချီပြခန်းကနေ ပန်းချီဆရာ ပတ်သက်တာ အကုန်လုံးလုပ်ပေးတယ်။ ပြီးတော့မှ ရောင်းတဲ့အခါ ရာခိုင်နှုန်းအလိုက်ယူတယ်။

ပန်းချီပြခန်းကို မူလပန်းချီပြခန်းလို့လည်း ခေါ်တယ်။ ပန်းချီဆရာတွေဆီက ပန်းချီကားတွေဝယ်တယ်။ သူတို့က တခြားသင့်တင့်တဲ့ ဈေးနှုန်းနဲ့ ပြန်ရောင်းတာမျိုးကို ထပ်ဆင့်ပန်းချီပြခန်းလို့ ခေါ်တယ်။ ပန်းချီပြခန်းမှာ နှစ်မျိုးရှိတယ်။ လောကနတ်ပန်းချီပြခန်းကတော့ မူလပန်းချီပြခန်းအမျိုးအစားလို့ခေါ်ပါတယ်။ မူလပန်းချီပြခန်းနဲ့ ထပ်ဆင့်ပန်းချီပြခန်းကို ဆက်သွယ်တဲ့ ပန်းချီဆရာရဲ့စတူဒီယိုတွေရှိတယ်။ သူတို့အိမ်မှာ ရေးဆွဲတယ်။ ပြီးရင် ပန်းချီကားချိတ်ထားတယ်။ နိုင်ငံခြားသားတွေ လာရောက်ဝယ်ယူလို့ရတယ်။ အဲဒီလိုမျိုးလုပ်နေတဲ့ ပန်းချီဆရာတွေလည်းရှိတယ်။

ပန်းချီပြခန်းတစ်ခုမှာဆိုရင် ဒါရိုက်တာ၊ မန်နေဂျာ၊ ပန်းချီဆရာနဲ့ ပတ်သက်တာတွေရှိတယ်။ စတူဒီယိုမှာ ပန်းချီဆရာတစ်ယောက်တည်းရှိတယ်။ သူပဲရှင်းပြပြီး သူဆွဲတဲ့ ပန်းချီကားတွေပဲရှိတယ်။ ပန်းချီကားကို ရေးဆွဲတဲ့အခါ ရေဆေး၊ ဆီဆေးနဲ့ ဓာတုဗေဒဆေးတို့ရှိတယ်။ တချို့ အမျိုးမျိုးစပ်ပြီး ရေးဆွဲကြတယ်"ဟု ပြောပြသည်။

**(ဥမ္မာသန့်)**

---

# အသိပေးကြေညာခြင်း

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနသည် ပြည်သူတစ်ရပ်လုံးစားနပ်ရိက္ခာဖူလုံစေရေးနှင့် ဘေးကင်း သန့်ရှင်းလတ်ဆတ်သော အစားအစာများစားသုံးနိုင်ရေးအတွက် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် မျိုးကောင်းမျိုးသန့် အသားစားနွား၊ နို့စားနွားမျိုးများတင်သွင်းခြင်းအား ကူညီအားပေးခြင်းနှင့် နိုင်ငံတကာအကူအညီဖြင့်လည်း နို့စားနွားမွေးမြူရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ပြည်ပမှ တင်သွင်းသော မျိုးကောင်းမျိုးသန့်အသားစားနွား၊ နို့စားနွားမျိုးများနှင့်ပြည်တွင်းဒေသနွားမျိုးများ သားစပ်၍ ရရှိလာသော စပ်နွားများအား ပြည်ပသို့ တင်ပို့ခွင့်ရရှိရေး မည်သည့်အထောက်အထားမှမလိုဘဲ လွတ်လပ်စွာ သယ်ယူရောင်းချခွင့်နှင့် ပြည်ပသို့ တင်ပို့ခြင်းများအား ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့် ပြည်တွင်းဒေသနွားမမျိုးငယ်များအား ထိန်းသိမ်းမွေးမြူသွားကြရန် အသိပေးကြေညာအပ်ပါသည်။

**မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**

---

**⁂ရှားပါးငှက်များမှ**

"ပုပ္ပားတောင်တစ်ဝိုက်မှာ တွေ့ရတဲ့ဒေသခံငှက်တွေကတော့ သစ်တောက်ငှက်၊ ကတ္တဝါ၊ ဇီးကွက်၊ ခို၊ ချိုးလည်ပြောက်၊ စွန်၊ သပိတ်လွယ်၊ သိန်းငှက်၊ သာလိကာ၊ ဆက်ရက်စတဲ့ အမျိုးအစား ၇၀ လောက်ရှိပါတယ်။ အဲဒီလိုပဲ မြန်မာနိုင်ငံကိုအလည်ရောက်လာတဲ့ ဆောင်းခိုငှက်အမျိုး ၃၀ ကျော်လည်း ရှိပါသေးတယ်" ဟု ပုပ္ပားဒေသခံ သဘာဝထိန်းသိမ်းရေးပြုလုပ်နေသူက ပြောပြသည်။

ငှက်သတ္တဝါများနှင့်ပတ်သက်၍ သိပ္ပံပညာရှင်တို့၏ သုတေသနပြုချက်အရ ကမ္ဘာပေါ်တွင် ငှက်အမျိုးပေါင်း ၈၆၀၀ ရှိရာ မြန်မာနိုင်ငံတွင် အမျိုး ၁၁၀၀ ခန့်ရှိကြောင်း မှတ်သားရသည်။ မလေးရှားနိုင်ငံတွင် ၇၂၅ မျိုး၊ စင်ကာပူနိုင်ငံတွင် ၃၃၅ မျိုး၊ ထိုင်းနိုင်ငံတွင် ၉၁၅ မျိုးရှိရာ မြန်မာနိုင်ငံက ငှက်အမျိုးပေါင်း ပိုမိုများပြားကြောင်း လေ့လာသိရှိရသည်။ ဥရောပတိုက်တွင် ငှက်အမျိုးအစား ၄၀၀ မျှသာရှိပြီး မြောက်အမေရိကတိုက်တွင် ၆၄၅ မျိုးသာလျှင်ရှိသောကြောင့် ငှက်ကြည့်ပညာရှင်များနှင့် ဝါသနာရှင်အများစုသည် မြန်မာနိုင်ငံသို့ ငှက်များ လာရောက်ကြည့်ရှုလေ့လာမှု ပိုမိုများပြားကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

---

**❒ မြန်မာအသင်းမှ**

ပယ်နယ်တီဂိုးဖြင့်သာ ပြီးဆုံးခဲ့သည်။

ဒုတိယပွဲတွင် လာအိုအသင်းက တီမောအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ယခုပွဲအပြီးတွင် သုံးပွဲကစား ကိုးမှတ်ရရှိသည့် လာအိုအသင်းနှင့် သုံးပွဲကစား ခုနစ်မှတ်ရရှိသည့် မြန်မာအသင်းတို့မှာ ခြေစစ်ပွဲ အောင်မြင်ခဲ့သည်။ ပွဲကုန်လေးပွဲကစား လေးမှတ်ရရှိခဲ့သည့် တီမော၊ သုံးပွဲကစားသုံးမှတ်ရရှိသည့် ကမ္ဘောဒီးယားနှင့် သုံးပွဲစလုံးရှုံးထားသည့် ဘရူနိုင်းတို့မှာ ခြေစစ်ပွဲမအောင်ခဲ့ပေ။ မြန်မာနှင့်လာအိုအသင်းတို့မှာ ပထမနေရာအတွက် အောက်တိုဘာ ၂၀ ရက်တွင် ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**(စိုးညွန့်)**

---

**အားကစားမြှင့်တင် အောင်ပွဲဆင်**
**ဆန့်ကျင်မူးယစ်ဆေး**

## ခရီးသွားပြည်သူများ အဆင်ပြေစေရေးအတွက် မြို့ပတ်နှင့် ဆင်ခြေဖုံးရထားများတွင် ၅၀ ကျပ်နှင့် ၁၀၀ ကျပ်တန် လက်မှတ်များ ရောင်းချမည်

**နေပြည်တော် အောက်တိုဘာ ၁၈**

ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးရထားများကို အသုံးပြုနေသူခရီးသည်များ အဆင်ပြေစေရေးအတွက်လည်းကောင်း၊ ရန်ကုန်မြို့တွင်း ယာဉ်ကြောပိတ်ဆို့မှုများကို တတ်နိုင်သမျှ ဝိုင်းဝန်းကူညီဖြေရှင်းပေးရေးအတွက် လည်းကောင်း မြို့ပတ်နှင့် ဆင်ခြေဖုံးရထားပြေးဆွဲမှု အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို မြန်မာ့မီးရထားမှ ကြိုးစားဆောင်ရွက်လျက်ရှိရာ မြို့ပတ်ရထားများတွင် အထူးတွဲများချိတ်ဆက်ခြင်း၊ Air-Con မြို့ပတ်ရထားများပြေးဆွဲခြင်းကို အဆင့်ဆင့်ဆောင်ရွက်လျက်ရှိရာ နေ့စဉ်တွဲဆိုင်း ၂၃ ဆိုင်းဖြင့် ခရီးစဉ် ၂၁၅ ခေါက်ပြေးဆွဲပေးလျက်ရှိသည်။

မြို့ပတ်ရထားများ အဆင့်မြှင့်ခြင်းလုပ်ငန်းနှင့်အတူ မြို့ပတ်ရထားစီးခရီးသည်များ လက်မှတ်ခဈေးနှုန်းကို ချိုသာစွာဖြင့် ဝယ်ယူနိုင်စေရေးအတွက် Air-Con ရထားလက်မှတ်များကို ကျပ် ၄၀၀ မှ ကျပ် ၃၀၀ သို့လည်းကောင်း၊ အထူးတွဲဆိုင်းမြို့ပတ်ရထားလက်မှတ်များကို ကျပ် ၃၀၀ မှ ကျပ် ၂၀၀ သို့လည်းကောင်း လျှော့ချပေးခဲ့ပြီး ဖြစ်သည့်အပြင် ယခုအခါ လက်ရှိကျပ် ၁၀၀ တန် ခရီးစဉ်နှစ်ခုအသုံးပြုနိုင်သော လက်မှတ်များအား ၁၅ မိုင်အထိ ကျပ် ၅၀၊ ၁၅ မိုင်မှ မိုင် ၃၀ အထိ ကျပ် ၁၀၀နှင့် မြို့တစ်ပတ်လျှင် ကျပ် ၁၀၀ လက်မှတ်ရောင်းချမှုစနစ်ကို နိုဝင်ဘာ ၁ ရက်မှ စတင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

လက်ကိုဆပ်ပြာဖြင့် စနစ်တကျစင်ကြယ်အောင်

ဆေးကြောခြင်းဖြင့် ကူးစက်မြန်အီဘိုလာရောဂါအပါအဝင်

ကူးစက်ရောဂါများအား ကာကွယ်ကြပါစို့။

ကျန်းမာရေးဝန်ကြီးဌာန

## ပင်လည်ဘူးမြို့နယ်အတွင်း တရားမဝင်သစ် သိမ်းဆည်းရမိ

**ပင်လည်ဘူး အောက်တိုဘာ ၁၈**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနမှ တရားမဝင်သစ်ဖမ်းဆီးရေး၊ ကြိုတင်ကာကွယ်တားဆီးရေးနှင့် စည်းရုံးဟောပြောခြင်းလုပ်ငန်းများအား အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့နယ်အတွင်းရှိ ကြိုးဝိုင်းတောများ၊ ကြိုးပြင်ကာကွယ်တောများနှင့် ကြိုးပြင်တောဧရိယာများအတွင်း တရားမဝင်သစ်ထုတ်လုပ်မှုများအား စုံစမ်းရှာဖွေဖော်ထုတ်ဖမ်းဆီးခြင်းလုပ်ငန်းများကို ဦးစီးအရာရှိ ဦးသန်းနိုင်(၃) ဦးဆောင်သော သစ်တောဝန်ထမ်းများက စစ်ကြောင်းအသွင်ဖြင့် အောက်တိုဘာ ၁ ရက်မှ ၁၀ ရက်အထိ ဆောင်ရွက်ခဲ့ရာ တရားမဝင် ကျွန်းသစ်အလုံး ၃၀ (၉ ဒသမ ၅၂၄ တန်)၊ ကျွန်းတိုင် ၁၀ လုံး (၁ ဒသမ ၄၈၀ တန်)၊ တမလန်းခွားရွေ ၁၉၇ တုံး (၂၅ ဒသမ ၈၂၁၀ တန်)နှင့် အင်ခွဲသား ၂၉ ချောင်း (၂ ဒသမ ၃၆၂၀ တန်) စုစုပေါင်း (၃၈ ဒသမ ၂၁၇၀ တန်)အား ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ကြောင်းသိရသည်။

နေလင်းအောင်(မုံရွာ)



## တောင်ကြီးအေးသာယာစက်မှုဇုန်၌ စက်မှုနှင့်အသက်မွေးပညာရွေ့လျားသင်တန်းဖွင့်

**နေပြည်တော် အောက်တိုဘာ ၁၈**

ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် အသိပညာ၊ အတတ်ပညာများ ဖွံ့ဖြိုးတိုးတက်စေရန် စက်မှုညွှန်ကြားမှုဦးစီးဌာန လူ့စွမ်းအားအရင်းအမြစ်ဌာန၏ ကြီးကြပ်မှုဖြင့်စက်မှုသင်တန်းကျောင်းများ၌ စက်မှုနှင့်အသက်မွေးပညာရွေ့လျားသင်တန်း (Mobile Vocational Training Unit) များကို တိုးချဲ့ဖွဲ့စည်းပြီး လိုအပ်ချက်ရှိရာ အရပ်ဒေသများသို့ သွားရောက်၍ စက်မှုနှင့်အသက်မွေးပညာရပ်များကို ကျယ်ကျယ်ပြန့်ပြန့်ဖွင့်လှစ်သင်ကြားပို့ချပေးလျက်ရှိသည်။

စက်မှုဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ပူးပေါင်းပံ့ပိုးစီစဉ်မှု၊ စက်မှုညွှန်ကြားရေးဦးစီးဌာန၏ အနီးကပ်ကြီးကြပ်မှုဖြင့် စက်မှုနှင့်အသက်မွေးပညာရွေ့လျားသင်တန်း အမှတ်စဉ်(၅) ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၄ ရက် နံနက်ပိုင်းက ရှမ်းပြည်နယ် တောင်ကြီးမြို့ အေးသာယာစက်မှုဇုန်ခန်းမ၌ ပြုလုပ်ခဲ့ရာ အခမ်းအနားသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌများ၊ စက်မှုညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများ၊ အေးသာယာစက်မှုဇုန်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဖိတ်ကြားထားသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးနိုင်ဝင်းနှင့် စက်မှုညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသွင်မြင့်မောင်တို့က သင်တန်းဖွင့်အမှာစကားပြောကြားခဲ့သည်။

ယခုဖွင့်လှစ်သည့် သင်တန်း၌ စိုက်ပျိုးရေးလုပ်ငန်းသုံးအသေးစား အင်ဂျင်နှင့်မော်တော်ဆိုင်ကယ်အင်ဂျင်ပြုပြင်ထိန်းသိမ်းခြင်းပညာရပ်တို့ကို ရက်သတ္တလေးပတ်ကြာဖြင့် လည်းကောင်း၊ သံဂဟေဆက်ပညာရပ်ကို သင်တန်းတစ်ကြိမ်လျှင် ရက်သတ္တနှစ်ပတ်ကြာဖြင့် သင်တန်း (၂)ကြိမ်ကိုလည်းကောင်း စာတွေ့၊ လက်တွေ့ဖြင့် အမှတ်(၂) စက်မှုသင်တန်းကျောင်း (မန္တလေး)မှ အတွေ့အကြုံရှိ ကျွမ်းကျင်နည်းပြဆရာများက သင်ကြားပေးသွားမည်ဖြစ်သည်။

သင်တန်းသို့တောင်ကြီးခရိုင် အတွင်းရှိ တောင်ကြီးမြို့နယ်၊ ဟိုပုံးမြို့နယ်၊ ရွာငံမြို့နယ်၊ ပင်လောင်းမြို့နယ်၊ လွိုင်လင် ခရိုင်အတွင်းရှိ လွိုင်လင်မြို့နယ်၊ နမ့်စန်မြို့နယ်၊ ကျေးသီးမြို့နယ်၊ မိုင်းကိုင်မြို့နယ်၊ မိုင်းရှူးမြို့နယ်၊ လင်းခေးခရိုင်မှ မိုးနဲမြို့နယ်နှင့် အေးသာယာစက်မှုဇုန်တို့မှ သင်တန်းသားကျား ၄၉ ဦး၊ မ ခြောက်ဦး စုစုပေါင်း သင်တန်းသား ၅၅ ဦးတို့တက်ရောက်ကြပြီး ယင်းသင်တန်းမှထူးချွန်သူများအနေဖြင့် အာရှဖွံ့ဖြိုးရေးဘဏ် ADB ၏ အထောက်အပံ့ဖြင့် ၂၀၁၄ ခုနှစ် ဒီဇင် ဘာလအတွင်း အမှတ်(၂) စက်မှုသင်တန်းကျောင်း (မန္တလေး)၌ဖွင့်လှစ်မည့် ကာလတိုသုံးလသင်တန်းသို့ အခမဲ့ ဆက်လက်တက်ရောက် သင်ကြားနိုင်မည်ဖြစ်သည်။

စက်မှုဝန်ကြီးဌာနအနေဖြင့် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ပူးပေါင်း၍ စက်မှုနှင့်အသက်မွေးပညာရွေ့လျား သင်တန်းအမှတ်စဉ်(၁)၊ (၂)နှင့်(၄)တို့ကို ပခုက္ကူခရိုင် ကမ္ဘစံပြကျေးရွာ၊ မြစ်ခြေကျေးရွာနှင့်မြိုင်မြို့နယ် အောင်သုခစံပြကျေးရွာတို့၌ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ပူးပေါင်း၍ သင်တန်းအမှတ်စဉ် (၃) ကို လက်ပံတောင်းတောင်ဒေသ၊ ဆည်တည်း-ဇီးတောရွာသစ်၌ လည်းကောင်း ဖွင့်လှစ်ပေးခဲ့ပြီး ဒေသခံသင်တန်းသား ၁၉၈ ဦးကို လေ့ကျင့်သင်ကြားပေးခဲ့ပြီးဖြစ်ကြောင်းနှင့် အလားတူသင်တန်းများကို ကျန်ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့များနှင့်ပူးပေါင်း၍ လိုအပ်ချက်ရှိရာ ဒေသများ၌ ဆက်လက်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

## ကလေးမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၁၉၆၀ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၁၈**

မူးယစ်တပ်ဖွဲ့စု (၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော အဖွဲ့သည် အောက်တိုဘာ ၁၅ ရက်တွင် ကလေးမြို့အထွက် သာစည်ပူးပေါင်းစစ်ဆေးရေးစခန်း၌ ယာဉ်အမှတ် ၆ဂ/. . . ခရီးသည်တင်မှန်လုံယာဉ်အား ရှာဖွေရာ ခုံအမှတ် (၂၈)တွင် လိုက်ပါလာသည့် ခွန်နန်း၏ ကျောပိုးအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၆၀ ၊ ခုံအမှတ် (၂၇၊ ၂၈၊ ၃၂) ပေါင်းလျက် လက်မှတ်တစ်စောင်နှင့် ခွန်နန်း၊ အောင်စံသူနှင့် ချမ်းငြိမ်းမောင်တို့အမည်ပါ နိုင်ငံသား စိစစ်ရေးကတ် သုံးခုတို့အား သိမ်းဆည်းရမိခဲ့သည်။

ခွန်နန်းအား စစ်ဆေးဖော်ထုတ်ချက်အရ အောင်စံသူနှင့် ချမ်းငြိမ်းမောင်တို့မှာ မူးယစ်ဆေးဝါးများအား ၎င်းနှင့်အတူ ပါဝင်သယ်ဆောင်သူများဖြစ်ကြောင်း သိရှိရသဖြင့် ခွန်နန်း(၂၃)နှစ်၊ အောင်စံသူ(၁၉)နှစ်နှင့် ချမ်းငြိမ်းမောင်(၁၉)နှစ်တို့ သုံးဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

(ရဲပြန်ကြား)



**ခွန်နန်း၊ အောင်စံသူနှင့် ချမ်းငြိမ်းမောင်တို့ သုံးဦးအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။**

## အောင်ဇေယျကြိုးတံတားပေါ်တွင် အရှိန်မထိန်းနိုင်သည့် ကွန်တိန်နာယာဉ် စက်ဘီးနှစ်စီးကိုတိုက်ပြီး သံပေါင်လက်ရန်းအားထပ်မံတိုက်မိ

**ရန်ကုန် အောက်တိုဘာ ၁၈**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အောင်ဇေယျကြိုးတံတားပေါ်တွင် အောက်တိုဘာ ၁၆ ရက် ည ၉ နာရီ ၁၅ မိနစ်က လှိုင်သာယာမှ အင်းစိန်ဘက်သို့ ယာဉ်မောင်း ထွန်းထွန်းလွင် (၂၄)နှစ် ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ကျားတင်ကျေးရွာနေသူ မောင်းနှင်လာသော ၄က/. . . မစ်ဆူဘီရှီ (ကွန်တိန်နာ) အရှည်ပေ ၂၀ ယာဉ်သည် အောင်ဇေယျတံတားပေါ်တွင် အရှိန်မထိန်းနိုင်ဘဲ မောင်လပြည့် (၁၉)နှစ်၊ မောင်မျိုးသန့် (၁၉)နှစ် ကမ်းနားအလယ်နှင့် ပေါက်တော ရပ်ကွက်နေသူတို့၏ ရပ်ထားသော ဂျပန်စက်ဘီးနှစ်စီးအား တိုက်မိပြီး အောင်ဇေယျတံတားလူသွားလမ်းနှင့် ကားလမ်းအားခြားထားသည့် ကွန်ကရစ်သံပေါင်လက်ရန်းအား ထပ်မံတိုက်မိရာ ကွန်ကရစ်တန်းနှင့် လက်ရန်းသံပေါင် ၃၅ ပေခန့် ပျက်စီးသွားခဲ့သည်။ ယာဉ်တိုက်မှုကြောင့် လူထိခိုက်ဒဏ်ရာရရှိမှု မရှိသော်လည်း ယာဉ်မဆင်မခြင် မောင်းနှင်သူ ယာဉ်မောင်း ထွန်းထွန်းလွင်အား အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(၆၈၄)



## အောင်မင်္ဂလာ အဝေးပြေးကားဝင်းတွင် စိတ်ကြွရူးသွပ်ဆေးပြား ၆ ဒသမ ၉ သိန်း သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၁၈**

မူးယစ်တပ်ဖွဲ့စု(၄၂) ရန်ကုန်အနောက်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၀ ရက်က သတင်းအရ အောင်မင်္ဂလာအဝေးပြေးဝင်းရှိ ရန်ကုန်-စစ်တွေ ကြံတိုင်းအောင်ကားဂိတ် ကုန်စည်ဂိုဒေါင်အတွင်းတွင် ဒေါ်သန်းတင် (STW) အမည်ဖြင့် ရန်ကုန်မှ စစ်တွေသို့ ပို့ဆောင်မည့် အဝတ်အထည် ဘေထုပ်များအား ရှာဖွေရာ ဘေထုပ်ခြောက်ထုပ်စီအတွင်းတွင် တစ်ထုပ်စီ၏ အဝတ်များကြားရှိ ပီနံအိတ်တစ်အိတ်စီအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား တစ်သိန်းစီပါ ခြောက်ထုပ်နှင့် ဘေထုပ်တစ်ထုပ် အတွင်းရှိ အဝတ်များကြားပီနံအိတ်တစ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၀၀၀၀ ပါ တစ်ထုပ် စုစုပေါင်းစိတ်ကြွရူးသွပ်ဆေးပြား ၆ ဒသမ ၉ သိန်း သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ မင်္ဂလာဈေးနေ ဇော်ဇော်က Suzuki မော်တော်ယာဉ်ဖြင့် လာရောက်ပို့ဆောင်ထားသော ဘေထုပ်များဖြစ်ကြောင်း စစ်ဆေးသိရှိရ၍ ပူးပေါင်းအဖွဲ့သည် အောင်မင်္ဂလာကားဝင်း အတွင်း အသွင်ယူ စောင့်ဆိုင်းနေစဉ် ကြံတိုင်းအောင် ကားဂိတ်သို့ အဝတ်အထည်ဘေထုပ် ခုနစ်ထုပ် လာရောက်ပို့ဆောင်သော ဇော်ဇော်(ခ) အောင်ကျော်ညွှန့်(ခ)တိုးမောင်အား ပို့ဆောင်ခဲ့သည့် မော်တော်ယာဉ်နှင့်အတူ ရောက်ရှိလာ၍ ဖမ်းဆီးပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

(သတင်းစဉ်)

# ထောက်ကြန့်လမ်းဆုံတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဖောက်ဖျက်နေဆဲ

**ရန်ကုန် အောက်တိုဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်လမ်းဆုံသည် ရန်ကုန်-ပြည်လမ်းနှင့် ရန်ကုန်-မန္တလေးလမ်းမကြီးတို့၏ လမ်းဆုံဖြစ်သဖြင့် ယာဉ်အသွားအလာရှုပ်ထွေးသောနေရာဖြစ်သည်။ ထိုလမ်းဆုံတွင် ပြည်၊ ပဲခူး၊ မန္တလေးဘက်မှ ရန်ကုန်ဘက်သို့ ဝင်လာသောယာဉ်များ၊ ပဲခူးဘက်မှ ပြည်ဘက်သို့ ချိုးကွေ့မည့် ယာဉ်များ၊ ပြည်ဘက်မှ ပဲခူးနှင့် မန္တလေးအမြန်လမ်းမကြီးဆီသို့ သွားသောယာဉ်များ စသည်ဖြင့် မော်တော်ယာဉ်ပေါင်းစုံ ဆုံတွေ့သည့်လမ်းဆုံဖြစ်သည်။

ထို့ကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် လမ်းဆုံရှိသုံးမြောင်ကျွန်းများအား ဖြူနီကျားဆေးသုတ်ခြင်း၊ ကတ္တရာလမ်းမနှင့် ပလက်ဖောင်းကြားတို့တွင် လူ၊ တိရစ္ဆာန်နှင့်ဈေးသည်များ မဖြတ်ကူးစေရန် သံဆန်ခါများ ကာရံခြင်းတို့ကို ပြုလုပ်ထားပြီးဖြစ်သည်။

သို့သော်လည်း ရန်ကုန်ဘက်မှ ဝင်ရောက်လာပြီး မှော်ဘီ-တိုက်ကြီးသို့ ပြေးဆွဲနေသော ယာဉ်များအားလုံးသည် လမ်းဆုံဖြူနီကျားတြိဂံကျွန်းအနီးတွင်သာရပ်ပြီး ခရီးသည်အတင်/အချပြုလုပ်လေ့ရှိသည်။ ထို့ပြင် ရန်ကုန်မြို့တွင်းသို့ ဝင်ခွင့်မရှိတော့သော မှော်ဘီ-တိုက်ကြီး-လက်ပံတန်းဟိုင်းလတ်ခရီးသည်တင်ယာဉ်များမှာလည်း ပဲခူးလမ်းဘက်မှကွေ့လာသော ကွေ့ကြောအား ပိတ်၍ ခရီးသည်စောင့်ဆိုင်းခေါ်ယူခြင်းပြုနေကြသည်ကို တွေ့ရှိရသည်။

ထို့အပြင် စည်းကမ်းမဲ့ဈေးသည်များ လမ်းပေါ်၌ ဆိုင်မထွက်နိုင်ရန် ကတ္တရာလမ်းမကြီးနှင့် ပလက်ဖောင်းကြားတွင် သံဆန်ခါများကာရံထားသော်လည်း သစ်သီးဆိုင်အများစုမှာ သံဆန်ခါအပြင်ဘက် ထွက်ပြီးကတ္တရာလမ်းပေါ်၌ ဈေးရောင်းထီးကြီးများဖွင့်ကာ ရောင်းချနေကြသည်ကို တွေ့သည်။ ပို၍ဆိုးသည်မှာ ထိုကွေ့ကြောပေါ်တွင် ယာဉ်မောင်းသူမရှိဘဲ ယာဉ်တစ်စီးရပ်နားထားသည်ကို တွေ့ရှိရခြင်းပင်ဖြစ်သည်။ ထိုကွေ့ကြောမှာ နံနက်ပိုင်းတွင် ဈေးသည်များ၊ လိုင်းကားများ၊ ဆိုင်ကယ်ကယ်ရီများဖြင့် လမ်းလျှောက်၍ မရလောက်အောင် ကျပ်လျက်ရှိကြောင်း နေ့စဉ်ခရီးသွားနေသူ တစ်ဦး၏ ပြောကြားချက်များအရ သိရသည်။

ထို့ကြောင့် ရန်ကုန်-မန္တလေးလမ်းနှင့် ရန်ကုန်-ပြည်လမ်းမကြီးတို့ဆုံရာ ထောက်ကြန့်လမ်းဆုံတွင် စည်းကမ်းမဲ့ရပ်နားသောလိုင်းကားများ၊ ဟိုင်းလတ်ယာဉ်များ၊ ဈေးသည်များ၊ တက္ကစီဆိုင်ကယ်များနှင့် ရှုပ်ထွေးပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်လျက်ရှိကြောင်း သိရသည်။

**(လင်းကိုကို)**

# ဘက်ထရီခေါင်းချောင်ရာမှ ကားမီးလောင်မှုဖြစ်ပွား

**ရန်ကုန် အောက်တိုဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ကြည့်မြင်တိုင်ကမ်းနားလမ်းပေါ် နတ်စင်လမ်းကားမှတ်တိုင်မရောက်မီ မြန်မာ့သစ်လုပ်ငန်း အမှတ်(၁)သစ်စက်အနီး၌ ယနေ့နံနက် ၇ နာရီခွဲက မော်တော်ယာဉ်တစ်စီး မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။

အဆိုပါ မီးလောင်ရာသို့ ကြည့်မြင်တိုင် မြို့နယ်မီးသတ်စခန်းမှ မီးသတ်ယာဉ်သုံးစီးဖြင့် သွားရောက်ငြိမ်းသတ်ခဲ့သည်။ ထိုမီးလောင်ကျွမ်းသောယာဉ်မှာ ဆူဇူကီးပစ်ကပ် (R-) အမျိုးအစား နီညိုရောင်၊ YGN 8E/. . . . ယာဉ်ဖြစ်ပြီး ဆင်မလိုက်ဘက်မှ သီရိမင်္ဂလာဈေးဟောင်းဘက်သို့အသွား လမ်းအလယ်တွင် မောင်းနှင်နေစဉ် ဘက်ထရီခေါင်းချောင်ကာ ရှော့ခ်ဖြစ်ပြီးလောင်ကျွမ်းခြင်းဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ သိရသည်။

ထိုမီးလောင်ကျွမ်းမှုမှာ ငြိမ်းသတ်ရင်း မီးအရှိန်မြင့်မားလာမှုကြောင့် မီးငြိမ်းသတ်ယာဉ်အမှတ် ဏ/. . . ၏ ခေါင်းခန်းယာဘက်ခြမ်းတံခါးမှာလည်း မီးဟပ်ခံရပြီး လောင်ကျွမ်းသည့်ယာဉ်တွင် လောင်စာဆီများ



ပါရှိခြင်းတို့ကြောင့် အခြေအနေဆိုးရွားမှုမျိုးမဖြစ်စေရန် မီးသတ်တပ်ဖွဲ့ဝင်များနှင့် တာဝန်သိပြည်သူများက သတိပြုငြိမ်းသတ်ခဲ့ရသည်။ “ခက်တာက ဝိုင်းကြည့်တဲ့လူတွေကြောင့် မီးငြိမ်းသတ်ရေးမှာ အနှောင့်အယှက်ဖြစ်ရတယ်။ တော်ကြာ မတော်တဆ ပေါက်ကွဲမှုဖြစ်ရင် မလွယ်ဘူး။ လူတွေကို မနည်းရှင်းထုတ်ရတယ်” ဟု ကြည့်မြင်တိုင်မြို့နယ် သာစု အနောက်ရပ်ကွက်တွင် နေထိုင်သူတစ်ဦးက ပြောသည်။

အဆိုပါ မီးလောင်ကျွမ်းမှုတွင် လောင်စာဆီများပါဝင်နေခြင်းကြောင့် နာရီဝက်ခန့်ကြာမြင့်ခဲ့ပြီး ယာဉ်တစ်စီးလုံး လောင်ကျွမ်းပြီးမှသာ မီးငြိမ်းသွားခဲ့ခြင်းဖြစ်သည်။ “ဒီလောင်ကျွမ်းတဲ့ယာဉ်ရဲ့နောက်ခန်းမှာ ဇလုံတွေနဲ့တင်ထားတဲ့ ကုန်ပစ္စည်းတွေနဲ့ ဒီဇယ်ဆီ ၁၀ ဂါလန်စီပါဝင်တဲ့ ဆီပုံးသုံးပုံးတွေ့ရပါတယ်”ဟု အဆိုပါ မီးလောင်ရာတွင် မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ စစ်ဆေးနေသည့် ရဲအရာရှိတစ်ဦးက ပြောသည်။

မီးလောင်ကျွမ်းခြင်းကြောင့် ဒက်ရှ်ဘုတ်၊ အင်ဂျင်ခန်း၊ ကူရှင်များ၊ လေကာမှန်၊ ဒီဇယ်ဆီ ၁၀ ဂါလန်ဝင် ဆီပုံးသုံးပုံး၊ အနောက်တာယာများ၊ တင်ဆောင်လာသည့် ကုန်ပစ္စည်းများ လောင်ကျွမ်းခံခဲ့ရသည်။

မီးလောင်မှုကြောင့် ယာဉ်မောင်းမှာ ယာဉ်ကိုထားကာ ထွက်ပြေးသွားကြောင်း လတ်တလောစုံစမ်းမှုများအရ သိရပြီး မီးငြိမ်းသတ်မှုလုပ်ငန်းများ လုပ်ကိုင်နေခြင်းကြောင့် ခေတ္တပိတ်ထားရသည့် ကြည့်မြင်တိုင်ကမ်းနားလမ်းကို နံနက် ၈ နာရီခွဲဝန်းကျင်ခန့်တွင် ပြန်ဖွင့်ပေးသည့်အတွက် ယာဉ်သွားလာမှုများလည်း ပုံမှန်လည်ပတ်ခဲ့ကြောင်း သိရသည်။

**ထက်ခိုင်(စမ်းချောင်း)**

# ကွန်ကရစ်သံပေါင်ကြီးများ ယနေ့တိုင်အသုံးမချဘဲ စုပုံလျက်ရှိ

**မုံရွာ အောက်တိုဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့မှ ရွှေဘိုမြို့အထိ ကူးသန်းသွားလာသည့် ကျောက္ကာလမ်းမကြီးနှင့် မုံရွာမြို့ မီးရထားဘူတာရုံအဝင် သံလမ်းဆုံတွင် ခုံးကျော်တံတားတည်ဆောက်ရန် ခေတ်အဆက်ဆက်မှ တာဝန်ရှိသူများမှာယူထားသည့် နိုင်ငံတော်ပိုင်ကွန်ကရစ်သံပေါင်ကြီးများ ယနေ့တိုင် မီးရထားနယ်မြေအတွင်းစုပုံထားလျက်ရှိကြောင်း တွေ့ရသည်။

အဆိုပါ ကွန်ကရစ်သံပေါင်ကြီးများမှာ အလျား ပေ ၆၀ × အနံ ၄ ပေ× ဗြက် ၆ လက်မ ခန့်ရှိ ကွန်ကရစ်ပေါင်ကြီး လေးချောင်း၊ အလျား ၆ ပေ × အနံ ၂ ပေ × ဗြက် ၆ လက်မခန့်ရှိ ကွန်ကရစ်ပြား ၅၀ ခန့်ရှိကြောင်း၊ ကွန်ကရစ်ပြားပေါ်တွင် (၁၀-၅-၁၉၉၂)ခုနှစ် စာတန်းရိုက်နှိပ်ထား၍ (၂၂) နှစ်ကျော်ရှိနေပြီဖြစ်သည်။

ယနေ့အချိန်သည် အဘက်ဘက်မှ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် တည်ဆောက်လျက်ရှိနေချိန်ဖြစ်၍ မည်သည့်နေရာမဆို အဆိုပါကွန်ကရစ်သံပေါင်ကြီးများ ဖော်ထုတ်ပြုပြင်လျက် အကျိုးရှိရှိအသုံးချနိုင်ရန် တင်ပြအပ်ပါသည်။

**(အောင်မြင့်စံ)**

# စာတည်းမှူးထံ ပေးစာများ

## ကားလမ်းပိတ်၍ ရောင်းချနေကြသောဆိုင်များ ရှင်းလင်းပေးစေလို

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် လမ်း(၉၀)ထိပ်နှစ်ဖက်တွင် ကားလမ်းကို ပိတ်ဆို့၍ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်နှင့်လမ်းပေါ်တွင် အကြော်ကြော်ခြင်းတို့ကို ပြုလုပ်လျက်ရှိသည့်အပြင်ဆိုင်သို့ လာသောစားသောက်သူများ၏ ယာဉ်များနှစ်ထပ် ရပ်ထားမှုကြောင့် ရန်ပွဲများ မကြာခဏဖြစ်ပွားလျက်ရှိသည်။ လမ်းသူ လမ်းသားများ၏ ကားများရပ်နားရန် လွန်စွာအခက်အခဲကြုံတွေ့နေရပြီး နေ့စဉ်လိုလိုပင် လမ်းပိတ်ဆို့မှုပြဿနာပေါ်ပေါက်လျက်ရှိပါသည်။ ထို့အပြင် လက်ဖက်ရည်ဆိုင်မှ စွန့်ပစ်ပစ္စည်းများ၊ အမှိုက်များကို နောက်ဖေးလမ်းကြားနှင့် ကားလမ်းပေါ်တွင် စည်းကမ်းမဲ့စွာ၊ ပြန့်ကြဲထားသောကြောင့် ခြင်များ လူနေအိမ်အပေါ်ထပ်များတွင် ပေါများလျက်ရှိသောကြောင့် အဆိုပါဆိုင်များအား ရှင်းလင်းဖယ်ရှားဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**လမ်း(၉၀) နေပြည်သူတစ်ဦး။**

## စည်းကမ်းမဲ့ စွန့်ပစ်ထားသော အမှိုက်များ လျှံထွက်နေသော မိလ္လာများအား ရှင်းလင်းပေးစေလို

ပုဇွန်တောင်မြို့နယ် အမှတ်(၂)ရပ်ကွက် ဗိုလ်တထောင်ဈေးလမ်း တိုက်အမှတ်(၂၂၁)/(၂၂၃)နှင့် (၅၆)လမ်း တိုက်အမှတ်(၄၆/၅၀)တို့၏ နောက်ဖေးလမ်းကြားတွင် စည်းကမ်းမဲ့စွန့်ပစ်ထားသော အမှိုက်များမှာ မြင်မကောင်းအောင် ဖြစ်နေပါသည်။ မိလ္လာပိုက်များလည်း ပေါက်နေပြီး ပြုပြင်ခြင်းလုံးဝမရှိသည်မှာ ကြာမြင့်ပြီဖြစ်သည်။ အမှိုက်များ ထုထည်အလွန်ကြီးမားလာသောကြောင့် ရေထွက်ပေါက်များလည်း ပိတ်ဆို့ပြီး ရေဆိုးကန်သဖွယ်ဖြစ်ကာ အောက်ထပ်အခန်းများအတွင်းသို့ ရေဆိုးများဝင်ရောက်လျက်ရှိသည်။ ကလေးများနေထိုင်မကောင်းဖြစ်ကာ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားလျက်ရှိသည်။ သို့ပါ၍ စည်းကမ်းမဲ့ စွန့်ပစ်ထားသော အမှိုက်များ/လျှံထွက်နေသော မိလ္လာများအား ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

**တိုက်ခန်းနေပြည်သူများ။**

## ပိတ်ဆို့နေသော ရေမြောင်းများနှင့် စည်းကမ်းမဲ့ဈေးဆိုင်တန်းများ ဖယ်ရှားပေးစေလို

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (င)ရပ်ကွက် နွယ်နီလမ်းမကြီး(ငမိုးရိပ်ချောင်းဘက်ခြမ်း) ဝဲ၊ ယာရှိ ရေနုတ်မြောင်းများရှင်းလင်းပေးရန်နှင့် စည်းကမ်းမဲ့ဈေးဆိုင်တန်းများ ဖယ်ရှားပေးပါရန် ၁၉-၅-၂၀၁၄ ရက်စွဲဖြင့် ကြေးမုံသတင်းစာတွင် တင်ပြခဲ့ပြီးဖြစ်သည်။ ၅-၁၀-၂၀၁၄ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်ခန့်တွင် နွယ်နီ(၁၂)လမ်းထိပ်ရှိ အိမ်ဆိုင်ခန်းတစ်ခုမှ မီးလန့်မှုဖြစ်ပွားခဲ့ပါသည်။ ရပ်ကွက်သူ ရပ်ကွက်သားများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့၍ မီးလောင်မှုဖြစ်ပွားခြင်းမရှိခဲ့ပါ။ မီးသတ်ယာဉ်များရောက်ရှိလာချိန်တွင် လမ်းဘေးဝဲ၊ ယာရှိ ဈေးရောင်းချသူများကြောင့် လမ်းပိတ်ဆို့ခဲ့သဖြင့် မီးသတ်ယာဉ်များဝင်ရောက်ရန် ခက်ခဲခဲ့သည်။ အမှန်တကယ်မီးလောင်မှုဖြစ်ပွားပါက ဆုံးရှုံးမှုများစွာ ဖြစ်ပေါ်နိုင်သဖြင့် နွယ်နီလမ်းမကြီး ဝဲ၊ ယာရှိ ပိတ်ဆို့နေသော ရေနုတ်မြောင်းကို ရှင်းလင်းပေးပါရန်နှင့် စည်းကမ်းမဲ့ ဈေးဆိုင်တန်းများကို ဖယ်ရှားပေးပါရန် သက်ဆိုင်ရာသို့ တင်ပြအပ်ပါသည်။

**ရပ်ကွက်သူ၊ ရပ်ကွက်သားများ။**

## တရားမဝင်ခြံခတ်ထားခြင်းအား ရှင်းလင်းပေးစေလို

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် အမှတ်(၆၄)ရပ်ကွက် ပြည်ထောင်စုလမ်းမပေါ်ရှိ ရွှေဘုရင်အိမ်ရာတွင် တိုက်မျက်နှာစာလမ်းအား ပိတ်ဆို့လျက်တရားမဝင်ခြံဝင်းခတ်ထားသည်မှာ ကြာမြင့်ခဲ့ပြီး စည်ပင်သာယာမှ တရားဝင်ဖျက်မိန့်ပေးထားပြီးသော်လည်း ယခုတိုင်ဆက်လက်တည်ရှိနေပါသောကြောင့် သက်ဆိုင်ရာမှ လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ရပ်ကွက်သူ၊ ရပ်ကွက်သားများ။**

နှလုံးလှဓမ္မစာစဉ် အမှတ်စဉ် (၂၈)
အဓမ္မဝါဒီတို့အတွက် လက်ဆောင်ကောင်း
အရှင်နာရဒ (ဟိုပင်) ၏
နှင်းဆီရိုင်း
နှလုံးလှစာပေ
ဖုန်း-၀၁-၂၉၀၉၈၁၊ ၀၉-၇၃၀ ၄၂၀၀၁
ထွက်နေပါပြီ

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်
ချိပ်ပိတ်တင်ဒါ(၂/၂၀၁၄)

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီးတွင် အသုံးပြုရန် (X-Ray-Screening Machine) တစ်လုံးဝယ်ယူလိုပါသဖြင့် ပစ္စည်းရောင်းချလိုသူများသည် ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက် တနင်္ဂနွေနေ့ နံနက် ၁၁ နာရီ နောက်ဆုံးထားပြီး ဂေါပကအဖွဲ့ရုံးသို့ ချိပ်ပိတ်တင်ဒါ တင်သွင်းနိုင်ပါသည်။

အသေးစိတ်အချက်အလက်များသိရှိလိုပါက ဂေါပကအဖွဲ့ရုံးတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

ဂေါပကအဖွဲ့
ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၊
ဖုန်း-၂၉၂၁၆၉၊ ၂၀၁၇၆၄

ကိုဝင်းနိုင်
ဒေါ်ခင်မင်း Travels ကျိုက်ထီးရိုး (နေ့စဉ်) ချောင်းသာ 15000
ပုပ္ပါး၊ ပုဂံ၊ စွယ်တော်လေး၊ ပခုက္ကူ (ဟိုတယ်တည်း စားသောက်ဆိုင်ကျွေး) 55000
ကျိုက်ထီးဆောင်း၊ မဲလဲ၊ ကျောက်ပိရဟန္တာ 12000 ကျိုက်ထီးရိုးပါလျှင် 15000
တောင်ကြီး ပီးပုံးပျံပွဲ၊ အင်းလေး၊ ပင်းတယ၊ ကဲ့လုံ၊ ထပ်စမ်း၊ ဓမ္မစေတီကျွန်း၊ ဘုရားစုံ (၅)ရက်။ လှိုင်ဂူကော်ပါလျှင် (၆)ရက်။ (4-11-2014)
09-425355758, 09-255913926, 09-31090443 ကားစီးလုံးငှားစီစဉ်ပေးသည်။

အမြန်ရောင်းမည်
(၄၀×၆၀)ဒဂုံတောင်
စက်မှုဇုန်၊ယင်းတော်လမ်း
095155106
09250357900

ကျေးဇူးဆပ်ပါမည်
ဘဒ္ဒန္တသုမင်္ဂလာဘိဝံ၊ သာသနာဝင် အမှတ်[၁၃/ညရန(သ)၀၀၀၀၉၁]၏ နိုင်ငံကူးလက်မှတ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်ပို့ပေးပါရန် ကျေးဇူးဆပ်ပါမည်။
ဆက်သွယ်ရန်ဖုန်း-၀၉-၄၃၀၈၀၇၁၂

သွေးသည်အသက်

## အနုပညာနှင့်ဖြည်တွင်းရေးရာ

# စပိန်မင်းသမီး ပန်နီလုပ်ခရုဇ်အား ဆွဲဆောင်မှုအရှိဆုံးအမျိုးသမီးအဖြစ် သတ်မှတ်

စပိန်မင်းသမီး ပန်နီလုပ်ခရုဇ်အား အမေရိကန်နိုင်ငံထုတ် Esquire မဂ္ဂဇင်းမှ ၂၀၁၄ ခုနှစ်အတွင်း သက်ရှိထင်ရှားအမျိုးသမီးများတွင် ဆွဲဆောင်မှုအရှိဆုံးသောအမျိုးသမီးအဖြစ် သတ်မှတ်ပေးခဲ့ကြောင်း သိရသည်။

၂၀၀၈ ခုနှစ်က အကောင်းဆုံးဇာတ်ပို့မင်းသမီးဆုရရှိဆွတ်ခူးခဲ့သည့် အသက်(၄၀)အရွယ် မင်းသမီး ပန်နီလုပ်ခရုဇ်အား Esquire မဂ္ဂဇင်းမှ ၁၁ ယောက်မြောက်အဖြစ် ဆွဲဆောင်မှုအရှိဆုံးသောအမျိုးသမီးအဖြစ် ရွေးချယ်ပေးခဲ့ခြင်းဖြစ်ပြီး ၎င်းသည် အသက်(၂၀)အရွယ်မှ ယနေ့ထက်တိုင် ဒရာမာဇာတ်ကားများတွင် ဆွဲဆောင်မှု မလျော့ခဲ့သည့်အတွက် ယင်းကဲ့သို့ ရွေးချယ်ချီးမြှင့်ရခြင်းဖြစ်ကြောင်းနှင့် အဆိုပါမဂ္ဂဇင်းအနေဖြင့် ယခင်က အိန်ဂျလီနာဂျိုလီ၊ ဟယ်လီဘယ်ရီ၊ ရီဟားနားနှင့် စကားလက်ဂျိုဟန်ဆန်တို့အား သတ်မှတ်ပေးခဲ့ဖူးကြောင်း သိရသည်။

ယခုလက်ရှိတွင် ပန်နီလုပ်ခရုဇ်အနေဖြင့် စပိန်ဘာသာစကားဖြင့် ရိုက်ကူးလျက်ရှိသည့် Ma Ma နှင့် Grimsby ဇာတ်ကားတို့တွင် ပါဝင်သရုပ်ဆောင်လျက်ရှိသည်။




# Super Junior ၏ အထူးအယ်လ်ဘမ်သစ် မကြာမီဖြန့်ချိမည်

တောင်ကိုရီးယားတေးဂီတအဖွဲ့ Super Junior အနေဖြင့် THIS IS LOVE အမည်ရှိ သတ္တမမြောက် အထူးအယ်လ်ဘမ်တစ်ခုကို မကြာမီဖြန့်ချိသွားမည်ဖြစ်ကြောင်း သိရသည်။

အောင်မြင်မှုအများအပြားရရှိခဲ့သည့် Mamacita ပရိုမိုးရှင်းပွဲစဉ်အပြီးတွင် ဖြန့်ချိမည့် ယင်းအယ်လ်ဘမ်တွင် သီချင်းအပုဒ်ပေါင်း ၁၃ ပုဒ်ပါဝင်ပြီး ယင်းတို့တွင် သီချင်းသစ်များလည်းပါဝင်ကြောင်း သိရသည်။

ယင်းအယ်လ်ဘမ်သစ်ကို အောက်တိုဘာ ၂၇ ရက်တွင် ဖြန့်ချိမည်ဖြစ်ပြီး အွန်လိုင်းမှတစ်ဆင့်ဝယ်ယူလိုသူများအနေဖြင့် အောက်တိုဘာ ၂၃ ရက်တွင် စတင်ဝယ်ယူနိုင်ပြီဖြစ်ကြောင်းသိရသည်။

**ဖြိုးဇင်- စုစည်းရေးသားသည်**

**အတွေးအရေး**

**သစ်ပင်ချစ်(Env Eng)**

# ရွေးချယ်ခွင့်

"အဒေါ် ကျွန်တော့်ကို ဘယ်အကြော်ဖြစ်ဖြစ် တစ်ရာဖိုးလောက်ပေးပါ" ဟု ပြောသံကြောင့် အသံလာရာကို လှမ်းကြည့်လိုက်မိသည်။ ခပ်နွမ်းနွမ်းအဝတ်အစားကို ဝတ်ဆင်ထားသည့် (၁၂) နှစ်အရွယ် ကလေးငယ်တစ်ဦး ဖြစ်သည်။ အရောင်အသွေးစုံလင်နေသည့် အကြော်ဗန်းထဲမှ အကြော်ကို ရွေးချယ်ပိုင်ခွင့်ရှိလျက်နှင့် ဘာအကြောင်းကြောင့် ရွေးချယ်နိုင်မှုကို လျစ်လျူရှုခဲ့သည်ကို နားမလည်နိုင်ချေ။ မိမိစားချင်သည့်အရာကို မိမိဘက်မှ တန်ရာတန်ကြေးပေးကာ ရယူသည့်အတွက်ကြောင့် မိမိအလိုရှိသည့်အရာကို ရယူနိုင်ရမည်။ ရယူနိုင်ရန်အတွက်လည်း မိမိဘက်က ပြောဆိုရပေမည်။ တစ်ရာကျပ်ဖိုးဝယ်ယူသည့်အတွက်ကြောင့် မိမိအလိုရှိသည့်အကြော်ကို ရယူနိုင်ခြင်းမရှိခြင်းသည် မိမိ၏ သိမ်ငယ်မှု၊ အားငယ်မှုများကြောင့် ဖြစ်ရပေသည်။ မိမိသည် တစ်ရာဖိုးဝယ်ယူသည့်အတွက်ကြောင့် မိမိကို တစ်ပါးသူအထင်သေးမည်ကို စိုးရိမ်သည်။ စိုးရိမ်လာသည်နှင့်တစ်ပြိုင်နက် အားငယ်ခြင်း၊ သိမ်ငယ်ခြင်းတွေ အတူတူလိုက်ပါလာသည်။ ရှက်စိတ်ဝင်လာသည်။ မဟုတ်တာ လုပ်ရမည်ကို ရှက်ရမည်။ ကမ္ဘာစောင့်တရားဖြစ်သည့် ဟီရိဩတ္တပတရားကို (မကောင်းမှုပြုရမည်ကို ရှက်ရမည်။ ကြောက်ရမည်။) ကောင်းစွာနားလည်သူသည် မှန်ကန်စွာနေထိုင်သည့်အတွက် မည်သည့်အရာကိုမျှ ကြောက်ရွံ့နေမည်မဟုတ်သလို အားငယ်သိမ်ငယ်နေမည်လည်း မဟုတ်ချေ။

ဘဝတွင်အောင်မြင်သူတိုင်းသည် မိမိဘဝကို မိမိကသာ ဆေးရောင်ခြယ်ကြသည်။ မိဘ၊ ဆရာတို့သည် မိမိခြယ်သလိုက်သည့် အရောင်နှင့်လိုက်ဖက်သည့် ဇာတ်ကောင်များ ရွေးချယ်ဖန်တီးတတ်စေရန် လမ်းညွှန်ပြသပေးရုံသက်သက်မျှသာဖြစ်ပေသည်။ မိမိကိုယ်တိုင်ရွေးချယ်ထားခြင်းမရှိသည့် ဆေးများနှင့် မိမိဘဝပန်းချီကားကို အလှဆင်ခံရပါက လက်ရာကောင်းမွန်သော ပန်းချီကားအဖြစ် ဖြစ်တည်လာမည်မဟုတ်ချေ။

ဘဝဇာတ်ခုံဆိုတာထက် ဘဝပန်းချီကားတစ်ခုဟုဆိုလျှင်မမှားပါ။ မိမိ ရေးဆွဲသည်။ ပန်းချီဆေးရောင်များသည် နောင်တစ်ချိန်တွင် သမိုင်းတစ်ခုအနေဖြင့် ကျန်ရစ်နေမည်။ ဘဝပန်းချီကားတွင် မိမိနှစ်သက်သည့် အရောင်များကိုရောစပ်ရသလို မိမိမနှစ်သက်သည့် အရောင်များလည်း ပါဝင်ပေသည်။

စာရေးသူ ၁၀ တန်းအောင်တော့ စာရေးသူသည် အင်ဂျင်နီယာတစ်ယောက်ဖြစ်ချင်ခဲ့သည်။ သို့သော် စာရေးသူ၏ မိဘများသည် နည်းပညာတက္ကသိုလ်ကို တက်ရောက်ရန်ခွင့်မပြုခဲ့ပေ။ စာရေးသူသည် နိုင်ငံခြားဘာသာတက္ကသိုလ်ကို တက်ရောက်ဖို့ဖြစ်လာခဲ့သည်။ ဆန္ဒနှင့်ဘဝ ထပ်တူမကျပေမယ့် ကျရာနေရာမှာ အစွမ်းကုန်ကြိုးစားခဲ့သည်။ စာရေးသူနောက်ထပ် သတိထားမိသည့်အရာက ဘယ်အရာကိုမဆို စတင်လိုက်ပြီဆိုသည်နှင့် အရိုးကြေကြေ အရည်ခန်းခန်း လုပ်ဖို့တာဝန်ဟာ ပူးတွဲကပ်ပါလာသည်။ မိမိကိုယ်တိုင်ရွေးချယ်ထားသည့်အရာများ မဟုတ်သော်လည်း တာဝန်ယူစိတ်အပြည့်ဖြင့် စိတ်ရင်းစေတနာပါ အဆစ်ထည့်ကာ ကျော်ဖြတ်လာခဲ့သည်။ တစ်ခါတစ်ရံမှာ ကံကောင်းခြင်းတွေ၊ ကံဆိုးခြင်းတွေသည် ကျွန်တော်တို့တံခါးဝမှာ စောင့်နေတတ်သည်။ ကံကောင်းခြင်းတွေရောက်လာသည့် အဲသည်အရာကို အသုံးချကာ မိမိဘဝကို မိမိကိုယ်တိုင်ရွေးချယ်တည်ဆောက်ရပေမည်။

မှန်တိုင်းလာပြီးရင် လေပြည်လာစမြဲဆိုပေမယ့် တိုက်လာသည့် လေပြည်ကို ခံစားနိုင်ဖို့အတွက် မိမိဘက်ကအသင့် လေလာရာကို ရွေ့လျားနေရမည်။ အခွင့်အရေးဆိုသည်မှာ အချိန်မရွေးလာသည်။ လာသည့်အခွင့်အရေးကိုဖမ်းကာ အသုံးချနိုင်ရန်အတွက် ရွေ့လျားနေရမည်။ တစ်ခါတစ်ရံမှာ အခွင့်အရေးက ကျွန်တော်တို့ဆီလာရင် လမ်းမှားမျက်စိလည်နေသည့်အခါ ကျွန်တော်တို့တစ်တွေက ရွေ့ လျားနေမှ ၎င်းရှိရာနေရာကို အရောက်သွားပြီး အမိအရ ဖမ်းယူနိုင်ပေမည်။ အရေးကြီးသည်က ရွေ့လျားနေဖို့ပင်ဖြစ်သည်။ရွေးချယ်ခြင်းသည် တခြားတစ်ဖက်တွင် မိမိ၏အိပ်မက်များစွာကို အကောင်ထည်ဖော်ဆောင်ရွက်နေခြင်းအား ထုဆစ်ပေးနေသည့် ဆောက်နှင့်တူသည်။ ရွေးချယ်ခွင့်ရှိလိုက်သည့်အခါ အိပ်မက်တွေသည် တကယ်ရုပ်လုံးပေါ်လာသည်။ အိပ်မက်ဆိုသည်ကလည်း အိပ်ပျော်နေသည့်အခါ မက်သည့်အရာမဟုတ်ပါ။ လက်တွေ့အိပ်မက်တွေ တကယ်ဖြစ်တည်လာစေရန်အတွက် အိပ်မပျော်စေသည့်အရာပါ။ တစ်ခါတစ်ရံမှာ ရွေးချယ်ခွင့်မရှိသည့်နေရာမှာ ရွေးချယ်ခြင်းကို စောင့်စားနေမည့်အစား ရွေးချယ်ခွင့်ရှိနိုင်သည့် အခြေအနေပေးသည့်နေရာကိုရှာရမှာပါ။ ရွေးချယ်ခြင်းဆိုသည်မှာ ဝက်ပါထဲမှာရှိသည့် ထွက်ပေါက်ကို ရှာနေသည်နှင့်တူသည်။ ထွက်ပေါက်သည် တစ်ခုတည်းရှိမယ်လို့ ထင်ထားပေမယ့် ခက်ခဲကြမ်းတမ်းသည့် လမ်းအသွယ်သွယ်ကို ကျော်လွှားနိုင်မည်ဆိုပါက ထွက်ပေါက်သည် တစ်ခုမက မလွဲမသွေရှိနေပေမည်။ လိုအပ်သည်က စဉ်းစားတွေးခေါ်တတ်ခြင်းဖြစ်သည်။ ဖြစ်နိုင်၏ မဖြစ်နိုင်၏ ဆိုသည်ကို ဝေဖန်ပိုင်းခြားတတ်ရမည်။ ထိုသို့ ဝေဖန်ပိုင်းခြားတတ်သည့် အသိဉာဏ်မျိုးကို ပိုင်ဆိုင်နိုင်ရန်အတွက် ဗဟုသုတရှိရပေမည်။ ဗဟုသုတသည် ပညာ၏ရေသောက်မြစ်ဖြစ်သည်။ အရာအားလုံးတွင် ပညာသည်သာ အခရာကျနေပေသည်။ ရွေးချယ်ခွင့်မရှိသည့်အခြေအနေမှာ လက်ရှိလုပ်နေသည့် အရာအားလုံးကို အကောင်းဆုံးလုပ်ဆောင်ခြင်းဖြင့် ပြင်ဆင်ရယူရပါမည်။ ရွေးချယ်ခွင့်တွေ မိမိဆီကို ရောက်လာသည့်အခါ အဲသည်ပြင်ဆင်ခဲ့သည့် အကောင်းဆုံးများသည် ကျောထောက်နောက်ခံအဖြစ်တည်ရှိနေပေမည်။ အကောင်းဆုံးဆိုသည်မှာ မဖြစ်နိုင်သည်ကို မလုပ်နိုင်ပေမယ့် လုပ်နိုင်သည့် အတိုင်းအတာထိ အကောင်းဆုံး လုပ်ပြခြင်းဖြစ်သည်။

ရွေးချယ်ခြင်းနှင့် ထိပ်တိုက်ရင်ဆိုင်ရသည့်အခါ ပထမဆုံး သတိထားရမည့် အချက်သည် ပြတ်ပြတ်သားသား ရှင်းလင်းသေချာသည့် အိပ်မက်ပန်းတိုင်ရှိရမည်။ ထပ်တူညီသည့် အလုပ်တွေကို လုပ်နေကြပေမယ့် ပရော်ဖက်ရှင်နယ်တစ်ယောက်နှင့် သာမန်လူတစ်ယောက်၏ ကွာခြားချက်သည် စေ့စပ်သေချာခြင်းမှ အစပြုလာခြင်းဖြစ်သည်။ ဒုတိယအချက်သည် မိမိရွေးချယ်လိုက်သည့် ရွေးချယ်မှု၏ ကောင်းမွေဆိုးမွေကို ရဲရင့်စွာ လက်ခံရဲရမည်။ မည်သူတစ်ဦးတစ်ယောက်ကိုမျှ အပြစ်တင်ခြင်းကင်းမဲ့ရမည်။

ယနေ့လူငယ် နောင်ဝယ်လူကြီးဆိုသလို မျိုးဆက်သစ်လူငယ်များသည် ပညာ၏အရေးကြီးပုံကို နားလည်သဘောပေါက်သင့်သလို မိဘများသည် သားသမီး၏ဝါသနာနှင့် ကိုက်ညီမည့်အရာကို သူတို့စိတ်တိုင်းကျ ရွေးချယ်တတ်စေရန် လမ်းညွှန်မှုပေးသင့်သည်။ ရွေးချယ်ခွင့်ပေးသင့်သည်။ ရွေးချယ်ခြင်း၏ ကောင်းမွေဆိုးမွေကို လက်ခံတတ်စေဖို့ တာဝန်သိ တာဝန်ယူတတ်စေဖို့ သင်ကြားပြသပေးရန် လိုပေသည်။ သို့မှသာ နောင်လာမည့် မျိုးဆက်များသည် မိမိတို့ထက် တော်ကြတတ်ကြသည့် မျိုးဆက်မျိုးကို မလွဲမသွေ ပိုင်ဆိုင်နိုင်ပေမည်။ ။







မြေကွက်ရောင်းမည်
၁။ မြောက်ဒဂုံ ၄၈-ရပ်ကွက်၊ U-9.အမှတ်(၁၂၃)၊ ထောင့်ကွက်၊ အကျယ်-4840 sqft (1sqft-150000)
၂။ အမှတ်( )၊ ထောင့်ကွက် အကျယ်-5300 sqft (1sqft-100000)
ဆက်သွယ်ရန်ဖုန်း-၀၉-၅၅၃၀၇၀၀၊ ၀၉-၃၃၂၅၅၃၂၈












## ခြေသလုံးဒဏ်ရာကြောင့် တိုက်စစ်မှူး စတားရစ်ချ် နောက်ထပ်လေးပတ်ကြာအနားယူရမည်


© Getty Images

လီဗာပူးတိုက်စစ်မှူး စတားရစ်ချ်သည် ပေါင်ခြံဒဏ်ရာပြဿနာကြောင့် ဩဂုတ် ၃၀ ရက်မှ စတင်ကာ လီဗာပူးအသင်းနှင့်အတူ ပွဲထွက်ကစားနိုင်ခဲ့ခြင်းမရှိဘဲ အရန်ခုံဖြင့်သာ ကျေနပ်ခဲ့ရသူဖြစ်ပြီး လက်ရှိတွင်လည်း လေ့ကျင့်ရေးအစီအစဉ်တွင် ဒဏ်ရာပြဿနာကြုံခဲ့ခြင်းကြောင့် ဆက်လက်အနားယူရမည်ဖြစ်သည်။

ထိုသို့ တိုက်စစ်မှူး စတားရစ်ချ် ခြေသလုံးဒဏ်ရာပြဿနာကြုံခဲ့ခြင်းကြောင့် လေးပတ်ကြာအနားယူရရန် ရှိနေသည်ဟု မျှော်လင့်ထားကြောင်း လီဗာပူးအသင်းနည်းပြ ဘရန်ဒန်ရော့ဂျာက ပြောကြားခဲ့သည်။ တိုက်စစ်မှူး စတားရစ်ချ်သည် လီဗာပူးအသင်းအတွက် အနိုင်ဂိုးသွင်းယူပေးခဲ့သည့် ယခုနှစ်ဘောလုံးရာသီ၏ အဖွင့်ပွဲစဉ်ဖြစ်သည့် ဆောက်သမ်တန်အသင်းနှင့်ပွဲစဉ်အပါအဝင် ပရီမီယာလိဂ်ပွဲစဉ် သုံးပွဲသာလျှင် ပါဝင်ကစားပေးထားနိုင်ခဲ့သူဖြစ်သည်။

လက်ရှိတွင် ဒဏ်ရာပြဿနာကြုံတွေ့ထားခြင်းကြောင့် လီဗာပူးအသင်းနောက်ထပ်ကစားမည့် ပွဲစဉ် ခုနစ်ပွဲတွင်လည်း ပါဝင်ကစားနိုင်မည်မဟုတ်ကြောင်း သိရသည်။ အဆိုပါပွဲစဉ်များမှာ ကျူပီအာအသင်းအိမ်ကွင်း၌ ကစားရမည့် ပွဲစဉ်၊ ရီးယဲလ်မက်ဒရစ်အသင်းနှင့် ကစားရမည့် ချန်ပီယံလိဂ်ပွဲစဉ်နှစ်ပွဲ၊ ဟားစီးတီးအသင်းအား အိမ်ကွင်းအမ်းမရိတ်၌ ဧည့်ခံကစားရမည့် ပရီမီယာလိဂ်ပွဲစဉ်၊ ဆွမ်ဆီးအသင်းနှင့် ကစားရမည့်ပွဲစဉ်၊ နယူးကာဆယ်နှင့် ကစားရမည့်ပွဲစဉ်၊ ချယ်လ်ဆီးအသင်းနှင့် ကစားရမည့်ပွဲစဉ်တို့ဖြစ်သည်။

သို့ရာတွင် အင်္ဂလန်အသင်းနည်းပြ ရွိုင်းဟော့ဂ်ဆန်ကမူ နိုဝင်ဘာ ၁၅ ရက်တွင် ဆလိုဗေးနီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ယူရို ၂၀၁၆ ဝင်ခွင့်ပွဲစဉ်တွင် တိုက်စစ်မှူး စတားရစ်ချ်ပါဝင်ကစားနိုင်မည်ဟု မျှော်လင့်ထားကြောင်းသိရသည်။ **[ငွေကြယ်]**

### ပရီမီယာလိဂ် ပွဲစဉ် ( ၈) အနိုင်/အရှုံး ရလဒ်များ

| | | |
|---|---|---|
| မန်းစီးတီး | ၄ - ၁ | စပါး |
| အာဆင်နယ် | ၂ - ၂ | ဟားလ်စီးတီး |
| ဘန်လေ | ၁ - ၃ | ဝက်စ်ဟမ်း |
| ခရစ္စတယ်ပဲလေ့စ် | ၁ - ၂ | ချယ်လ်ဆီး |
| အဲဗာတန် | ၃ - ၀ | ဗီလာ |
| ဆောက်သမ်တန် | ၈ - ၀ | ဆန်းဒါးလန်း |

### စပိန်လာလီဂါ ပွဲစဉ် ( ၈) အနိုင်/အရှုံး ရလဒ်များ

| | | |
|---|---|---|
| ဂရန်နာဒါ | ၀ - ၁ | ဗယ်လီကာနို |
| လီဗန်တေး | ၀ - ၅ | ရဲယဲလ်မက်ဒရစ် |

### ဘွန်ဒက်လီဂါ ပွဲစဉ် ( ၈) အနိုင်/အရှုံး ရလဒ်များ

| | | |
|---|---|---|
| ဘိုင်ယန်မြူးနစ် | ၆ - ၀ | ဝါဒါဘရီမင် |
| မိန့်ဇ် | ၂ - ၁ | အော့စ်ဘတ် |
| ဟန်နိုဗာ | ၀ - ၃ | မိုချန်ဂလာဘတ် |
| ဖရိုင်းဘတ် | ၁ - ၂ | ဝုလ်ဖ်ဘတ် |
| စတုဂတ် | ၃ - ၃ | လေဗာကူဆင် |
| ကိုလုံး | ၂ - ၁ | ဒေါ့မွန် |

**[မောင်မောင်ဇော်]**

## မန်ယူဂိုးသမား ဒီဂီယာအားခေါ်ယူရန် ရီးယဲလ်မက်ဒရစ်ပစ်မှတ်ထား

စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းသည် လာမည့်ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် မန်ယူအသင်း၏ စပိန်လက်ရွေးစင်ဂိုးသမား ဒေးဗစ်ဒီဂီယာ အားခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။ ရီးယဲလ်မက်ဒရစ်အသင်းမှာ အသင်း၏ အဓိကဂိုးသမားဖြစ်သူ ကာဆီးလက်စ် လက်စွမ်းကျဆင်းနေမှုကြောင့် အရည်အသွေးမြင့် လူငယ်ဂိုးသမားတစ်ဦးကိုခေါ်ယူရန် စောင့်ကြည့်နေခြင်းဖြစ်ပြီး ဒီဂီယာအား ပစ်မှတ်ထားလာခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ရီးယဲလ်မက်ဒရစ်အသင်းမှာ ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့ကာလ က အသင်း၏ ဂိုးသမားတစ်ဦးဖြစ်သည့် ဒီယေဂိုလိုပက်ဇ်အား အေစီမီလန်အသင်းသို့ ရောင်းထုတ်ခဲ့ပြီး ကော်စတာရီကာ ဂိုးသမား နာဗတ်စ်အား ပြန်လည်ခေါ်ယူထားခဲ့ခြင်းဖြစ်သော်လည်း ၎င်းမှာ ပုံမှန်လက်စွမ်းပြသနိုင်ရန် ရုန်းကန်နေရသလို အသင်းအတွက် နှစ်ပွဲခန့်သာ ပါဝင်ကစားထားခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ရီးယဲလ်မက်ဒရစ်အသင်းအနေဖြင့် မန်ယူအသင်းတွင် မပျော်မရွှင်ဖြစ်နေပြီး စပိန်မြေသို့ပြန်လည်ပြောင်းရွှေ့ရန် စီစဉ်နေကြောင်းသတင်းများ ထွက်ပေါ်နေသည့် ဒီဂီယာအား အသင်းသို့ အရောက်ခေါ်ယူသွားဖွယ်ရှိနေပြီး ပထမဂိုးသမားနေရာတွင် ပွဲထွက်စေရန် ဆန္ဒရှိနေခြင်းဖြစ်သည်။ ရီးယဲလ်မက်ဒရစ်အသင်းမှာ ဒီဂီယာအတွက် ပေါင် ၁၀ သန်းဖြင့် မန်ယူအသင်းထံ တရားဝင်ကမ်းလှမ်းသွားရန် ပြင်ဆင်နေပြီး တစ်ပတ်လုပ်ခပေါင် ငါးသောင်းဖြင့် ငါးနှစ်စာချုပ်ချုပ်ဆိုရန် စီစဉ်လျက်ရှိကြောင်း စပိန်မီဒီယာများက ဖော်ပြခဲ့ကြသည်။ **(ကိုရဲ)**

## မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ (ပုဂံ) ဆက်လက်ကျင်းပ



နေပြည်တော် အောက်တိုဘာ ၁၈

**အာရှစီမံလန်းမှုဖွံ့ဖြိုးရေးဘဏ်က အဓိကကူညီပံ့ပိုးပြီး မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့က ကြီးမှူးသော ၂၀၁၄ ခုနှစ် မြန်မာပြည်တွင်း ပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ပဉ္စမပွဲစဉ်(ပုဂံ)၏ ပူပြင်းလှသော ရာသီဥတုအောက်တွင် ကစားသမားများ ယှဉ်ပြိုင်လာကြသည်မှာ အောက်တိုဘာ ၁၈ ရက် တတိယနေ့သို့ပင် ရောက်ရှိလာသည်။**

တတိယမြောက်နေ့အပြီးတွင် Professional အဆင့်ပြိုင်ပွဲတွင် ဇော်ဇော်လတ် (HAN Golf Academy) က စုစုပေါင်းရိုက်ချက် ၂၀၈ ချက်ဖြင့် ပထမ၊ နိုင်နိုင်လင်း (နယူးစတား)က စုစုပေါင်းရိုက်ချက် ၂၁၁ ချက်ဖြင့် ဒုတိယ၊ လှမျိုး(Mizuno)က ၂၁၃ ချက်ဖြင့် တတိယလိုက်နေပြီး အပျော်တမ်းအဆင့် အမျိုးသားပြိုင်ပွဲတွင် ဇော်ဇော်ထွန်းက စုစုပေါင်းရိုက်ချက် ၂၁၆ ချက်ဖြင့် ပထမ၊ သိန်းနိုင်စိုးက စုစုပေါင်းရိုက်ချက် ၂၁၉ ချက်ဖြင့် ဒုတိယ၊ လှိုင်မင်းထက်က စုစုပေါင်းရိုက်ချက် ၂၂၁ ချက်ဖြင့် တတိယလိုက်နေသည်။

အပျော်တမ်း အမျိုးသမီးအဆင့်ပြိုင်ပွဲတွင် ယာဉ်မေမျိုးက နှစ်ရက်ပေါင်းရိုက်ချက် ၁၅၀ ဖြင့် ပထမ၊ မေဦးခိုင်က ၁၅၂ ချက်ဖြင့် ဒုတိယ၊ ပြုံးပြုံးထွေးက ၁၅၅ ချက်ဖြင့် တတိယလိုက်နေကြသည်။

မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ပဉ္စမပွဲစဉ် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အာရှစီမံလန်းမှုဖွံ့ဖြိုးရေးဘဏ် (AGD)က အဓိကကူညီပံ့ပိုးပေးပြီး မြနန္ဒသောက်ရေသန့်၊ နေပြည်တော်သောက်ရေသန့်၊ မြဝတီသောက်ရေသန့်၊ Dagon Malta Fresh၊ ဗန္ဓုလသယ်ယူပို့ဆောင်ရေး၊ Official Golf Ball အဖြစ် Volvik၊ Bagan Golf Club နှင့် HAN Event Management တို့မှ ထပ်မံပံ့ပိုးကူညီကြောင်း သိရသည်။ **(ဖိုးသော်ဇင်)**

## ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သည့် ကမ္ဘာလှည့်ခရီးသည်များ တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလာသည်နှင့်အမျှ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများသည်လည်း တစ်ရှိန်ထိုး တိုးတက်ဖွံ့ဖြိုးလျက်ရှိပါသည်။ ဟိုတယ်နှင့်ခရီး သွားလာရေးလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် ပြောင်းလဲလာသော စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံပိုင်ဟိုတယ်များအား ပုဂ္ဂလိက လုပ်ငန်းရှင်များသို့ ငှားရမ်းလုပ်ကိုင်ခွင့် ပေးလျက်ရှိပါသည်။ လုပ်ကိုင်ခွင့်ရရှိသူများ အနက် အချို့မှာ စာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ စနစ်တကျ ဆောင်ရွက်လျက် ရှိသော်လည်းအချို့မှာ စာချုပ်စည်းကမ်းချက်များနှင့်အညီစနစ်တကျ မဆောင်ရွက်နိုင်ကြောင်း တွေ့ရှိရပါသည်။

၂။ ယခုအခါ နိုင်ငံပိုင်ဟိုတယ်များ ငှားရမ်းရေးဆောင်ရွက်ရာတွင် နိုင်ငံတော်မှ ရသင့်ရထိုက်သော ဝင်ငွေရရှိပြီး ပုဂ္ဂလိကလုပ်ငန်းရှင်များကိုလည်း အကျိုးစီးပွားဖြစ်ထွန်းစေလိုပါသည်။ ထို့အတွက် အောက်ပါအချက်များအား ကြိုတင်ပြင်ဆင် ထားရှိရန် လိုအပ်ပါသည်-

(က) ကိုယ်ရေးနောက်ကြောင်း ကင်းရှင်းကြောင်းထောက်ခံချက်
(ခ) သက်ဆိုင်ရာအမည်ခံကုမ္ပဏီ၏ ရာဇဝင်နှင့်အချက်အလက်များ
(ဂ) ဟိုတယ်အား ရင်းနှီးမြှုပ်နှံတိုးချဲ့ ဆောင်ရွက်မည့်အစီအစဉ်
(ဃ) မိမိနှင့်လုပ်ငန်းဆောင်ရွက်နေသော ဘဏ်မှမိမိ၏ ဘဏ်စာရင်းနှင့် မိမိအဆိုပြုဈေးနှုန်းအား ငှားရမ်းသူမှ မပေးသွင်းပါက အဆိုပါဘဏ်မှ ပေးသွင်းမည့်အကြောင်းအာမခံချက်
(င) မိမိတင်သွင်းထားသော အဆိုပြုဈေးနှုန်းအပေါ် အရင်းကျေကာလနှင့် အကျိုးအမြတ်ရရှိမှု အခြေအနေ ဖော်ပြချက်
(စ) ဌာနပိုင်ဟိုတယ်များအား လက်ရှိငှားရမ်းထားသူများသည် အမည်ပြောင်းပြီး ထပ်မံလျှောက်ထားခြင်း မပြုရန်
(ဆ) တင်ဒါအောင်မြင်သူသည် ဟိုတယ်ငှားရမ်းခြင်းဆိုင်ရာ စာချုပ်အတွက် အခွန်တံဆိပ်ခေါင်းကျသင့်ငွေအား ပေးဆောင်ရမည်။
(ဇ) တင်ဒါအောင်မြင်သူသည်လုပ်ငန်း အာမခံစပေါ် ငွေအဖြစ် မိမိတင်သွင်းထားသော တစ်နှစ်ငှားရမ်းခနှင့် ညီမျှသောငွေကို တင်ဒါအောင်မြင်ပြီး သတ်မှတ်ရက်အတွင်း သတ်မှတ်သည့်ဘဏ်စာရင်းသို့ တစ်လုံးတစ်ခဲတည်းပေးသွင်းရမည်။

၃။ သို့ပါ၍ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပိုင် အောက်ဖော်ပြပါ ဟိုတယ်များအား ငှားရမ်းလုပ်ကိုင်ဆောင်ရွက်ရန် စိတ်ပါဝင်စားသော ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် ငှားရမ်းလုပ်ကိုင်ခွင့်ပြုရန် အိတ်ဖွင့်တင်ဒါ ပေးသွင်းနိုင်ရေး ခေါ်ယူအပ်ပါသည်။

(က) ကလောဟိုတယ်၊ အခန်း(၄၅)ခန်း၊ မြေ(၃. ၇၈၅)ဧက၊ အမှတ်(၃)ရပ်ကွက်၊ ကလောမြို့နယ်၊ ရှမ်းပြည်နယ်။
(ခ) ပင်းတယဟိုတယ်၊ အခန်း(၃၃)ခန်း၊ မြေ(၁. ၇၀၇)ဧက၊ ဆင်ခေါင်းရပ်၊ ပင်းတယမြို့၊ ရှမ်းပြည်နယ်။
(ဂ) ဝန်ဇင်းဟိုတယ်၊ အခန်း(၃၀)ခန်း၊ မြေ(၂. ၉၄)ဧက၊ နန်းတော်ကုန်းရပ်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်းဒေသကြီး။
(ဃ) ကော့သောင်းမိုတယ်၊ အခန်း(၅၄)ခန်း၊ မြေ(၀. ၃၂၆)ဧက၊ အောင်သုခရပ်ကွက်၊ ကော့သောင်းမြို့၊ တနင်္သာရီတိုင်းဒေသကြီး။

၄။ တင်ဒါအဆိုပြုလွှာများနှင့် တင်ဒါစည်းကမ်းချက်များကို ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ရုံးအမှတ်(၃၃)၊ နေပြည်တော်တွင် တစ်စုံလျှင် (၅၀၀၀ဝိ/-)ဖြင့် ၂၀-၁၀-၂၀၁၄ရက်မှစ၍ ဝယ်ယူနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာ များနောက်ဆုံးဝယ်ယူနိုင်မည့်ရက်မှာ ၂၃-၁၀-၂၀၁၄ရက်(ကြာသပတေးနေ့) ၁၆း၃၀ နာရီအထိ ဖြစ်ပါသည်။

၅။ တင်ဒါစည်းကမ်းချက်အသေးစိတ်ကို အဆိုပါဝန်ကြီးဌာနရုံး၌ ၂၀၁၄ခုနှစ် အောက်တိုဘာ ၂၄ရက်(သောကြာနေ့) နံနက် ၁၀း၀၀နာရီတွင် အသေးစိတ်ရှင်းလင်း ပြောကြားမည်ဖြစ်ပြီး ယင်းသို့ရှင်းလင်းပြောကြားရာ၌ တင်ဒါတင်သွင်းသူကိုယ်တိုင် (သို့မဟုတ်) ဒါရိုက်တာအဖွဲ့ဝင်သာ တက်ရောက်ခွင့်ရှိပါမည်။ တင်ဒါစည်းကမ်းများ ရှင်းလင်းပွဲသို့ တက်ရောက်သူသာလျှင် အဆိုပြုတင်သွင်းလွှာများ တင်သွင်းခွင့် ရှိပါမည်။

၆။ တင်ဒါစည်းကမ်းများကို လိုက်နာနိုင်သူများ၏ အဆိုပြုလွှာများအား အောက်ပါအတိုင်း လက်ခံသွားမည်ဖြစ်ပါသည်-

(က) ကလောဟိုတယ်နှင့် ပင်းတယဟိုတယ်တို့၏ အဆိုပြုတင်သွင်းလွှာများအား ၂၉-၁၀-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ၉း၃၀နာရီမှ ၁၂း၀၀နာရီအထိ လက်ခံသွားမည်ဖြစ်ပြီး ယင်းနေ့ ၁၃း၃၀နာရီတွင် လူတွေ့မေးမြန်းခြင်း ဆောင်ရွက်သွားပါမည်။
(ခ) ဝန်ဇင်းဟိုတယ်နှင့် ကော့သောင်းမိုတယ်တို့၏ အဆိုပြုတင်သွင်းလွှာများအား ၃၀-၁၀-၂၀၁၄ရက်(ကြာသပတေးနေ့) ၉း၃၀နာရီမှ ၁၂း၀၀ နာရီအထိ လက်ခံသွားမည်ဖြစ်ပြီး ယင်းနေ့ ၁၃း၃၀ နာရီတွင် လူတွေ့မေးမြန်းခြင်း ဆောင်ရွက်သွားပါမည်။

၇။ အသေးစိတ်အချက်အလက်များကို ဖုန်း-၀၆၇-၄၀၆၁၇၂၊ ၄၀၆၁၀၄သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဟိုတယ်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန

ဘုံကထိန် ၊ ဘုံကထိန်
ဘုံကထိန် လှည့်လို့လာ
တော်ဝင်ရတနာ
ဆင်ဖြူတော် လည်းပါ
ရဟန်းသံဃာသီးသန့်သုံး ဂွမ်းကပ်စောင်
သင်္ကန်း၊ ပရိက္ခရာဆိုင်တိုင်းတွင် ရနိုင်ပြီ။
01-223528/ 09-73200751

GOLDEN STAR ခရီးသွားလုပ်ငန်း
☆ကျိုက်ထီးရိုး(နေ့စဉ်) (သံဃာတော်/သီလရှင် အခမဲ့)
☆ချောင်းသာ(နေ့စဉ်)၊ငွေဆောင်(သောကြာ)
Ph: 209200, 430480, 544383, 703448, 705968



နိုင်ငံတကာ သတင်းဂျာနယ်

# တောင်ကြီးမြို့၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုပိမိ၍ လူငါးဦးသေဆုံး၊ လေးဦးဒဏ်ရာရ

**တောင်ကြီး အောက်တိုဘာ ၁၈**

ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် အောက်တိုဘာ ၁၇ ရက် ညနေ ၆ နာရီက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက် ခွာညိုလမ်းနေ မသျှမ်းမ(ခ) မနန်းမွေခမ်း(၄၈)နှစ် နေထိုင်သော ထရံကာ၊ သွပ်မိုး၊ မြေစိုက်အိမ်နှင့် အိမ်အနောက်ဘက်ကုန်းမြင့်ရှိ ခြံစည်းရိုးအုတ်တံတိုင်းမှာ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပြိုလဲကျ၍ နေအိမ်ပေါ်ပိမိပြီး နေအိမ်အတွင်းရှိ လူငါးဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။



အဆိုပါ အခင်းဖြစ်နေရာသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သူ၊ ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းထွန်း၊ တောင်ကြီးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြင့်ထူး၊ တောင်ကြီးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဦး ဦးစီးသောအဖွဲ့နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ရှမ်းပြည်နယ် မီးသတ်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ် မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပြည်နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်သူ ရပ်ကွက်သားများက မြေပြိုကျနေသော နေရာများကို သွားရောက်ဖယ်ရှားရှင်းလင်းကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# မြေအောက်ကန်အတွင်း သတိလစ်နေသူနှစ်ဦးအား မီးသတ်တပ်ဖွဲ့ဝင် ကယ်တင်

**ရွှေဘို အောက်တိုဘာ ၁၈**

ရွှေဘိုမြို့ အမှတ်(၂)ရပ်ကွက်ရှိ ဆောက်လုပ်ဆဲ အာစီသုံးထပ်ခွဲတိုက်တစ်လုံး၏ မြေအောက်ကန်အတွင်း လေပြတ်၍ သတိလစ်နေသူနှစ်ဦးအား မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးက အောက်တိုဘာ ၁၄ ရက် နံနက်ပိုင်းက ကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။

ထိုသို့ကယ်တင်ရာတွင် ဒုတပ်ကြပ်သန်းမင်းဦးက မြေအောက်ကန်အတွင်းဆင်းကာ သတိလစ်နေသူ မောင်ရှိုင်းကို(၁၉)နှစ်နှင့် မောင်အောင်ဆန်းထူး(၂၀)နှစ်တို့ကို ကုလားထိုင်ပုံစံကြိုးချည်စနစ်ဖြင့်ကယ်တင်ကာ ရှေးဦးနည်းဖြင့်ပြုစု၍ ရွှေဘိုဆေးရုံတွင် တင်ပို့ကုသပေးလျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# အရက်ကြောင်ကြောင်နေသော အမျိုးသားတစ်ဦး ကြိုးဆွဲချသေဆုံး

**ရေတာရှည် အောက်တိုဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့ အမှတ်(၁)ရပ်ကွက်တွင် အောက်တိုဘာ ၁၇ ရက် မွန်းလွဲ ၁ နာရီက အမျိုးသားတစ်ဦး ကြိုးဆွဲချသေဆုံးခဲ့ကြောင်းသိရသဖြင့် ရေတာရှည်မြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူးကျော်ဇေယျနှင့် တာဝန်ရှိသူများက သွားရောက်စစ်ဆေးခဲ့သည်။

ဖြစ်စဉ်မှာ အမှတ်(၁)ရပ်ကွက်နေ ကို---(၂၇)နှစ်သည် နေအိမ်ရှေ့မြေပြင်ပေါ်တွင် ပက်လက်အနေအထားဖြင့် ကြိုးဆွဲချရာမှ ရရှိထားသည့် ကြိုးဒဏ်ရာ နှစ်ခု၊ ဝဲဘက်ပေါင်၌ ပွန်းခြစ်ဒဏ်ရာ တစ်ခုတို့နှင့် လဲကျနေပြီး အပေါ်တည့်တည့်တွင် တွဲလောင်းကျနေသည့် နိုင်လွန်ကြိုးကို တွေ့ရသည့်အတွက် သေဆုံးသူမှာ အရက်ကြောင် ကြောင်နေသူဖြစ်ကြောင်းသိရ၍ ရေတာရှည်မြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**




Authorized Distributors

**Myanmar Golden Rock Int'l Co., Ltd.**

**Office (Yangon)**
အမှတ် (၇၉-ဒီ)၊ ဗိုလ်ချိန်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၂၀၀၀ ၂၁၅၆၊ ၄၃၁၄ ၀၅၀၁၊ ၄၂၀၀ ၄၆၅၅၂

**Show Room (Yangon)**
အမှတ် (၀၀၇)၊ နာနတ်တောလမ်း၊ ယုဇန ဟိုက်ဝေး ဝင်းအတွင်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

**Office & Show Room (Mandalay)**
အမှတ် (၄/၅)၊ SY Building၊ ဘူတာကြီးနှင့် မျက်နှာချင်းဆိုင်၊ ၇၈ လမ်း၊ ၂၉ လမ်းနှင့် လမ်း၃၀ကြား၊ မန္တလေးမြို့။
ဖုန်း-၀၂-၃၆၀ ၁၄၊ ၃၉၈ ၁၆၊ ၃၉၈ ၅၇၊ ၃၉၆ ၁၇၊ ၃၉၆ ၁၈၊ ၃၉၆ ၁၉

**Asterism Int'l Co., Ltd.**

**Office (Yangon)**
အမှတ်-(၉၂/ခ)၊ မဥ္စူလမ်း (ဂျပန်လမ်း)၊ ထန်းပင်ကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁- ၆၅၄ ၀၉၁

**Show Room (Yangon)**
အမှတ်-(၁၅၁)၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉ ၇၃၁၁ ၈၉၈၉၊ ၀၉ ၅၁၆ ၆၀၀၅

**Office and Show Room (Mandalay)**
အမှတ်-ဒ-၉/၁၄၂၊ ၆၆ လမ်း၊ ၃၉ လမ်း နှင့် လမ်း ၄၀ ကြား၊ မဟာမြိုင်(၁)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။
ဖုန်း - ၀၂- ၇၇၆ ၀၅၊ ၀၉ ၄၂၀ ၇၅၉ ၆၈၃

Customer.care.mn@akzonobel.com

# ပဲခူးမြို့နယ် သရက်ကုန်းကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေး ထရန်စဖော်မာဖွင့်ပွဲကျင်းပ

**ပဲခူး၊ အောက်တိုဘာ ၁၈**

ပဲခူးမြို့နယ် ဘုရားကြီးမြို့ ဝဂ်ဘော်ကျေးရွာအုပ်စု၊ သရက်ကုန်းကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေး ၃၁၅ ကေဗွီအေ ထရန်စဖော်မာနှင့် ၂၀၀ ကေဗွီအေ ထရန်စဖော်မာ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၆ ရက် နံနက် ၈ နာရီခွဲက ကျင်းပသည်။

အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌဦးဝင်းတင်၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဘောဘိအုန်း၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျူဗလီစံလှ၊ တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာမှူး ဦးစိန်အောင်နှင့် ခရိုင်၊ မြို့နယ် လျှပ်စစ်အင်ဂျင်နီယာမှူးများ၊ ပဲခူးခရိုင် မြို့နယ် အုပ်ချုပ်ရေးမှူးများနှင့် ဘုရားကြီးမြို့နယ် အုပ်ချုပ်ရေးမှူး၊ လျှပ်စစ်မီးလင်းရေးကော်မတီများ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးနှင့် တိုင်းရင်းသားရေးရာ ဝန်ကြီးတို့က ၃၁၅ ကေဗွီအေ ထရန်စဖော်မာနှင့် ၂၀၀ ကေဗွီအေ ထရန်စဖော်မာတို့အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် ဖွင့်ပွဲမဏ္ဍပ်အတွင်း၌ လွှတ်တော်ဥက္ကဋ္ဌ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးနှင့် တိုင်းရင်းသားရေးရာဝန်ကြီးတို့က အမှာစကားပြောကြားပြီး သရက်ကုန်းကျေးရွာ လျှပ်စစ်မီးလင်းရေး ကော်မတီဥက္ကဋ္ဌ ဦးထွန်းဦးက မီးလင်းရေး လုပ်ငန်းစဉ်များ ရှင်းလင်းပြောကြားကာ ကျေးရွာမီးလင်းရေးကော်မတီများက မီးလင်းရေးအထိမ်းအမှတ် အလံအား လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများကို ပေးအပ်သည်။

ယင်းနောက် လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဘောဘိအုန်းက မီးလင်းရေးကော်မတီအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ သရက်ကုန်းကျေးရွာ ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး လူငယ်မောင်မယ်များက ကရင်ဒုံးယိမ်းအကဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

သရက်ကုန်းကျေးရွာတွင် အိမ်ခြေ ၅၃၆ အိမ် လူဦးရေ ၂၅၃၆ ရှိပြီး မီးလင်းသည့် အိမ်ခြေ ၁၅၆ အိမ်ရှိကာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းနိုင်ရေးအတွက် ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ကူညီမှုဖြင့် ကျေးလက်ဘဏ်မှ ချေးယူရရှိငွေကျပ်သိန်း ၄၅၀၊ ကျေးရွာနေ ပြည်သူများထံမှ ကောက်ခံရရှိငွေ ကျပ် ၆၉၀ သိန်း၊ စုစုပေါင်း ကျပ် ၁၁၄၀ သိန်း အကုန်အကျခံကာ Y.T.E Co.,Ltd မှ တာဝန်ယူ တည်ဆောက်ပေးမှုကြောင့် ယခုအခါ သရက်ကုန်းကျေးရွာနေပြည်သူများမှာ လျှပ်စစ်မီးကို အပြည့်အဝ သုံးစွဲနိုင်ပြီဖြစ်ကြောင်းသိရသည်။

**တင်စိုး(ပဲခူး)**



# မြင်းခြံတွင် သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်

**မြင်းခြံ၊ အောက်တိုဘာ ၁၈**

အပူပိုင်း မိုးနည်းရေရှား ဒေသဖြစ်သော မြင်းခြံမြို့တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အမှတ်(၁၉)ရပ်ကွက်တွင် မြို့ရေပေးရေး လုပ်ငန်းအား တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့ရေပေးရေးလုပ်ငန်းလေးခုဖြစ်သော ရေဖြန့်ဝေရန် လေးလက်မပိုက်လိုင်းအရှည် ၅၂၈၀ ပေ သွယ်တန်းခြင်း၊ မြင်းကောင်ရေ ၅၀ ရှိ ရေတင်ပန့် တပ်ဆင်ခြင်း၊ ၅၀ KVA ထရန်စဖော်မာ တပ်ဆင်ခြင်း ၊ ဂါလန် ၂၄၀၀၀ ဆံ့အုတ်ရေကန် တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လုပ်ငန်းများကို တင်ဒါစနစ်ဖြင့် လုပ်ကိုင်ခြင်းဖြစ်ပြီး မြို့နယ်စည်ပင်သာယာရေး ရန်ပုံငွေ ၇၈ ဒသမ ၇၇ သန်းကုန်ကျမည်ဖြစ်ပြီး ယခုဘဏ္ဍာနှစ်အတွင်း အပြီးလုပ်ဆောင်သွားမည်ဖြစ်သည်။

ယင်းလုပ်ငန်းများဆောင်ရွက်ရာသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်၊ မြို့နယ် စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးအေးမြင့်၊ မြို့နယ်အထောက်အကူပြုအဖွဲ့ဝင်များသည် ရေကန် တည်ဆောက်ရေးလုပ်ငန်းကို ကြည့်ရှုခဲ့ကြသည်။ မြင်းခြံမြို့ အမှတ်(၁၉)ရပ်ကွက်တွင် ယမန်နှစ်က ဂါလန်တစ်သောင်းဆံ့ အမြင့်ပေ ၄၀ ကွန်ကရစ်ရေစင် ၊ ရှစ်လက်မအဝီစိတွင်း ရေစစ်ကန်၊ ရေစက်ရုံများ တည်ဆောက်ပေးပြီးဖြစ်သည်။

ယခု တိုးချဲ့လုပ်ငန်းများ ဆောင်ရွက်မှု ပြီးစီးပါက ပြည်သူများအနေဖြင့် သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာဖြန့်ဖြူးပေးဝေနိုင်မည်ဖြစ်ကြောင်းသိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# မြန်အောင်မြို့တွင် အဝေးပြေး ကားဝင်းအသစ် မကြာမီတည်ဆောက်တော့မည်

**မြန်အောင်၊ အောက်တိုဘာ ၁၈**

မြန်အောင် အဝေးပြေးကားဝင်းအသစ်ကို မြန်အောင်-ဟင်္သာတ ကားလမ်းဘေးမြို့တွင်းနှင့် တစ်မိုင် ငါးဖာလုံခန့်အကွာတွင် ဧရိယာ ၃ ဒသမ ၄၅ ဧကကျယ်ဝန်းသော မြေတွင် စားသောက်ဆိုင်ခန်းများ၊ ကားဂိတ်များ၊ ကားရပ်နားရန် နေရာများ၊ သန့်စင်ခန်းများ၊ ကားရေဆေးခုံနှင့် ခရီးသည်နားနေဆောင်များ ထည့်သွင်း တည်ဆောက်ထားမည်ဖြစ်ကြောင်းမြို့နယ်(မ. စ. က)ဥက္ကဋ္ဌ ဦးမောင်ဝင်းက ပြောသည်။

မြန်အောင်မြို့သည် ဧရာဝတီတိုင်းဒေသကြီး မြောက်ပိုင်းတွင် တည်ရှိပြီး ရထားလမ်း၊ ကားလမ်း၊ ဧရာဝတီမြစ်ကြောင်းတို့ ဆုံစည်းရာမြို့တစ်မြို့ဖြစ်သည်။

ထို့ပြင် မမြဆည်၊ ကွန်ချောင်းဆည်နှင့် ငါးပိဆိပ်မြစ်ရေတင်၊ ကန်ဇွန်းခုံမြစ်ရေတင်၊ မြစ်ကျိုးမြစ်ရေတင် စီမံကိန်းများကို နိုင်ငံတော်မှ ဆောင်ရွက်ပေးထားပြီး နွေစပါး၊ မိုးစပါး၊ ပဲ၊ ပြောင်း၊ နှမ်း ဆောင်းသီးနှံမျိုးစုံအောင်မြင်ဖြစ်ထွန်းရာ ဒေသတစ်ခုဖြစ်သည်။

ထို့ပြင် မြန်အောင်ရေနံမြေ၊ ရွှေပြည်သာရေနံမြေနှင့် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများ တည်ရှိရာ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေသော မြန်အောင်မြို့သည် မီးရထားလမ်း၊ ကားလမ်း၊ ရေကြောင်းတို့ဖြင့် ကုန်စည်ပို့ဆောင်ရေး ဖွံ့ဖြိုးတိုးတက်လာပြီး ယခင်လွန်ခဲ့သော ၂၀၁၃ ခုနှစ်ခန့်က မြန်အောင်တွင်ကားဂိတ်လေးခုသာ ရှိခဲ့သည်။

မြန်အောင်မြို့ အဝေးပြေးကားဂိတ်တွင် နေ့စဉ် ကားငါးစီးခန့်သာ ပြည်နှင့် ရန်ကုန်သို့ပြေးဆွဲလျက်ရှိပြီး ၂၀၁၄ ခုနှစ်တွင် မြန်အောင်မြို့ အဝေးပြေးကားဂိတ်တွင် ဂိတ် ၁၀ ခုအထိ တိုးမြှင့်ဖွင့်လှစ်၍ ခရီးသည်တင် အဆင့်မြင့် မှန်လုံကားကြီးများဖြင့် ပြည်မြို့သို့နေ့စဉ် ရှစ်စီး၊ ရန်ကုန်မြို့သို့ ၁၄ စီး၊ နေပြည်တော်၊ မန္တလေး၊ ပြင်ဦးလွင်နှင့် ပုသိမ်မြို့များသို့ နေ့စဉ်တစ်စီး ကားများ ပြေးဆွဲလျက်ရှိသည်။

မြန်အောင်မြို့၏ လူဦးရေထူထပ်လာမှု၊ မော်တော်ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်များ၊ ကုန်တင်ကားကြီးများနှင့် ကိုယ်ပိုင်ကားများ ပိုင်ဆိုင်သူများလာသည့်အတွက် မြို့လယ်တွင် အသုံးပြုနေသော ကားဂိတ်သည် ဧရိယာ သုည ဒသမ ၂၇ ဧကရှိပြီး နေ့စဉ် ကား ၂၅ စီးခန့် အဝင်အထွက်ရှိသောကြောင့် ယခုကဲ့သို့ ကားဝင်းသစ်ကို တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

ထိုပြင်လက်ရှိ ကားဂိတ်ဝင်းကို မြို့တွင်းဂိတ်ခွဲတစ်ခုအဖြစ် ထားရှိ၍ ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေး ဆောင်ရွက်ထားရှိထားသည်။

ထိုဆောင်ရွက်မှုတွင်ကျေးရွာအုပ်စုများမှ မြန်အောင်သို့ နေ့စဉ်ခရီးသည် တင်ကားများ၊ သုံးဘီးဆိုင်ကယ်များကို မြို့တွင်းကားဂိတ်ဝင်း အတွင်း စုစုစည်းစည်းစနစ်တကျ ထားရှိပေးပါက အနေးယာဉ်လုပ်သားများ၊ ဆိုင်ကယ်ကယ်ရီများနှင့် ဈေးရောင်းဈေးဝယ်များ အတွက် အကျိုးရှိမည်ဖြစ်ကြောင်း မြို့မိမြို့ဖတစ်ဦးက ပြောသည်။

**ဝင်းမိုလ်**

မြန်မာ့ခရီး 09-421057076 09-30224802
# ကလောပင်းတယအင်းလေးတောင်ကြီး # ပုဂံ၊ ညောင်ဦး (စွယ်တော်လေးဆူ)၊ ပုပ္ပါး
# ပြည်၊ထုံးဘို (အကောက်တောင်) # မန္တလေး၊ပြင်ဦးလွင်၊မုံရွာ Sep 25, Nov 5, 14, 28
facebook တွင် ခရီးစဉ်တစ်ခုချင်းစီအတွက် (၅ပ)% သက်သာခွင့်၊ (၃ပ)% သက်သာခွင့် အစီအစဉ်ရှိပါသည်။ ကံထူးသူများအား fb တွင် ကြော်ငြာပေးသွားမည် ဖြစ်ပါသည်။
facebook: Wanderlust Myanmar
လက်မှတ် လိုက်ပို့ပေးပါသည်။

ပျောက်ဆုံးကြောင်း
ကျွန်တော် မောင်ကျော်စိုးသူ၉/မထလ(နိုင်)၂၂၀၉၂၂ကိုင်ဆောင်သော CDC-၅၉၈၈၁၏EDHနှင့်Watchkeeping စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။
ဖုန်း-၀၉-၂၅၄၂၆၀၈၈၂

ဝယ်လိုသည်
Second hand အဲယားကွန်း၊ မီးအားမြင့်စက်များဝယ်သည်။
ဖုန်း-၀၉၇၃၀၆၅၅၆၂ (ကိုသစ္စာ)

WELCOME TO SRI KSETRA
ပျူကို သိချင်... ပြည်ကိုလာပါ... ပြည်ကို ရောက်လျှင်...
မြန်မာနိုင်ငံရဲ့ ရှေးအကျဆုံး သရေခေတ္တရာ ပျူစေတီတော်ကြီးများထဲက ဗိသုကာဟန်ထူးခြားပြီး ထင်ရှားတဲ့ ဘုရားကြီး (ဗဲဗဲကြီး) စေတီတော်ကြီးနှင့် မျက်နှာချင်းဆိုင်မှာရှိတဲ့ ...
သရေခေတ္တရာ
SRI KSETRA
ART GALLERY & SOUVENIR SHOP
Where things bring back pleasant memories
Ph: 09-31216476
ပန်းချီပြခန်းနှင့် အမှတ်တရပစ္စည်းဆိုင် ကို ဝင်ဖြစ်အောင် ဝင်ပါနော်...

ကန့်ကွက်နိုင်ပါသည်
ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅)၊ မြေကွက်အမှတ်(၁၃၂) အကျယ်အဝန်း(၀. ၀၈၃ဧက)၊ (၃၆၀၀ စတုရန်းပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၃)ရပ်ကွက်၊ တော်ဝင်လမ်းသွယ်၊ အမှတ်(၁၃၂)ဟုခေါ်တွင်သည့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်မြေအမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်နိုင်နိုင်ဦး(၁၂/အလန(နိုင်)၀၂၈၉၇၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။
လွှဲအပ်ညွှန်ကြားချက်အရ -
တရားလွှတ်တော်ရှေ့နေများ — ဒေါ်မေရည်စိုးဦး LL.B, D.B.L; ဦးဝင်းအောင် LL.B, D.M.L, D.B.L; ဒေါ်ခိုင်ဇင်ဦး LL.B, D.B.L
အထက်တန်းရှေ့နေများ — ဒေါ်ခိုင်ခိုင်စန်း LL.B, D.B.L; ဦးအောင်နိုင်ထူး LL.B; ဒေါ်မေဇွန်စိုးဦး LL.B, D.B.L, D.I.R, C.B.D.S(MOFA)
စိုးစံ(လင်း) အိမ်၊ခြံ၊မြေ အကျိုးဆောင်ကုမ္ပဏီ
ရုံးချုပ် – အမှတ်(၇၀)၊ ပထမထပ်၊ အင်းစိန်လမ်း၊ စံရိပ်ငြိမ်မှတ်တိုင်၊ ကမာရွတ်မြို့နယ်။
☎ – 510760, 510940, 510950, 500643, 502517, 2304311
ဗဟန်းရုံးခွဲ – အမှတ်(၂၈၇)၊ ပထမထပ်၊ ရွှေဂုံတိုင်လမ်းမ၊ ငါးထပ်ကြီးဘုရားမှတ်တိုင်၊ ဗဟန်းမြို့နယ်။
☎ – 01-552742/559320, 09 5060938, 09 5060940, 09 8634090, 09 73100980

အမြန်ရောင်းမည်
- မုဒိတာကွန်ဒို(၁) ဒုတိယလွှာ ပါကေးခင်း၊ SB1, MB1 15'×45' ဓာတ်လှေကားပါ သိန်း၃၉၀(ညှိနှိုင်း)
- ရန်ကုန်-နေပြည်တော် အမြန်လမ်းမကြီးပေါ် ၂၀ မိုင် ၇ ဖာလုံ ၄ဧက သိန်းတစ်ထောင် (ညှိနှိုင်း)
အကျိုးဆောင်ခ (၂%)ပေးမည်။
ဖုန်း-၀၁-၉၆၆၉၀၆၆၊ ၀၉-၄၃၀၆၈၃၅၄၊ ၀၉-၂၅၀-၁၈၅-၈၆၄

## တစ်ချက်တည်းကျင်းဝင်

(ရန်ကုန်ဂေါက်အသင်း၊ တညင်းကုန်း)

၂၀၁၄ခုနှစ်၊ အောက်တိုဘာလ (၁၄)ရက် ညနေ(၄း၁၀) နာရီတွင် ရန်ကုန်ဂေါက်အသင်း(တညင်းကုန်း)၌ ဒေါက်တာမင်းနိုင်သည် ၎င်း၏ကစားဖော်များဖြစ်ကြသော ဦးအာဝါး(စံပြရွှေငါး)၊ ဦးမျိုးနိုင်(ဆန်လုပ်ငန်းရှင်)၊ ဦးလှစိုး(ဆန်လုပ်ငန်းရှင်)တို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၄)ကို (၁၅၃)ကိုက်အကွာမှ TOUR SPECIAL(3) ဘောလုံးအား CPR IRON(5) တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းကျင်းဝင်သွားပါသည်။

# မျိုးသန့် စပါးမျိုးစေ့ထုတ် စံပြစိုက်ခင်းများသို့ ကျေးရွာတောင်သူများ သွားရောက်လေ့လာ

**မြောင်းမြ၊ အောက်တိုဘာ ၁၈**

တောင်သူလယ်သမားများ ဝင်ငွေ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားစေရန်အတွက်၊ စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများတွင် ဈေးကွက်ဝင် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးခြင်းကို အလေးထားဆောင်ရွက်လျက်ရှိရာ မြောင်းမြမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် JICA Project တို့ ပူးပေါင်းဆောင်ရွက်သော အရည်အသွေးပြည့် မျိုးသန့်စပါး ထုတ်လုပ်ဖြန့်ဖြူးမှု ပညာပေးသရုပ်ပြဆွေးနွေးပွဲကို အောက်တိုဘာ ၁၆ ရက် နေ့လည်ပိုင်းက မြောင်းမြမြို့၊ ကျုံဝါးကျေးရွာ၊ စိုက်ပျိုးပညာပေးစခန်းတွင် ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲနှင့် လေ့လာရေးခရီးစဉ်သို့ မြောင်းမြခရိုင် အုပ်ချုပ်ရေးမှူးဦးထွေးမြင့်၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူးဦးမြင့်အေး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးတင်မောင်ငြိမ်း၊ JICA Project မှတာဝန်ရှိသူများ၊ မြို့နယ်အတွင်းရှိ ကျေးရွာ အုပ်စု ၉၇ အုပ်စုမှ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တောင်သူလယ်သမားများ၊ စိုက်ပျိုးရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

ကံချောင်ကျေးရွာ၊ တောင်သူဦးဌေးအောင်၏ ( RS )အဆင့် ဆင်းသုခစပါးမျိုး စံပြစိုက်ခင်းကိုလည်းကောင်း၊ ကျုံဝါးကျေးရွာတောင်သူ ဦးအောင်စိုး၏ ( RS )အဆင့် ဆင်းသုခစပါးမျိုး စံပြစိုက်ခင်းသို့လည်းကောင်း သွားရောက်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

စိုက်ပျိုးရေးဦးစီးဌာနနှင့် JICA Project တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် အရည်အသွေးပြည့်မီသော စပါးမျိုးကောင်း မျိုးသန့်များ ထုတ်လုပ်စိုက်ပျိုးခြင်း အစီအစဉ်ကို ၂၀၁၁ ခုနှစ်၊ ဩဂုတ်လမှ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လအထိ ဧရာဝတီတိုင်းဒေသကြီးအတွင်း မြောင်းမြ၊ ဟင်္သာတ၊ လပွတ္တာ မြို့နယ်သုံးမြို့နယ်တွင် တောင်သူ ၅၀ ဦးစီအား ရွေးချယ်လုပ်ကိုင်စေလျက် မျိုးကောင်းမျိုးသန့်၊ ဓာတ်မြေဩဇာများ အခမဲ့ဖြန့်ဝေပေးခြင်း၊ လိုအပ်သော စိုက်ပျိုးရေးသုံး ကိရိယာများနှင့် ရိတ်သိမ်းချွေလှေ့စက်များ ပံ့ပိုးပေးခြင်းတို့ကို ငါးနှစ်စီမံကိန်းချမှတ်၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယခုအခါ ၂၀၁၄-၂၀၁၅ နွေစပါး၊ မိုးစပါးရာသီမှ စတင်၍ မြောင်းမြမြို့နယ်အတွင်း ကျေးရွာအုပ်စု ၉၇ အုပ်စုရှိ ကျေးရွာများသို့ (RS) အဆင့် ဆင်းသုခမျိုးသန့်စပါး ၁၅ တင်းနှုန်း ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ဦးစီးမှူး ဦးတင်မောင်ငြိမ်းက ပြောကြားသည်။

ထို့ပြင် လိုအပ်သော နည်းပညာအကူအညီများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ပညာရှင်ဝန်ထမ်းများက ပံ့ပိုးကူညီပေးသွားကြမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ထိုသို့တောင်သူလယ်သမားများအနေဖြင့် အရည်အသွေးပြည့်ဝသည့် စပါးမျိုးကောင်းမျိုးသန့်များကိုသာ ရွေးချယ်စိုက်ပျိုးခြင်းဖြင့် ဝင်ငွေတိုးတက်လာစေရန်ရည်ရွယ်ကြောင်းဂင်းကပြောသည်။ **အောင်မင်း(မြောင်းမြ ပြန်/ဆက်)**



# လယ်ဝေး၌ ယာဉ်အန္တရာယ်ကင်းရှင်းစေရေး ရှောင်တခင်စစ်ဆေး

**နေပြည်တော်၊ အောက်တိုဘာ ၁၈**

နေပြည်တော်ကောင်စီနယ်မြေ ၊ လယ်ဝေးမြို့နယ်အတွင်း ယာဉ်အန္တရာယ် ကင်းရှင်းစေရေး၊ ယာဉ်မောင်းများယာဉ်စည်းကမ်းလမ်းစည်းကမ်းနှင့်အညီ မောင်းနှင်စေရေးတို့အတွက် အောက်တိုဘာ ၁၆ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ယာဉ်ထိန်းတပ်ဖွဲ့စုက ရှောင်တခင် စစ်ဆေးဆောင်ရွက်လျက်ရှိကြသည်။

အဆိုပါနေပြည်တော်ယာဉ်ထိန်းတပ်ဖွဲ့စုက ရှောင်တခင် စစ်ဆေးခြင်းတွင် နေပြည်တော်ယာဉ်ထိန်းတပ်ဖွဲ့စု ရဲအုပ်ဇင်အောင်လင်း ဦးဆောင်၍ အဖွဲ့ဝင်လေးဦးနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ လိုက်ပါလျက် ယာဉ်မောင်းများ ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်တွင်ပါရှိရမည့် စာရွက်စာတမ်းများ ပြည့်စုံစွာ ပါရှိခြင်းရှိ/မရှိ၊ မော်တော်ဆိုင်ကယ်စီးနင်းသူများ ဆိုင်ကယ်စီးဦးထုပ်၊ ယာဉ်မောင်းလိုင်စင်နှင့် သတ်မှတ်စည်းကမ်းများအတိုင်း မောင်းနှင်မှု ရှိ/မရှိတို့ကို စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ရွှေကုက္ကို**

# ဆိုလာစနစ်ဖြင့် သုံးစွဲမည့်ပစ္စည်းများအား ရှင်းလင်းဆွေးနွေးပွဲကျင်းပ

**သရက်၊ အောက်တိုဘာ ၁၈**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ကျေးလက်မီးလင်းရေးလုပ်ငန်းများအတွက် ဆောင်ရွက်ရန် သတ်မှတ်ထားသည့် နေရောင်ခြည်စွမ်းအင်သုံး မီးလင်းရေးအတွက် ဆိုလာစနစ်ဖြင့် အသုံးပြုမည့် ပစ္စည်းများအား ရှင်းလင်းပြသခြင်းကို အောက်တိုဘာ ၁၇ ရက် နံနက် ၁၁ နာရီက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးတွင် ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်ယဉ်လှ၊ ဒုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးမင်း၊ မြို့နယ်အထောက်အကူပြုဥက္ကဋ္ဌ ဦးတင်အောင်မြင့်၊ အတွင်းရေးမှူး ဦးဝင်းတင်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားတွင် အေးချစ်ပိုင် ကုမ္ပဏီမန်နေဂျာ ဦးသက်နိုင်က ဆိုလာစနစ်ဖြင့် ကျေးလက်မီးလင်းရေး ဆောင်ရွက်ရာတွင် အသုံးပြုမည့် ပစ္စည်းများအား နားလည်သဘောပေါက်ပြီး အသုံးပြုတတ်စေရန် ရှင်းလင်းဆွေးနွေးပေးခဲ့ရာ တက်ရောက်လာသည့် အထောက်အကူပြုကော်မတီများမှ အိမ်ထောင်တစ်စုအတွက် ဆိုလာယူနစ်တစ်ခု တပ်ဆင်ပြီး အသုံးပြုပါက ဆိုလာယူနစ်တစ်ခုတွင် (10 W LED) မီးချောင်းနှင့် (3 W LED)မီးလုံးနှစ်လုံး တပ်ဆင်ပြီး တစ်ပြိုင်နက်သုံးပါက ၆ နာရီကြာ သုံးစွဲနိုင်ကြောင်းနှင့် ကျေးရွာနေပြည်သူများအား သွားရောက်တပ်ဆင်ပေးပါက ကျေးရွာနေပြည်သူများ နားလည်သဘောပေါက်ပြီး အလွယ်တကူ အသုံးပြုတတ်စေရန် ရှင်းလင်းဆွေးနွေးပေးပြီးမှ လက်တွေ့သရုပ်ပြသပြီးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

# သတင်းအရ ရှာဖွေရာမှ မော်လူးမြို့နယ်တွင် မူးယစ်ဆေးဝါး ဖမ်းဆီးရမိ

**မော်လူး၊ အောက်တိုဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ မော်လူးရဲစခန်းနယ်မြေတွင် စခန်းမှူးရဲအုပ် အေးမင်းသိန်းသည် ကသာခရိုင် ရဲတပ်ဖွဲ့မှူး၏ လမ်းညွှန်မှု၊ အင်းတော်မြို့နယ် ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်မှုတို့ဖြင့် မှုခင်းကျဆင်းရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ထိုသို့ဆောင်ရွက်နေစဉ် အောက်တိုဘာ ၁၆ ရက် မွန်းလွဲ ၁ နာရီက သတင်းအရ မင်းသားကျေးရွာအနီးရှိ လယ်တဲတွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၆ ရက် မွန်းလွဲ ၁ နာရီခန့်က မော်လူးနယ်မြေ ရဲတပ်ဖွဲ့စခန်းမှ စခန်းမှူး အေးမင်းသိန်း ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များနှင့် သက်သေများ ဖြစ်ကြသော မော်လူးကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူး ဦးဝင်းစိန်၊ မင်းသားကျေးရွာ အုပ်ချုပ်ရေးမှူး ဦးမြင့်သန်းတို့ ပူးပေါင်း၍ မင်းသားကျေးရွာအနီး လယ်တဲတစ်ခုပေါ်တွင် မူးယစ်ဆေးဝါးရောင်းချနေကြောင်း သတင်းရရှိသဖြင့် သွားရောက်ရှာဖွေခဲ့သည်။

ထိုသို့ရှာဖွေရာ ၎င်းလယ်တဲပေါ်တွင် သိန်းလွင်၊ သန်းဇော်၊ ဝေမင်း၊ လင်းထွန်းတို့အားတွေ့ရသည်။

သိန်းလွင်ထံမှ Love is Flower စာတန်းပါ အပြာရောင် ဆပ်ပြာခွက်အတွင်း ပလတ်စတစ်ဖြင့်ထည့်လျက် မူးယစ်ဆေးဝါးဘိန်းဖြူဟု ယူဆရသော အဖြူရောင်အမှုန့် အလေးချိန် ၄ ဒသမ ၀၈ ဂရမ်ခန့်ပါ တစ်ခွက် (ထုပ်ပိုးခွံပါ)၊ မူးယစ်ဆေးဝါး ဘိန်းဖြူဟုယူဆရသော အဖြူရောင်အမှုန့် အလေးချိန် သုည ဒသမ ၃၈၁ ဂရမ်ခန့်ပါ အစိမ်းရောင် ကွမ်းယာဘူးတစ်ဘူး၊ မူးယစ်ဆေးဝါး ဘိန်းဖြူဟု ယူဆရသော အဖြူရောင်အမှုန့် အလေးချိန် ၁ ဒသမ ၅၂၈ ဂရမ်ခန့်ပါ အပြာရောင်ကော်ဘူးတစ်ဘူး၊ စုစုပေါင်း ကာလတန်ဖိုး ၅၉၈၉၀၀ ကျပ်နှင့် WANGBO 125 အနက်ရောင် ဆိုင်ကယ်တစ်စီး၊ တွေ့ရှိရမိသဖြင့် သက်သေများရှေ့မှောက်တွင် သိမ်းဆည်းကာ အမှုဖွင့် အရေးယူခဲ့သည်။

အမှုဖြစ်စဉ်နှင့်ပတ်သက်၍ မော်လူးရဲစခန်းမှ မူးယစ်ဆေးဝါး လက်ဝယ်တွေ့ရှိသူ သိန်းလွင် အသက် ၃၉ နှစ် (ဘ) ဦးချစ်ရွှေ၊ တောင်သူ၊ နန့်သဲကျေးရွာ၊ မဲဇာကျေးရွာအုပ်စု၊ အင်းတော်မြို့နယ်၊ သန်းဇော် အသက် ၂၉ နှစ်၊ တောင်သူ၊ မင်းသားကျေးရွာ၊ မော်လူးကျေးရွာအုပ်စု၊ အင်းတော်မြို့နယ်၊ ဝေမင်း အသက် ၂၅ နှစ်၊ တောင်သူ၊ မန်ကျည်းကုန်းကျေးရွာ၊ စီးမော်ကျေးရွာအုပ်စု၊ အင်းတော်မြို့နယ်၊ ဝင်းထွန်း အသက် ၂၇ နှစ်၊ တောင်သူ၊ မန်ကျည်းကုန်းကျေးရွာ၊ စီးမော်ကျေးရွာအုပ်စု၊ အင်းတော်မြို့နယ် နေသူတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ မယ(ပ)၂၅/၁၄၊ မူး/စိတ် ပုဒ်မ ၁၅/၁၉ (က)/၂၁ အရ အရေးယူခဲ့သည်။

ထိုအမှုအား တရားစွဲတင်ပို့နိုင်ရေးအတွက် အမှုစစ် စခန်းမှူး ရဲအုပ်အေးမင်းသိန်းက ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဝ၅ဈ**

နိုင်ငံတကာတက္ကသိုလ်ပေါင်း(၅၀)ကျော်မှ ဘာသာရပ်ပေါင်း (၁၂၀)ကျော်၏ပညာရေးသတင်းအချက်အလက်များရယူနိုင်မည့်
"GLOBAL EDUCATION EXHIBITION 2014"
Medical University - Health & Medicine - Life Science & Pharmacy - Civil & Architecture - Aerospace & Aircraft Engineering
Electronic Electrical - Mechanical - Animation & Game Technology - Business & Economics - IT
YANGON
Date : 24 Oct 2014
Time : 10:00 am - 1:00 pm
Venue : Summit Parkview Hotel (Ballroom)
MANDALAY
Date : 26 Oct 2014
Time : 2:00 pm - 5:00 pm
Venue : Hotel Mandalay (Ballroom)
CROWN EDUCATION Yangon Myanmar
ပြပွဲအတွင်းကျောင်းအပ်နှံသူများ နိုင်ငံတကာတွင်အသုံးပြုနိုင်သော Myanma Apex Bank Visa Card အခမဲ့ပြုလုပ်ပေးသွားပါမည်
Tel : 01 527 838 - 09 732 732 77 - 09 730 40 688

ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်
၁။ တ/ဒဂုံ၊ (၇၂)ရပ်ကွက်၊ ကျန်းစစ်သားလမ်းမကြီးဂုတ်ကွက်၊ မြေသီးသန့်၊ ခြံခတ်ပြီး၊ (40' x 60')၊ ပါမစ် သိန်း **650 L**
၂။ အရှေ့ဒဂုံ၊ (၁၀၈)ရပ်ကွက်၊ ကျန်စစ်သားလမ်းမကြီးကျောကပ်၊ L ကွက်၊ မြေသီးသန့်၊ ခြံခတ်ပြီး၊ (40' x 60')၊ ပါမစ် သိန်း **800 L**
၃။ တ/ဥက္ကလာပ၊ ကေတုမာလာရိပ်သာ(၂)လမ်း၊ မြေညီ L ခန်း၊ (14' x 54') အမြင့်(17')၊ အဆင့်မြင့်ပြင်ဆင်ပေးမည်။ 60% သွင်းပြီး၊ (ကြိုပွိုင့်) သိန်း **1100 L**
**Ph:09-73235188, 09-420141762**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂/မြောက်၊ မြေကွက်အမှတ်(၅၂၄/ခ)၊ မြေကွက်တည်နေရာအမှတ်(၅၂၄/ခ)၊ အနော်မာ(၂၁)လမ်းအနောက်၊ ၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဒေါ်မြင့်မြင့်စန်း) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်မြင့်မြင့်စန်း ကွယ်လွန်သဖြင့် ပိုင်ဆိုင်စာချုပ် ၃၈၀၃/၁၄(၁၅-၇-၁၄)ဖြင့် ပိုင်သူများဖြစ်သော ၁။ဒေါ်စုမြတ်[၁၂/သကတ(နိုင်)၁၀၅၄၄၉]၊ ၂။ဒေါ်စုလတ်လတ်[၁၂/သကတ(နိုင်)၁၀၆၅၉၀]၊ ၃။ဦးသိန်းသန်းဦး[၁၂/သကတ(နိုင်)၁၀၅၇၃၇]၊ ၄။ဦးအောင်ကျော်ကျော်[၁၂/သကတ(နိုင်)၁၂၂၅၇၁]၊ ၅။ဒေါ်အေးအေးအောင်[၁၂/သကတ(နိုင်)၁၁၉၈၉၇]၊ ၆။ဒေါ်သီဂီအေး[၁၂/သကတ(နိုင်)၁၆၀၆၀၁]တို့မှ ဂရန်မူရင်းပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ချက်နှင့် ကျမ်းကျိန်လွှာတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ရောင်းမည် (စမ်းချောင်းမြို့နယ်)
- 15'x50' , 5F, တစ်အိမ်လုံးပါကေးခင်း၊ အိမ်အသစ်၊ Air-con ပါ (၅၅၀)သိန်း၊ လက်ပံလမ်း
- 25'x50'၊ ၈-ထပ်တိုက်ရှိ ၅-လွှာ၊ Lift ပါ၊ တစ်အိမ်လုံးပြုပြင်ပြီး၊ (၂၄)နာရီ ရေရ၊ Air-con ပါ၊ ကြိုးဖုန်း(၁)လုံး၊ 1MBR, 1BR, (၂၄၅၀)သိန်း၊ အနောက်မြေနီကုန်းလမ်း
(ဝယ်သူသာဆက်သွယ်ပါရန်) -
ဖုန်း-၀၉-၇၃၁၉၃၄၁၂ ၀၉-၅၁၆၄၀၆၃

ဖောင်းကြွပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် 6F-9639 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန(ရွာသာကြီး)**

ကျန်းမာရေးဆောင်းပါး

# ကျန်းမာရေးအတွက် စားသုံးသင့်သော အဆီလေးများ

à ayjufyjuf

အဆီစားလို့ အသားမဖြစ်၊ အဆီစားလို့ ဘေးဖြစ် ဟူသောကျန်းမာရေးသတိပေး ဆောင်ပုဒ်လေးကို ကျန်းမာရေးလိုက်စားသူအားလုံး သိနေ၊ နားရည်ဝနေကြမယ်လို့ ယုံကြည်ပါတယ်။ သို့သော် အောက်ဖော်ပြပါ အစားအစာ အဆီမျိုးကတော့ကျန်းမာရေးကို ကောင်းကျိုးပြုပေးနိုင်တာကြောင့် စားသုံးသင့်ပါကြောင်း အကြံပြုတိုက်တွန်းလိုက်ပါရစေ။

(၁) **ငါး**

ဆယ်လ်မွန်၊ တူနာ၊ ငါးသေတ္တာငါးစတဲ့ ပင်လယ်ငါးများမှရရှိတဲ့ အိုမီဂါ-၃ ဖက်တီးစက်ဆစ်တွေက နှလုံးကိုကောင်းကျိုးပြုတာကြောင့် ရက်သတ္တ တစ်ပတ်လျှင် အနည်းဆုံးနှစ်ကြိမ် ငါးစားပေးရန် The American Heart Association (ခေါ်) အမေရိကန်နိုင်ငံရှိ နှလုံးရောဂါ စောင့်ရှောက်ရေးအဖွဲ့မှ အကြံပြုထားပါတယ်။ ဒ့ါပြင် ထိုအဆီဓာတ်ကဦးနှောက်ကို အားဖြစ်စေလို့ သက်ကြီးရွယ်အိုများအတွက် အထူးသင့်လျော်ပါတယ်။ (ငါးထဲမှာပါရှိတဲ့ အဆီဓာတ် အာနိသင် မပြယ်စေဖို့အတွက် ငါးကို ကြော်မစားသင့်ပါဘူး။ ငါးပေါင်း၊ ငါးပြုတ်၊ ငါးကင်စားပေးပါ။ လိုအပ်ရင် ဆရာဝန်နှင့်တိုင်ပင်၍ ဖြည့်စွက်စာအဖြစ် ငါးကြီးဆီသောက်ပါ။)

(၂) **ထောပတ်သီး**

ထောပတ်သီးထဲမှာ ပါရှိတဲ့ အဆီဓာတ်က နှလုံးရောဂါနှင့် အရိုးအဆစ်ရောင်ရမ်းနာရောဂါများအတွက် လွန်စွာဆေးဖက်ဝင်ပါတယ်။ အကယ်၍ထောပတ်သီးကို အခြားအစားအစာများနဲ့ တွဲစားခြင်း (သို့မဟုတ်) ထောပတ်သီးမစားခင်နှင့် ထောပတ်သီး စားပြီးနောက် အခြားအစားအစာများကို ချက်ချင်းဆိုသလို စားသောက်မိတဲ့အခါမှာလည်း ကျန်းမာရေးအတွက် ဘေးမဖြစ်စေဘဲ၊ ထိုထောပတ်သီးရဲ့ အစွမ်းကြောင့် ၎င်းနှင့်တွဲဖက်စားသောက်မိသော အစားအစာတွေမှာ ပါရှိတဲ့ အာဟာရများကို ခန္ဓာကိုယ်က ကောင်းစွာ စုပ်ယူနိုင်ပါတယ်။ ဒါကြောင့် ထမင်းစားပြီးပြီးချင်း အချိုပွဲအဖြစ် ထောပတ်သီးဖျော်ရည် သောက်ပေးသင့်ပါတယ်။

(၃) **အဆန်အစေ့များ**

နေကြာစေ့၊ ဖရုံစေ့၊ နှမ်းစေ့၊ သစ်ကြားသီး၊ ဗာဒံစေ့၊ မြေပဲ၊ သီဟိုဠ်စေ့ထဲမှာ ပါရှိတဲ့ သစ်ပင်မှရရှိသော သဘာဝ အဆီဓာတ်က ခန္ဓာကိုယ်ကိုဘေးဥပဒ် (မဖြစ်)စေတဲ့ ကိုယ်လက်စထရောများကို ပေးစွမ်းနိုင်ပါတယ်။ တိရစ္ဆာန်မှရရှိသော အဆီနှင့် နို့မလိုင်ပြည့် နွားနို့များဟာ ခန္ဓာကိုယ်ကိုဘေး(ဖြစ်)စေတဲ့ အဆီများ ဖြစ်ကြပါတယ်။ ဒါကြောင့် အစားအစာနှင့် သရေစာမုန့်တွေ ဝယ်ယူတဲ့အခါ ၎င်းတို့ကို ထုပ်ပိုးထားသော Packing အိတ်ပေါ်မှာ ဖော်ပြထားတဲ့ ပါဝင်မှုပစ္စည်းများဖြစ်ကြတဲ့ သုံးစွဲသော ဆီအမျိုးအစားနှင့် ဆီပါဝင်မှုပမာဏတို့ကို သေသေချာချာဖတ်ရှုပြီးမှ ရွေးချယ်ဝယ်ယူသင့်ပါတယ်။

(၄) **သံလွင်ဆီ**

သံလွင်ဆီမှာ လူသားတို့ ဘက်စုံ ကျန်းမာရေးအတွက် ကောင်းကျိုးပြုစေတဲ့အဆီဓာတ်အပြည့်အဝပါရှိပါတယ်။ အချက်၊ အပြုတ်၊ အသုပ်၊ အကင် အားလုံးအတွက် သံလွင်ဆီက အရသာရော အာနိသင်ပါ မပြောင်းလဲစေပါဘူး။ ဒါကြောင့် ကျန်းမာရေးအတွက် အလေ့အကျင့်ကောင်း တစ်ခုအနေဖြင့် သံလွင်ဆီ စားသုံးပေးသင့်ပါတယ်။

(၅) **ဟင်းသီးဟင်းရွက်များ**

အစိမ်းရောင်ရင့်ရင့် ဟင်းသီးဟင်းရွက်များ ဖြစ်ကြတဲ့ ဟင်းနုနယ်နှင့် ကိုက်လံတို့မှ ရရှိသော ဟင်းရွက်ဆီများဟာလည်း ပင်လယ်ငါးကြီးဆီတွေမှာသာ တွေ့မြင်ရတဲ့ အိုမီဂါ-၃ ဖက်တီးအက်စစ်တွေကဲ့သို့ အကျိုးအာနိသင် ဖြစ်စေပါတယ်။ ဒါကြောင့် နေ့စဉ်သုံး အစားအစာတွေထဲမှာ စိမ်းရောင်ခြယ် ဟင်းရွက်တစ်ခုခုကို ထည့်စားပေးသင့်ပါတယ်။

(၆) **ကြက်ဥများ**

လူသားတွေအတွက် မရှိမဖြစ် ပရိုတင်းဓာတ်ကို ကြက်ဥ(အနှစ်) စားခြင်းဖြင့် ရရှိနိုင်ပါတယ်။ အရည်အသွေး ပြည့်မီပြီး အရွယ်အစားကြီးမားတဲ့ ကြက်ဥအနှစ်ထဲမှာ အဆီဓာတ် ငါးဂရမ်ခန့် ပါရှိပြီး ၎င်းအဆီက အိုမီဂါ-၃ ဖက်တီးအက်စစ်ကဲ့သို့ အာနိသင်ဖြစ်စေနိုင်ပါတယ်။ သို့သော် မည်သည့်အစားအစာမဆို တန်လျှင်ဆေး၊ လွန်ရင်ဘေး ဖြစ်တတ်တာကြောင့် အရွယ်ရောက်ပြီးသူ တစ်ယောက်အဖို့ အရွယ်အစားကြီးမားတဲ့ ကြက်ဥကို တစ်နေ့ကို နှစ်လုံးထက်ပို မစားသင့်ပါဘူး။

(၇) **ဂုံလျှော်စေ့**

အဝါရောင်သမ်းနေတဲ့ ဂုံလျှော်စေ့ထဲမှာ အဆီဓာတ်နှင့် အမျှင်ဓာတ် နှစ်မျိုးစလုံး ပါရှိနေပါတယ်။ ဂုံလျှော်စေ့ထဲမှရရှိတဲ့ အဆီဓာတ်က အသားအရေကိုကောင်းကျိုးပြုပြီး၊ အမျှင်ဓာတ်ကတော့ ရောင်ရမ်းနာကျင်ခြင်းနှင့် အစာအိမ်နာရောဂါများအတွက် ကောင်းကျိုးပြုပါတယ်။

(၈) **အဖြူရောင် ပဲစေ့များ**

ပဲထောပတ်နှင့် ပဲပိစပ်တို့လို အဖြူရောင်ပဲစေ့တွေထဲမှာ ပါရှိတဲ့ အဆီဓာတ်က အိုမီဂါ-၃ ဖက်တီးအက်စစ်ကဲ့သို့ အာနိသင် ထက်မြက်စေတာကြောင့် လူသားတို့အတွက် ရုပ်ပိုင်းဆိုင်ရာကိုသာမက၊ စိတ်ပိုင်းဆိုင်ရာကိုပါ အားဖြည့်ပေးနိုင်ပါတယ်။ အထူးသဖြင့် စိတ်ကျရောဂါဖြစ်တတ်သော သက်ကြီးရွယ်အိုများနဲ့ စိတ်ဖိစီးမှုများနေသူတွေအဖို့ ၎င်းအဖြူရောင်ပဲနှင့် ပဲနို့ရည်တို့ကို များများစားသောက်ပေးသင့်ပါတယ်။



## ပဲခူးမြို့ရှိ ဆုတောင်းပြည့် စွယ်တော်ရှင်မဟာစေတီ မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲကျင်းပရန် ညှိနှိုင်းဆွေးနွေး

**ပဲခူး၊ အောက်တိုဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့၏ တိုင်းဘုရားတစ်ဆူဖြစ်သည့် ဆုတောင်းပြည့် စွယ်တော်ရှင် မဟာစေတီတော်မြတ်ကြီးတွင် မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲကို နှစ်စဉ်ကျင်းပခဲ့သည်။

ယခုနှစ်တွင် အဆိုပါ ကျင်းပမြဲဖြစ်သည့် အကြိမ် (၃၀) မြောက် မသိုးသင်္ကန်း ရက်လုပ်ပူဇော်ပွဲကို အောက်တိုဘာ ၁၆ ရက် မွန်းတည့် ၁၂ နာရီက ဘုရားရင်ပြင်တော်ရှိ သီရိမင်္ဂလာဗိမာန်တော်ကြီးပေါ်တွင် ဂေါပကအဖွဲ့ ဦးဆောင်ပြီး ဖြစ်မြောက်ရေးကော်တီနှင့် ရက်ကန်းရက်လုပ်ပညာရှင်များ၊ အလှူရှင်များအား ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မဟာစေတီတော်မြတ်ကြီးတွင် မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲ၌ ရက်ကန်းစင် ၁၆ စင်ဖြစ်ပါဝင်ပြီး မဲစနစ်နှင့် ပြုလုပ်ရာ ရှစ်စင်သည် ပြိုင်ပွဲဝင်ဖြစ်၍ ရှစ်စင်မှာ အရန်ဖြစ်ကာ ၎င်းပြိုင်ပွဲတွင် ပထမဆုကို တစ်သိန်း၊ ဒုတိယဆုကို ကျပ် ၇၅၀၀၀၊ တတိယဆုကို ကျပ် ၅၀၀၀၀၊ စတုတ္ထဆုကို ကျပ် ၃၀၀၀၀ နှင့် နှစ်သိမ့်ဆုကို ကျပ် ၂၀၀၀၀ စီ အသီးသီး ပေးအပ်မည်ဖြစ်သည်။

ရက်ကန်းရက်လုပ်ပူဇော်ပြိုင်ပွဲကို (တန်ဆောင်မုန်းလဆန်း ၁၄ ရက်) အောက်တိုဘာ ၅ ရက် ည ၈ နာရီမှစ၍ ကျင်းပမည်ဖြစ်ပြီး အရုဏ်မတက်မီ ၎င်းဘုရားရင်ပြင်ပေါ်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဆက်ကပ်၍ အရုဏ်တက်ချိန်တွင် ပင့်သံဃာတော်များအား ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့၊ NGO များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် အလှူရှင်များက မုန့်နှင့် ဝတ္ထုငွေများ ဆက်ကပ် လှူဒါန်းပြီး ရေစက်ချ တရားနာ မည်ဖြစ်ကြောင်း သိရသည်။ **သုလင်း(ဟံသာမြေ)**

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ သံလျှက်မော်တောင်ရပ်ကွက်၊ အကွက်အမှတ်(၄၄၃)၊ ဦးပိုင်အမှတ်(၁၃)၊ စစ်ကိုင်း×မန္တလေးလမ်းဘုရားကြီးအနောက်မုခ်ရှိ မောင်ကြည်စိန်အမည်ပေါက် ဂရန်မြေကွက်အား ဖခင်ဖြစ်သူဦးကြည်စိန်၊ မိခင်ဖြစ်သူဒေါ်တုတ်ကြီးတို့ကွယ်လွန်သွားပါသဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်(၁၆၈၄/၂၀၁၄)ဖြင့် အမွေဆက်ခံခဲ့သောသမီးဖြစ်သူ ဒေါ်ညို[၉/မနတ(နိုင်)၀၉၂၂၅၉]မှ ဂရန်စာချုပ်မူရင်းပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ သက်တမ်းတိုး/အမည်ပြောင်း/ဂရန်မိတ္တူအမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(ဗ-၉)၊ ဦးပိုင်(၃-က)၊ ၅၈×၅၉လမ်းကြား၊ A2 x A3 လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးစိန်ဝင်း[၉/ကဆန(နိုင်)၀၁၁၉၄၃]မှ တောဂရန်မူရင်း၊ မြေချထားမိန့်မူရင်း၊ ငွေသွင်းပြေစာမူရင်းများမှာ မီးလောင်ရာတွင်ပါသွားပါသဖြင့် ရဲစခန်းနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ တောမှမြို့ပြောင်း/ဂရန်မိတ္တူအမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

Oryx Institute of Career Development
Unit of Oryx International General Services Co. Ltd

ဂျပန်နိုင်ငံတျွင်သင့်ရဲ့ အသက်မွေးမှုလုပ်ငန်းယှဉ်ထောင်ဖို့
အသက်မွေးပမ်းကျောင်းအထောက်အကူပြုသင်တန်းကျောင်းမှာ
ယခုပဲစာရင်းသွင်းကြပါစို့!!

သင်တန်းပြီးဆုံးပါက အလုပ်အကိုင်အခွင့်အရေးရရှိဖို့ ၁၀၀ ရာခိုင်နှုန်း အာမခံပါသည်၊
မြန်မာပြည်တွင် တစ်ခုတည်းသော JITCO သင်ရိုးအတိုင်း ပို့ချသော သင်တန်းကျောင်း
ဂျပန်လို့ကျွမ်းကျင်စွာပြောဆိုနိုင်ရန် သင်ကြားပေးသော သင်တန်းကျောင်း
Certificate သင်တန်း – ၁ ရက်၊ နိုဝင်ဘာလ ၂၀၁၄ တွင်စတင်ပါမည်၊
ထိုင်ခုံနေရာ ကန့်သတ်ထားသည့်အတွက် နောက်မကျရအောင် စောစောစာရင်းသွင်းနိုင်ပါပြီ၊
နယ်မှလာသူများအတွက် နေရာစီစဉ်ပေးမည်၊

ဆက်သွယ်ရန်လိပ်စာ

ရုံးခန်း ၊ အခန်း ၀၀၆၊ ၈ လွှာ၊ ထုဇနတာဝါ၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
PH: 01 558 398, 09 430 66708, 09 32298280

သင်တန်းကျောင်း ၊ အခန်း ၁၄၀၉ (က) ၁၃ လွှာ၊ ထုဇနတာဝါ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
PH: 09 4480 14199, 09 4026 86032

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ် (၃၄၃)၊ မြေအကျယ်(၄၀×၆၀)ပေရှိပါမစ်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအမှတ်(၃၄၃)၊ အနော်ရထာလမ်းနှင့်မင်းတပ်လမ်းထောင့်၊ (၉)ရပ်ကွက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သောမြေကွက်နှင့်ယင်း မြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အားလုံးတို့အား မြို့မြေစာရင်းတွင်ဗိုလ်မှူးသာဟန် (၁၂/ဗဟန(နိုင်)၀၃၉၆၅၅) အမည်ပေါက်လျက်ရှိပြီး၊ ၎င်းထံမှအရပ်ကတိစာချုပ်အဆက်ဆက်အရဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်ပြုံးပြုံးမွန် (၁၂/လမတ(နိုင်)၀၂၇၆၅၅)ထံမှကျွန်ုပ်တို့၏ မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန်စရန်ငွေ၏တစ်စိတ်တစ်ဒေသအားပေးချေထားပြီးဖြစ်ပါသည်၊ သို့ပါ၍ အဆိုပါ မြေကွက် နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြေညာ ချက်ပါသည့် နေ့မှစ၍ (၇)ရက်အတွင်းခိုင်လုံသော အထောက်အထားစာရွက်စာတမ်းများဖြင့် ကျွန်ုပ်တို့ထံကန့်ကွက်နိုင်ပါသည်၊ ၎င်းရက်နေ့နောက်ပိုင်းတွင်စာချုပ်စာတမ်းများကိုဥပဒေနှင့်အညီ တရားဝင်ပြုလုပ်ချုပ်ဆိုမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်၊

လွှဲအပ်ညွှန်ကြားချက်အရ

| အထက်တန်းရှေ့နေ | | | တရားလွှတ်တော်ရှေ့နေ |
| --- | --- | --- | --- |
| ဒေါ်နန်းဆင့်ဆင့်ထွန်း (L.L.B) | ဒေါ်ဒါလီသန်းဝင်း (L.L.B,D.B.L) | ဒေါ်မိုးမိုးအေး (L.L.B,D.B.L,D.M.L,D.I.L) WIPO,DL-101Switzerland | ဒေါ်တင်ဇာနည်နေဝင်း (L.L.B,D.I.L) DL-101(WIPO)Geneva |

အိမ်၊ ခြံ၊ မြေ အကျိုးဆောင်ကုမ္ပဏီ
အမှတ်(၄၇-က)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊
ရုံးဖုန်း - ၀၉-၄၅၀၀၁၈၆၆၆ ၊၀၉-၇၃၄၉၄၃၄၃၊ ၀၉-၇၃၁၆၁၆၇၂

# ကမ္ဘာ့စားနပ်ရိက္ခာနေ့တွင် လယ်ယာစိုက်ပျိုးရေး ဂုဏ်ပြုဆုရရှိသူများကို ဆုချီးမြှင့်

**နေပြည်တော်၊ အောက်တိုဘာ ၁၈**

ကမ္ဘာ့ကုလသမဂ္ဂ၏ အဖွဲ့အစည်းတစ်ခုဖြစ်သော ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ကြီး (Food and Agriculture Organization-FAO) မှ ဦးဆောင်ပြီး ကမ္ဘာနှင့်အဝန်း ကမ္ဘာသူ ကမ္ဘာသားတို့အတွက် စားနပ်ရိက္ခာ ဖူလုံရေး၊ အာဟာရပြည့်ဝရေး၊ လူသားတိုင်းသက်တမ်းစေ့ သက်ရှည်ကျန်းမာစွာဖြင့် ပျော်ရွှင်ချမ်းမြေ့သော လူမှုစီးပွားဘဝ အခြေခံကောင်းများကို ရရှိခံစားနိုင်ရေးအတွက် ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၆ ရက်တွင် ကမ္ဘာ့စားနပ်ရိက္ခာနေ့၏ ဆောင်ပုဒ်မှာ မိသားစုတိုင်း၏ စိုက်ပျိုးစွမ်းအားဖြင့် ကမ္ဘာကြီးအား ကျွေးမွေးစောင့်ရှောက်ကြပါစို့ ဖြစ်ကြောင်းသိရသည်။

ထိုသို့ လက်တွေ့ အကောင်အထည်ဖော်လုပ်ကိုင်နိုင်ကြသူများအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ နေပြည်တော်ရုံးအမှတ် ၁၅ တွင် အောက်တိုဘာ ၁၆ ရက် နံနက်ပိုင်းက ဂုဏ်ပြုဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

အစေ့ထုတ်ပြောင်း၊ ပဲတီစိမ်း၊ စပ်မျိုးစပါးမျိုးစေ့ထုတ်လုပ်မှု၊ နေကြာမျိုးစေ့ထုတ်လုပ်မှု၊ သိပ္ပံနည်းကျစိုက်ပျိုး ထုတ်လုပ်မှု ထူးချွန်တိုင်းဒေသကြီးဆု၊ အကောင်းဆုံး စိုက်ပျိုးရေးသိပ္ပံကျောင်းဆုနှင့် တောင်သူလယ်သမားထူးချွန်ဆုဟူ၍ မိမိတို့၏ စွမ်းဆောင်မှုကဏ္ဍအလိုက် စနစ်တကျစိစစ်အမှတ်ပေး၊ ရွေးချယ်ကာ ဆုများချီးမြှင့်ခဲ့ရာတွင် စိုက်ပျိုးရေးအခန်းကဏ္ဍအဓိက သီးနှံ၊ စပါး စိုက်ပျိုးထုတ်လုပ်မှု ထူးချွန် တောင်သူလယ်သမားဆုကို ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင်၊ မူဆယ်မြို့နယ်၊ နောင်လောင်းကျေးရွာအုပ်စု၊ နမ့်လောင်းကျေးရွာမှ ရှမ်းတိုင်းရင်းသား ဦးစိုင်းဆိုင်က ရရှိခဲ့သည်။

ဦးစိုင်းဆိုင်၏ လယ်မှာ တောင်ပေါ်ဒေသဖြစ်သည့်အတိုင်း လယ်မြေဧကကျယ်ကျယ်ဝန်းဝန်းမရှိဘဲ မိသားစုတစ်ပိုင်တစ်နိုင် ၁ ဒသမ ၆၅ ဧက သာရှိသည်။

လယ်ကို ဂရုတစိုက် လုပ်ကိုင်ခဲ့ရာ ယခင်နှစ်ကထက် ပိုသာသော်လည်း စပ်မျိုးစပါးကိုသာ သုံးခဲ့ပြီး ယခုနှစ်ထွက်ရှိသောစပါးမှာ နွေစပါးဖြစ်ကာ စံချိန်မြင့် ထွက်ရှိခဲ့သည်။

တစ်ဧက အထွက်နှုန်းတင်း ၂၈၇ ဒသမ ၃၅ ဖြစ်ပြီး ယခင်နှစ်များက အထွက်နှုန်းကျသည်မှာ ရာသီဥတုကြောင့်လည်းပါကြောင်း စိုက်ပျိုးရေးဝန်ထမ်းများက အကူအညီများစွာ ရရှိကြောင်းကို ဦးစိုင်းဆိုင်က မြန်မာစကားကောင်းမွန်စွာ မပြောနိုင်သော်လည်း အတူပါလာသောအဖော်မှတစ်ဆင့် ပြောပြခဲ့သည်။

"ကျွန်တော်တို့မူဆယ်မှာ စိုက်ဧက စုစုပေါင်း ၁၆၅၆၁ ဧကရှိပါတယ်။ မိုးစပါးပါ။ နွေစပါးကတော့ ဧက ၆၄၀ ပဲ လုပ်နိုင်ပါတယ်။ ဒီထဲက ပုလဲသွယ်စပ်မျိုးစပါးကို စိုက်တာပါ။ သိပ္ပံနည်းကျ စိုက်နည်းစနစ် ၁၄ ချက်နဲ့အညီ စိုက်ကြပါတယ်။ အရင်ပုံမှန်အထွက်နှုန်းက ၇၄ တင်းပါ။ အခုရတဲ့တစ်ဧကအထွက်နှုန်းက ကြေညာသွားတဲ့အတိုင်း ၂၈၇ ဒသမ ၃၅ တင်းပါ။ မူဆယ်မြို့နယ် မန်နေဂျာဦးမင်းမင်းအောင်က စနစ်တကျ လမ်းညွှန်ပေးခဲ့ပါတယ်" ဟု ဦးစိုင်းဆိုင်၏ အဖော်မှတဆင့် ပြောပြသည် ။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ စနစ်တကျရေးဆွဲထားသော အမှတ်ပေးဇယားပါ အချက်အလက်များအရ တစ်ဧကအထွက်နှုန်းတင်း ၂၀၀ ကျော်ကြသော ဧရာဝတီတိုင်းဒေသကြီး မော်ကျွန်းမှ ဦးတင်အောင်သန်းက ၂၄၀ ဒသမ ၈၈ တင်း၊ မကွေးတိုင်းမှ ဦးမြသန်းက ၂၂၈ ဒသမ ၆၇ တင်း၊ မန္တလေးတိုင်း၊ မိတ္ထီလာမှ ဦးထွန်းအေးက ၂၁၆ ဒသမ ၀၇ တင်း၊ နေပြည်တော်ကောင်စီနယ်မြေ၊ ပျဉ်းမနားမှ ဦးဘသန်းက ၂၁၅ တင်း စသည်ဖြင့် အသီးသီးအထွက်နှုန်းကောင်းခဲ့ကြကြောင်း သိရသည်။

**ရာမည(သွေးမွန်)**

# မကွေးမြို့ရှောင်လမ်းမကြီးတွင် ချုံနွယ်များ ရှင်းလင်းဆောင်ရွက်

**မကွေး အောက်တိုဘာ ၁၈**

မကွေးတိုင်းဒေသကြီး မြို့တော်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ဖန်တီးနိုင်ရေး လုပ်ငန်းစဉ်တစ်ခုဖြစ်သည့် အဝေးပြေးကုန်တင်ကားကြီးဝင်း စီမံကိန်းအရ ကုန်တင်ကားကြီးများဝင်ထွက်သွားလာရန် လမ်းကြောင်းသတ်မှတ်ထားသော မကွေးမြို့ရှောင်လမ်းမကြီး တစ်လျှောက် လမ်းဘေးဝဲယာခြုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းရေးလုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အောက်တိုဘာ ၁၆ရက် နံနက်ပိုင်းမှစတင်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ မြို့ရှောင်လမ်းမကြီးသည် နံကပ်ကျွန်း၊ အေးမြသာယာ၊ ကံရွာလေး၊ ထုံးပေါက်တော၊ ဝက်သိုက် အစရှိသည့် ကျေးရွာများမှ ဒေသခံပြည်သူများ၊ မကွေးမြို့နေ အခြေခံကျန်းမာရေးတက္ကသိုလ် ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများ၏ စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းကိစ္စများအတွက် အားကိုးအားထားပြုနေရသော လမ်းမကြီးတစ်ခုလည်းဖြစ်သည်။

ယခင်က မကွေးမြို့ရှောင်လမ်းမကြီး တစ်လျှောက် လမ်းဘေးဝဲယာမှ ခြုံနွယ်များထူထပ်မှုကြောင့် ပိုးမွှားအန္တရာယ်၊ မသမာသူများခိုအောင်း၍ ဥပဒေနှင့်မလွတ်ကင်းသည်များ ပြုလုပ်နိုင်သောကြောင့် ထိုအန္တရာယ်များ ကိုစိုးရိမ်ကြောင့်ကြမှုများသော ဒေသခံအများစု ဖြစ်ပေါ်နေခဲ့ပြီး ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအပေါ် ကျေနပ်အားရမှုများရှိကြောင်း ဒေသခံအများစုကပြောသည်။

မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှိုက်သိမ်းယာဉ်များ၊ မြေထိုး၊ မြေညှိ၊ မြေကော် ဘက်စုံသုံးယန္တရားယာဉ်များ၊ ဝန်ထမ်းအင်အားများ အသုံးပြုကာ မြို့ရှောင်လမ်းမကြီးတစ်လျှောက် ခြုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းရေးလုပ်ငန်းကို ပုံမှန်လုပ်ငန်းစဉ်များတွင်ထည့်သွင်းကာ ကြပ်မတ်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**ဇေယျာတု(မကွေး)**

# Art For All ပန်းချီ၊ပန်းပုပြပွဲ သီရိဝစ္ဆပြခန်းတွင်ပြသ

**မန္တလေး၊ အောက်တိုဘာ ၁၈**

Art For All ပန်းချီ၊ ပန်းပုပြပွဲ ဖွင့်ပွဲကို အောက်တိုဘာ ၁၆ ရက် နံနက် ၉ နာရီက မန္တလေး အောင်မြေသာစံမြို့နယ် လမ်း ၈၀ နှင့် ၂၄ လမ်းထောင့်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ မန္တလေး ယဉ်ကျေးမှုပြတိုက် သီရိဝစ္ဆခန်းမတွင် ကျင်းပခဲ့သည်။

Art For All ပန်းချီ၊ ပန်းပု ပြပွဲသည် ပဉ္စမအကြိမ်မြောက် ကျင်းပခြင်းဖြစ်ပြီး အဆိုပါ ပန်းချီ၊ ပန်းပုပြပွဲတွင် မန္တလေးမြို့မှ ပန်းချီပညာရှင် ဦးဇော်ဝင်း(သစ်ထွင်း) အပါအဝင် မျိုးဆက်သစ် လူငယ်ပန်းချီဆရာများ၏ ပန်းချီကား လက်ရာများနှင့် ပန်းပု လက်ရာများပါ မြင်တွေ့နိုင်မည်ဖြစ်သည်။

Art For All ပန်းချီ၊ ပန်းပု ပြပွဲတွင် မျိုးဆက်သစ် လူငယ် ပန်းချီဆရာ ၁၄ ဦးတို့၏ ရေဆေးပန်းချီ ၁၃၀ ကား၊ ဆီဆေးပန်းချီ ၁၀ ကား၊ အက်ခရိုင်းလစ်ပန်းချီ ငါးကား စုစုပေါင်း ၁၄၅ ကားအား ခင်းကျင်းပြသထားသည်။ အဆိုပါ ပြပွဲကို အောက်တိုဘာ ၁၆ ရက် မှ ၂၀ ရက်အထိ နေ့စဉ် နံနက် ၉ နာရီ မှ ညနေ ၅ နာရီအထိ အခမဲ့လာရောက် ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**



# ရေးမြို့နယ်တွင်မွေးဖွားမှုမှတ်ပုံတင်ခြင်းရက်သတ္တပတ်လှုပ်ရှားမှုဆောင်ရွက်ရန်အတွက် ရှင်းလင်းမှုပြုလုပ်

**မွန်ပြည်နယ်၊ အောက်တိုဘာ ၁၈**

ရေးမြို့နယ်တွင် မွေးဖွားမှုမှတ်ပုံတင်ခြင်း ရက်သတ္တပတ် လှုပ်ရှားမှုဆောင်ရွက်ရန်အတွက် ဌာနဆိုင်ရာများနှင့် ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများအား ရှင်းလင်းဟောပြောခြင်းကို အောက်တိုဘာ ၁၆ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ပြုလုပ်သည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်နိုင်က မွေးဖွားပြီး မှတ်ပုံမတင်ရသေးသော ငါးနှစ်အောက် ကလေးများကို မွေးဖွားမှုမှတ်ပုံတင် ပြုလုပ်ပေးသွားမည်ဖြစ်ပြီး စုရပ် ၁၀ နေရာ သတ်မှတ်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှမြို့နယ်ဦးစီးမှူးဦးဝင်းခိုင်က မွေးဖွားမှုမှတ်ပုံတင်ခြင်းကို ပူးပေါင်းကော်မတီအဖွဲ့နှင့် ဆောင်ရွက်ပြီး လက်ကမ်းစောင် ပိုစတာများဖြင့် အများပြည်သူ သိရှိအောင် လှုံ့ဆော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်စန်းဝင်းက မွေးဖွားမှုမှတ်ပုံတင်ခြင်း အရေးကြီးပုံ လုပ်ငန်းတွင် ပါဝင်မည့် အချက်အလက်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ မွေးဖွားမှုမှတ်ပုံတင်ခြင်း ရက်သတ္တပတ် လှုပ်ရှားမှုကို အောက်တိုဘာ ၂၀ ရက်မှ ၂၄ ရက်ထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**


ဒဂုံမြို့သစ်(ဆိပ်ကမ်း/တောင်ပိုင်း)
မြေကွက်များ ဝယ်လိုပါသည်။
**ဖုန်း-၀၉-၂၅၃၃၆၁၃၅၄**
**၀၉-၂၅၉၀၉၂၀၁၄**
**၀၉-၂၅၃၂၆၂၀၀၆**

မြောက်ဒဂုံ၊ (၃၄)ရပ်ကွက်၊ ပျဉ်းမမြိုင်လမ်း၊ (ဦးဝိစာရလမ်းကျောကပ်)၊ ပေ(၄၀×၆၀)၊ ဂရန်မြေကွက် အုတ်တံတိုင်းခတ်ပြီး၊ မီတာပါ ရောင်းမည်။
**Ph:09-32246001**

**TAXI ငှားမည်** **(အိမ်ပေး)**
SUZUKI R+ 1C/----
စပေါ်(2)သိန်း တစ်ရက်(၈၀၀၀/-)
**ဖုန်း-၀၉-၂၅၉၁၉၀၀၅၅၊**
**၀၉-၉၇၅၂၇၈၁၃၈**

**အမည်ဖြည့်စွက်ခေါ်ပါရန်**
ဝိုင်းမော်မြို့၊ ဒဘတ်ယန်ကျေးရွာ၊ ရပ်ကွက်(၂)နေ ဦးယောဆက်အား ဦးယောဆက်(ခ)ဦးဟောင်းဒေါင်[၁/ဝမန(နိုင်)၀၂၅၈၅၂]ဟု ဖြည့်စွက်ခေါ်ပါရန်။

**ဖခင်အမည်မှန်**
ဝိုင်းမော်မြို့၊ အထက(၂)၊ နဝမတန်း(A)မှ မနော်သလေသောခူး၏ ဖခင်အမည်မှန်မှာ ဦးစောပလာဝါး(ခ)ဦးစောပလာဝါးအခူး[၁၃/တကန(နိုင်)၀၁၀၄၄၆]ဖြစ်ပါသည်။

**မြို့လယ်ရုံးခန်းငှားမည်**
ဆူးလေဘုရားလမ်းမကြီးပေါ် Shangrila ဟိုတယ်နှင့်မျက်နှာချင်းဆိုင် ပေ(၁၂½×၆၀) (ပထမထပ်) ၂ခန်းတွဲ ပေ(၂၅×၆၀)။
**ဖုန်း-၀၉-၂၅၄၀၁၄၃၀၂**




**ရောင်းမည်**
ဘဏ်နှင့် ကုမ္ပဏီလုပ်ငန်းများအတွက် နေရာကောင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့လယ်ကောင်၊ လမ်းမတော်လမ်းမကြီးပေါ်ရှိ ပိုင်ရှင်အမည်ပေါက်၊ ဘိုးဘွားပိုင်(၀. ၀၅၅)ဧက မြေနှင့်အိမ်ရောင်းမည်။
(ပွဲစားမလို၊ ညှိနှိုင်း)
**ဖုန်း-၀၉-၄၂၂၅၂၄၇၀၄**

# တပ်ကုန်းမြို့နယ်၌ စီမံချက်ရပ်ကွက် ဘေးအန္တရာယ်နှင့် စွမ်းဆောင်နိုင်ရည်ပြ မြေပုံဆွဲပြိုင်ပွဲများ ကျင်းပပြုလုပ်



**တပ်ကုန်း၊ အောက်တိုဘာ ၁၈**

နေပြည်တော်ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့နယ်တွင် မြို့နယ်ကြက်ခြေနီအသင်းမှ ဦးစီးကျင်းပသည့် ၂၀၁၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ စာစီစာကုံး၊ ပိုစတာ၊ ဆောင်းပါး၊ စီမံချက် ရပ်ကွက်ဘေးအန္တရာယ်နှင့် စွမ်းဆောင်နိုင်ရည်ပြ မြေပုံဆွဲပြိုင်ပွဲများကို အောက်တိုဘာ ၁၆ ရက်နံနက် ၉ နာရီက တပ်ကုန်းမြို့အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းရှိ ဘုရားခန်း၊ စာသင်ဆောင်၊ စာကြည့်တိုက်တို့တွင် ပြိုင်ပွဲများကျင်းပခဲ့ကြောင်းသိရသည်။

ပြိုင်ပွဲ၌ သဘာဝဘေးဒဏ်ခုခံဖို့ သက်ကြီးများနှင့် လက်တွဲစို့ ခေါင်းစဉ်ဖြင့် ပန်းချီပြိုင်ပွဲတွင် မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူသုံးဦး၊ စာစီစာကုံးပြိုင်ပွဲတွင် အလယ်တန်း၊ အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၂ ဦးတို့ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

ထို့ပြင် စီမံချက်ရပ်ကွက် (ဆရာစံ၊ အနော်ရထာ) ရပ်ကွက်များမှ ဘေးအန္တရာယ်နှင့် စွမ်းဆောင်နိုင်ရည်ပြ မြေပုံဆွဲပြိုင်ပွဲတွင် တစ်ရပ်ကွက်လျှင် ၁၀ ဦး စုစုပေါင်း ၂၀ ဦးအား လေးဖွဲ့ခွဲကာ ယှဉ်ပြိုင်ကြ၍ အလွတ်တန်း ပိုစတာ၊ ဆောင်းပါးပြိုင်ပွဲတွင် ပိုစတာ၊ စာမူများကို အောက်တိုဘာ ၁၈ ရက် ညနေ ၄ နာရီတွင် နောက်ဆုံးထား ပို့ဆောင်ရမည်ဖြစ်ပါသည်။

အဆိုပါ ပြိုင်ပွဲများမှ ဆုရရှိသူများကို အောက်တိုဘာ ၂၁ ရက် မြို့နယ်ကျက်သရေဆောင် သာသနဗိမာန်တော်ကြီးတွင် ဆုပေးပွဲအခမ်းအနား ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် ပြန်/ဆက်**

## ကံမမြို့နယ်ရှိ ကြို့ပင်တိုက်နယ်ဆေးရုံတည်ဆောက်မှု ရာနှုန်းပြည့်ပြီးစီး

**ကံမ၊ အောက်တိုဘာ ၁၈**

သရက်ခရိုင်၊ ကံမမြို့နယ် ကြို့ပင်ကျေးရွာတွင် နိုင်ငံတော်ခွင့်ပြုငွေ ကျပ်သိန်း ၃၅၀၀ ဖြင့် အကုန်အကျခံ တည်ဆောက်လျက်ရှိသည့် ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံမှာ ယနေ့အချိန်၌ ရာနှုန်းပြည့် ပြီးစီးအောင်မြင်နေပြီဖြစ်သည်။

၎င်းဆေးရုံ၏ ပင်မဆောင်မှာ အလျား ၁၂၆ ပေ၊ အနံ ၁၁၅ ပေ၊ အမြင့် ၁၄ ပေရှိ သံကူကွန်ကရစ်တစ်ထပ်ဆောင်ဖြစ်ပြီး နှစ်ခန်းတွဲ ဆရာဝန်နေအိမ်တစ်လုံး၊ ခွဲစိတ်ဆောင်၊ ဂါလန် ၁၆၀၀ ရေစင်နှင့် ဂါလန် ၃၂၀၀ ဆံ့ မြေအောက်ရေကန်များ ဆောက်လုပ်ပါရှိလျက် မကြာမီကာလတွင် ကျန်းမာရေးဝန်ထမ်းများနှင့် ဆေးရုံသုံး ပစ္စည်းများ၊ ဆေးဝါးများ ပြည့်စုံပါက စတင်ဖွင့်လှစ်နိုင်တော့မည်ဖြစ်သည်။

အဆိုပါ တိုက်နယ်ဆေးရုံ ဖွင့်လှစ်ပြီးစီးပါက ပတ်ဝန်းကျင် ကျေးရွာပေါင်း ၂၂ ရွာတွင် နေထိုင်ကြသော ဒေသခံ ကျေးလက်ပြည်သူများအပြင် ပုသိမ်-မုံရွာ ကားလမ်းမကြီးပေါ်တွင် တည်ရှိသောကြောင့် ခရီးသွား လုပ်သားပြည်သူများကိုပါ ကျန်းမာရေး စောင့်ရှောက်မှု ပေးနိုင်မည်ဖြစ်ကြောင်းသိရသည်။

**ကျော်ဇေယျဝင်း(IPRD)**



## အင်ပင်အုပ်စု တံတားကွင်းကြီးကျေးရွာအတွင်းတွင် တိုင်းရင်းဆေးဖြင့် အခမဲ့ ကွင်းဆင်း ကုသ

**မြန်အောင်၊ အောက်တိုဘာ ၁၈**

မြန်အောင်မြို့နယ် အင်ပင်ကျေးရွာအုပ်စု တံတားကွင်းကြီးကျေးရွာ စေတနာပန်းခင်း အခမဲ့ဆေးကုခန်းတွင် အောက်တိုဘာ ၁၇ ရက်က မြို့နယ် တိုင်းရင်းဆေးဦးစီးဌာန တိုင်းရင်းဆေးမှူးဒေါ်သန်းသန်းဆွေ ဦးဆောင်သောအဖွဲ့မှ တိုင်းရင်းဆေးဖြင့် အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုပြုလုပ်ပေးခဲ့ကြသည်။

တိုင်းရင်းဆေးဖြင့် အခမဲ့ဆေးကုသခြင်းကို အင်ပင်အုပ်စု အုပ်ချုပ်ရေးမှူး ဦးအောင်မြို့နှင့် ရပ်မိရပ်ဖတို့က ကူညီဆောင်ရွက်ပေးကြပြီးအင်ပင်အုပ်စု အတွင်းရှိ ကျေးရွာများမှ ကျေးလက်ပြည်သူ ၄၅ ဦးကို တိုင်းရင်းဆေးဖြင့် ဆေးကုသပေးခဲ့သည်။ စေတနာပန်းခင်း အခမဲ့ဆေးကုခန်းကို တစ်လလျှင် တစ်ကြိမ် ကျေးရွာနေပြည်သူတို့၏ ကျန်းမာရေးစောင့်ရှောက်မှုကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဝင်းမိုလ်**

## လှိုင်ကော်တက္ကသိုလ်၌ Public Digital Library တပ်ဆင်

**လှိုင်ကော်၊ အောက်တိုဘာ ၁၈**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြည်သူများ အသိပညာဗဟုသုတများ အလွယ်တကူလေ့လာဖတ်ရှုနိုင်ရန်အတွက် ရည်ရွယ်ပြီး အောက်တိုဘာ ၁၆ ရက် မွန်းလွဲ ၁ နာရီက ကယားပြည်နယ် လှိုင်ကော်တက္ကသိုလ်၌ Public Digital Library ဆားဗစ် တပ်ဆင်ပေးလျက်ရှိကြောင်း သိရသည်။

ရှေးဦးစွာ လှိုင်ကော်ခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်သန်းဦးက Public Digital Library ဆားဗစ်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး Public Digital Library ဆားဗစ်နှင့် စပ်လျဉ်းသည့် ဆက်စပ်ပစ္စည်းများ ပေးအပ်ရာ လှိုင်ကော်တက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာအောင်ဝင်းကြည်က လက်ခံရယူသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက တက်ရောက်လာကြသော ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား Public Digital Libaray ဆားဗစ် အသုံးပြုပုံများကို ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

ယနေ့ လှိုင်ကော်တက္ကသိုလ်မှာ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက Public Digital Library ဆားဗစ်နှင့်ပတ်သက်ပြီး "ဒီစက်ကလေး ရှိတဲ့အတွက် ကျောင်းသူ၊ ကျောင်းသားများဟာ မိမိဖတ်လိုတဲ့ ဘာသာရပ်တွေ၊ ဗဟုသုတတွေကို အလွယ်တကူ ဖတ်ရှုနိုင်မှာဖြစ်တဲ့အတွက် အများကြီးပဲ သင်ကြားရေးမှာရော၊ ဗဟုသုတပိုင်းမှာရော အများကြီး အကျိုးရှိတဲ့ လုပ်ငန်းဖြစ်တဲ့အတွက် ကျွန်တော်တို့အနေနဲ့ အများကြီး ဝမ်းသာဂုဏ်ယူပါတယ်" ဟု လှိုင်ကော်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအောင်ဝင်းကြည်က ပြောကြားသည်။

"ကျွန်မ ဒီလှိုင်ကော်တက္ကသိုလ်ကို ရောက်တဲ့အချိန်မှာ ကယားပြည်နယ်က ကျောင်းသားများဟာ စာဖတ်အားအားနည်းနေတာကို တွေ့ရှိရပါတယ်။ တစ်တိုင်းပြည်လုံး စာဖတ်အားနည်းပေမယ့် ကယားပြည်နယ်က ကျောင်းသား၊ ကျောင်းသူများက မြန်မာစာဖတ်အား အားနည်းနေပါတယ်။ တစ်ခုခု သူတို့ကို စာအုပ်ရှာခိုင်းတယ်ဆိုရင် သူတို့မှာ စာအုပ်ရှာရတာ အခက်အခဲတွေ အများကြီးရှိတယ်ပေါ့။ အခုလိုမျိုး Public Digital Library ဆားဗစ် သုံးပြီးတော့ သူတို့ဖုန်းတွေမှာလည်းရမယ်၊ ကျန်တဲ့နေရာတွေမှာလည်း Download ချပြီး သုံးလို့ရနိုင်မယ်ဆိုရင် သူတို့အတွက် အများကြီး အကျိုးရှိပါတယ်။ ဒီထဲမှာ စာအုပ်တွေ အများကြီးရှိနေတယ်ဆိုတဲ့အတွက်ကြောင့် ကျွန်မတို့က ကလေးတွေကို တန်ဖိုးရှိတဲ့စာတွေ ဒီထဲမှာ ရှာဖတ်လို့ရမယ်။ နောက်ထပ် ထပ်ပြီးဖြည့်ပေးမယ်ဆိုတဲ့အတွက်ကြောင့် အများကြီးဝမ်းသာမိပါတယ်။ ကလေးတွေအတွက်လည်း အများကြီး တိုးတက်လာလိမ့်မယ်လို့ မျှော်လင့်မိပါတယ်"ဟု ပထဝီဌာန၊ ပါမောက္ခဌာနမှူး ဒေါက်တာခင်စန္ဒာအေးက ပြောသည်။

"လှိုင်ကော်တက္ကသိုလ်ကို Public Digital Library ဆားဗစ် လာရောက်တပ်ဆင်ပေးတဲ့အတွက် ဖုန်းတစ်လုံးနဲ့ဗဟုသုတတွေ အများကြီး ရရှိနိုင်ပါတယ်"ဟုလှိုင်ကော်တက္ကသိုလ်တွင်တာဝန်ထမ်းဆောင် နေသော စိုင်းသီဟကျော်က ပြောသည်။

အဆိုပါ Public Digital Library ဆားဗစ်တွင် အသုံးပြုရာ၌ အင်တာနက် ချိတ်ဆက်ထားရန် မလိုဘဲ အသုံးပြုနိုင်ကြောင်း၊ အတားအဆီးမရှိပါက မီတာ ၆၀၀ ဝန်းကျင်အတွင်း အသုံးပြုနိုင်ကြောင်း သိရသည်။

**ပြည်နယ် ပြန်/ဆက်**

**"ဂုဏ်ယူဝမ်းမြောက်ကြောင်း"**

အမေရိကန်နိုင်ငံ Hawail မြို့ရှိ Akamal University မှပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာစမ်းစစ်ရေးကော်မရှင်အဖွဲ့ဝင် မြန်မာနိုင်ငံကုန်သွယ်ရေးကြောင်းကောလိပ် ကျောင်းအုပ်ကြီး (ငြိမ်း) ဦးဝင်းသိမ်းအား ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ Ph.D in Educational Leadership ပေးအပ်ချီးမြှင့်ကြောင်း သိရှိရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

**STANLEY HLA THAUNG**
**(ST.PAUL'S)**

**TRAVEL PALCACE** [အဆင့်မြင့်ဘုရားဖူးနှင့်အပန်းဖြေခရီးသွားလုပ်ငန်း]

★ တောင်ကြီး(မီးပုံးပျံပွဲ)၊ အင်းလေး 4N/5D
★ မန္တလေး၊ ပြင်ဦးလွင်(မီးပုံးပျံပွဲ) 3N/4D
★ ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး 3N/4D

Oct 31, Nov 5

Special Package
Hotel/Restaurant

01 577795, 09 5155170, 09 448025596

**မီဘအမည်မှန်**

မြစ်ကြီးနားမြို့၊ အထက(ခွဲ)အလက(၄)၊ ဒသမတန်း(B1)မှ မမဂေါင်ဂျာဆင်းဘူ၏ မိဘအမည်မှန်မှာ ဦးအမ်နော်ဒိန်း-ဒေါ်အင်ဒွပ်ဂျာနန် ဖြစ်ပါသည်။

**အမည်မှန်နှင့်ဖခင်အမည်မှန်**

မြစ်ကြီးနားမြို့၊ အထက(၃)၊ ဒသမတန်း (A1)မှ မWမေဆန်း၏အမည်မှန်မှာ မဝဒမ်းခေါင်မေဆန်းဖြစ်ပြီး ၎င်း၏ ဖခင်အမည်မှန်မှာ ဦးဝဒမ်းခေါင်ခင်ဖြစ်ပါသည်။

**ဖခင်အမည်မှန်**

မြစ်ကြီးနားမြို့၊ အထက(ခွဲ)၊ အလက(၆)ဒသမတန်း (B1)တွင် ပညာသင်ကြား နေသည့်မလုဘူ၏ ဖခင်အမည်မှန်မှာ ဦးမင်းနိုင်[၅/ကလန(နိုင်)၀၂၀၃၂၈] ဖြစ်ပါသည်။

**စက်မှုဝန်ထမ်းဟောင်းများအသင်း**
**အသင်းဝင်ရန်ဖိတ်ခေါ်ခြင်း**

စက်မှုဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ဝန်ထမ်းဟောင်းများအားလုံး သာရေး၊ နာရေး၊ လူမှုရေးများ ပူးပေါင်းဆောင်ရွက်နိုင်ရန် အသင်းဝင်ရောက်ရန် ပန်ကြားဖိတ်ခေါ်အပ်ပါသည်။

စက်မှုဝန်ထမ်းဟောင်းများအသင်း — အတွင်းရေးမှူး
စက်မှုမေ္ဘာရုံ၊ ရွှေနံ့သာလမ်း — ၀၉-၇၃၂၇၇၃၀
ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် — အသင်းရုံးတာဝန်ခံ
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ — ၀၉-၃၀၂၃၅၉၄၅
၀၁-၃၇၅၀၈၆

**ကန့်ကွက်နိုင်ကြောင်းကြေညာချက်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ရတနာလမ်း၊ အမှတ်(၁၁၉၃) အကျယ်အဝန်းပေ(၄၀×၆၀)ရှိ အိမ်အပါအဝင် မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ဝယ် ပိုင်ဆိုင်သောမြေရှင်ဒေါ်ခင်စန်းဝင်း[၁၂/သဃက(နိုင်)၀၄၆၀၀၃]နှင့် ကျွန်ုပ်၏ မိတ်ဆွေတာဝန်ခံ ဆောက်လုပ်သူ ဦးကြည်စိုးဟန်(ကန်ထရိုက်တာ)[၁၂/ပဇတ(နိုင်)၀၂၈၁၇၀] တို့သည် ဖော်ပြပါ မြေကွက်ပေါ်တွင် မြေပိုင်ရှင်နှင့်(၈)ထပ်ရင်ခွဲတိုက်သစ်အဆောက်အအုံကို နှစ်ဦးသဘောတူ ဆောက်လုပ်ကြရန်အတွက် မြေရှင်ခံစားခွင့်ရှိသော တန်ဖိုးငွေ၏ တစ်စိတ်တစ်ပိုင်းကို ပေးချေထားပြီးဖြစ်ပါသည်။ ကန်ထရိုက်တိုက်ဆောက်လုပ်ခြင်းကိစ္စကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ကန်ထရိုက်တိုက် ဆောက်လုပ်သည့်ကိစ္စကိုဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-ဦးစိန်မြိုင်(၂၅၉၄)
တရားလွှတ်တော်ရှေ့နေ
**LL.B, D.B.L, M.A (Business Law)**
**D.M.L,D.I.L.,D.A.Psy.,D.I.R**
**(with credit),MDev.S (Master of Development Studies)**
အမှတ်(၁၃၇)၊ (ပ)ထပ်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၀၃၇၅၅၉

**စာပေစုံညီ ဟောဒီလောကီ**

သောကြာဦးမောင်ကလေး နှစ်ပေါင်း(၆၀)အတွင်း စာနယ်ဇင်းအတွေ့အကြုံ သိဖွယ်မှတ်ဖွယ်များ။

**ဖြန့်ချိရေး-မျက်ပွင့်စာပေ၊၂၃၅-၃၇-လမ်း၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။**

**အမြန်ရောင်းမည်**

ပုဇွန်တောင်မြို့နယ်၊ ဗိုလ်ချုပ်လမ်းမပေါ် United Condo , 13 F (PH) Lift, 1176 sqft, 1 MBR, 1BR, 3AC, W.H (Full-furnished), ပါကေးခင်း။ 2000 L (ညှိနှိုင်း)

**Ph:09-253043135**

**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

ကြော်ငြာ

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ကြည်ကြည်အုန်း အသက်(၇၀)

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး၏ဇနီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး ဒေါ်ကြည်ကြည်အုန်း အသက်(၇၀) သည် ၁၁-၁၀-၂၀၁၄ (စနေနေ့) ည ၈း၀၂နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဝေလင်းဦး (မန်နေဂျင်းဒါရိုက်တာ)နှင့်**
**ဝန်ထမ်းများ**
**ကောင်းထက်စွမ်းဆောက်လုပ်ရေးကုမ္ပဏီ**

**ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး**
## ဦးခင်မောင်ကျော် (၆၄)နှစ်
**လ/ထ မန်နေဂျာ(ငြိမ်း) မြန်မာ့အာမခံလုပ်ငန်း**
**မန်နေဂျာ IKBZ Insurance Co., Ltd (လားရှိုး)**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်နေ (ဦးမောင်မောင်- ဒေါ်မိမိလေး)တို့၏သား၊ ဒေါ်နွယ်နီ၏ခင်ပွန်း၊ (ဦးခင်မောင်စိုး)-ဒေါ်ခင်သန်းသန်း၊ ဦးထွန်းကြည်-(ဒေါ်ခင်မေအေး)၊ (ဦးသိန်း အောင်)-ဒေါ်ခင်မေငွေး၊ ဦးခင်မောင်မျိုး၊ ဒေါ်ခင်မေဝင်းတို့၏ညီ/မောင်၊ ဒေါ်ခင်သန်းနု၊ ဒေါ်ခင်စန်းယု၊ ဒေါ်ခင်သန်းစုတို့၏အစ်ကို၊ မခင်ချမ်းမြေ့မျိုး၊ ကိုဝင်းခိုင်ဦး-မပိုးသီရိတို့၏ဖခင်၊ တူ/တူမ ခုနစ်ယောက်တို့၏ဦးလေး၊ မြေးငါးယောက်တို့၏အဘိုးသည် ၁၇-၁၀-၂၀၁၄(သောကြာနေ့) နံနက် ၈း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၀-၂၀၁၄(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် လားရှိုးမြို့ ကြာကန်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဦးစိန်ထွန်း(မြင်းခြံ) (၈၂)နှစ်
**မှတ်ပုံတင်အရာရှိ (ငြိမ်း)**
**လူဝင်မှုကြီးကြပ်ရေးနှင့်**
**ပြည်သူ့အင်အားဦးစီးဌာန**

မြင်းခြံမြို့၊ နတ်ထားရွာနေ (ဦးသာညွန့်-ဒေါ်သေး)တို့၏သား၊ မြင်းခြံမြို့နေ [ဦးငွေသိန်း (စိုက်ပျိုးရေးမန်နေဂျာ-ငြိမ်း)]-ဒေါ်အေးမြင့်၊ ဒေါ်တင်တင်၊ (ဒေါ်ရင်ရင်-ဦးကြည်ဝင်း(ဘော်ဆိုင်းမြို့))၊ (ဦးပေါက်ကို)-ဒေါ်ခင်ထား (လားရှိုးမြို့)တို့၏ ချစ်လှစွာသော အစ်ကိုကြီး၊ (ဒေါ်တင်တင်အုန်း)- ဦးခင်မောင်မြင့်၊ ဒေါ်နှင်းနှင်းအေး၊ ဦးမောင်မောင်-ဒေါ်ကြည်ကြည်ဝင်း၊ ဦးအောင်ဝင်းထွန်း-ဒေါ်နုနုစိန်၊ ဦးဝေလင်းထွန်း-ဒေါ် ကြည်မာအေးတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေးကိုးယောက်တို့၏ ဘိုးဘိုးကြီး ဦးစိန်ထွန်းသည် ၁၈-၁၀-၂၀၁၄ (စနေနေ့) နံနက် ၈း၃၀နာရီတွင် ရန်ကင်းမြို့၊ တိုက်(၂၆၄)၊ အခန်း(၁၅) နေအိမ်၌ ကွယ်လွန်သွား ပါသဖြင့် ၂၀-၁၀-၂၀၁၄ (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီ တွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးတင်ထွန်း (၇၅)နှစ်
**(ဂါးဒီးယန်း/မြောင်းမြ)**

မြောင်းမြမြို့နေ ဦးခင်ညို-ဒေါ်ကော်နီခင်ညိုတို့၏ သားကြီး၊ ဦးဇော်ဝင်း-ဒေါ်ထွေးထွေး၊ ဦးမောင်မောင်သန်း-ဒေါ်နုနုညိုတို့၏ အစ်ကိုကြီး၊ အမှတ်(၃၉/B-5)၊ ပျားရည်ကုန်းလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်နေ ဒေါ်နီနီ၏ခင်ပွန်း၊ ဒေါက်တာမိုးနိုင် (ကထိက၊ ဆေးပညာဌာန၊ ဆေးတက္ကသိုလ်-၁၊ ရန်ကုန်)၊ ဦးအောင်မြတ်တင်-ဒေါ်ဇာဖြူသဲတို့၏ ဖခင်ကြီးသည် ၁၈-၁၀-၂၀၁၄ (စနေနေ့) ညနေ ၅း၄၅ နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁၀-၂၀၁၄ (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်နှင့် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးတို့မှ ကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၁၀-၂၀၁၄ရက် နံနက်တွင် နေအိမ်၌ သံဃာတော်များအား ပင့်ဖိတ်၍ ရက်လည်ဆွမ်းကျွေး တရားနာယူမည်ဖြစ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ရဟန်းအမကြီး**
## ဒေါ်ခင်ဆွေ အသက်(၇၀)

ရန်ကုန်မြို့နေ (ဦးထွန်းလွင်-ဒေါ်ခင်ရီ)တို့၏သမီး၊ (ဦးမြဖေ-ဒေါ်မြမေ)တို့၏သမီးချွေးမ၊ တိုက်(၃၂၈)၊ အခန်း(၉)၊ ရန်ကင်းဘဏ်ရိပ်သာနေ (ဦးစိန်ဟန်)၏ဇနီး၊ (ဦးအောင်သိန်း-ဒေါ်စိုးရီ)တို့၏ညီမ၊ (ဦးသောင်းစိန်)၊ (ဒေါ်မြင့်မြင့်လွင်)၊ ဦးခင်မောင်ငွေး-ဒေါ်ဝင်းဝင်းမာ၊ ဦးဝင်းနိုင် (ဦးဉာဏသရ)၊ (ဦးဝင်းလွင်)တို့၏အစ်မ၊ ဦးဝင်းအောင်၊ ဦးဝင်းငွေး-ဒေါ်ဝင်းဝင်းရီ၊ ဦးဝင်းတင်အောင်-ဒေါ်အေးအေးမော်၊ ဦးစိုးလွင်အောင်၊ ဦးခင်မောင်အေး-ဒေါ်နွယ်နီနိုင်၊ ဦးသိန်းထွန်း-ဒေါ်ခင်ထားဆွေတို့၏ အဒေါ်၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၁၇-၁၀-၂၀၁၄ (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၀-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ရဟန်းဒါယကာကြီး**
## ဦးအောင်ကျော်ဦး (၅၉)နှစ်
**(လေ-၁၆၅၉၆-၅၀၂၊လေတပ်-ငြိမ်း)**
**မြန်မာ့လေကြောင်း**
**အင်ဂျင်နီယာဌာန(ငြိမ်း)**

ပဲခွယ်ကုန်းမြို့နေ (ဦးတင်မောင်)-ဒေါ်လှရီတို့၏ သားကြီး၊ ဦးဝေလွင်ဦး၊ (ဦးဇော်မင်းဦး)၊ ဦးကျော်နိုင်ဦး-ဒေါ်အေးအေးမြင့် (ပျဉ်းမပင်-တပ်မတော်နို့ချက်စက်ရုံ)တို့၏ ချစ်လှစွာသော အစ်ကိုကြီး၊ မမေမြတ်သူ (IC, ဒဂုံတက္ကသိုလ်)၏ ဘကြီး၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဇလွန်လမ်း၊ အမှတ်(၂၀)နေ ဒေါ်လှလှဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ မယဉ်မင်းသူ၊ မခင်ထက်ထက်သူ(U.F.L, Thai)တို့၏ ချစ်လှစွာသောမွေးသဖခင်သည် ၁၈-၁၀-၂၀၁၄ (စနေနေ့) နံနက် ၁၁း၁၅နာရီတွင် ရန်ကုန်ဆေး ရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁၀-၂၀၁၄ (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးစိုးမင်း
## အသက် (၄၉)နှစ်
**တရားလွှတ်တော်ရှေ့နေ(မိတ္ထီလာ)**

မိတ္ထီလာမြို့နေ (ဦးတင်ထွန်း-ဒေါ်ခင်လေး)တို့၏သားကြီး၊ ဦးအောင်သန်း-ဒေါ်စန္ဒာထွန်း၊ ဦးသန်းအောင်-ဒေါ်ကေသီထွန်း၊ ဦးဇော်မင်းထွန်း-ဒေါ်ယဉ်ယဉ်နု၊ ဦးအေးမင်း-ဒေါ်ခင်သီတာထွန်းတို့၏ အစ်ကိုကြီး၊ အမှတ်(၂၀)၊ လေးလွှာ၊ ကျောင်းကုန်း (၂)လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်သူသူမာ (Thinking Classroom Foundation/NNER)၏ ခင်ပွန်း၊ မပြည့်ပြည့်ခင် (G-11, Yangon Education Campus)၊ မချောချောခင် (G-IV, Lumbini ACademy)တို့၏ ချစ်လှစွာသောဖခင် ဦးစိုးမင်းသည် ၁၈-၁၀-၂၀၁၄ (စနေနေ့) နံနက် ၉း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၀-၂၀၁၄ (တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဗိုလ်ကြီးအောင်သူမင်း(ငြိမ်း)
**B.Sc (Match)**
**အမှတ်စဉ် (၄၉)**
## အသက်(၃၀)

ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်၊ တံခွန်တိုင်ကျေးရွာနေ ဦးချစ်သိန်း-ဒေါ်ခင်ဝင်းကြည်တို့၏ သားကြီး၊ မောင်အောင်သူလင်း၏အစ်ကို၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ကသစ်လမ်း၊ အမှတ်(၁၄)၊ လေးလွှာနေ အရာခံဗိုလ်သက်ဦး-ဒေါ်မြင့်မြင့်စန်းတို့၏ သားသမက်၊ မမေမြတ်နိုး၏အစ်ကို၊ မမေသက်ဦး၏ ချစ်လှစွာသောခင်ပွန်း၊ မောင်မင်းစစ်သွေး၏ဖခင် ဗိုလ်ကြီးအောင်သူမင်းသည် ၁၇-၁၀-၂၀၁၄ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၀-၂၀၁၄ (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည် စူး၍ ၂၃-၁၀-၂၀၁၄ (ကြာသပတေး နေ့)နံနက် ၇ နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အနိစ္စ

## ဦးသိန်းလွင် အသက်(၉၀)
**(စာပြင်မှူး-သသန-ငြိမ်း)**

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ ရေလဲကလေးကျေးရွာနေ (ဦးစံမြင့်-ဒေါ်ကြွေ)တို့၏သား၊ ကျိုက်လတ်မြို့နယ်၊ ကမ်းနားလမ်းနေ (ဗိုလ်မှူးကြီးကျော်ရိန်-ဒေါ်စောလှ)တို့၏အစ်ကိုကြီး၊ ရန်ကုန်မြို့၊မင်္ဂလာဒုံမြို့နယ်၊ပုလဲမြို့သစ်၊ ခိုင်ရွှေဝါလမ်း၊ အမှတ်(၆၉)နေ ဦးသိန်းဇော်-ဒေါ်ညွန့်ညွန့်တို့၏ဘကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၀၆)ရပ်ကွက်၊ အမှတ်(၉၁၀)၊ မာယလမ်းနေ ဦးကိုသန်း-ဒေါ်မာမာဦး၊ ဦးဝင်းကြိုင်-ဒေါ်မိမိနိုင်၊ ဦးတင်အောင်လွင်(သသန)-ဒေါ်ခင်ခင်ငယ်တို့၏ဖခင်၊ မောင်ကျော်ဖြိုးဝင်း၊ မစန်းသီတာအောင်၊ မစန်းဖြိုးအောင်၊ မောင်အောင်မျိုးကြည်တို့၏ အဘိုး၊ (ဒေါ်ခင်ရီ)၏ခင်ပွန်းသည် ၁၇-၁၀-၂၀၁၄(သောကြာနေ့) ည ၈း၂၅နာရီတွင် မြောက်ဥက္ကလာပအထွေထွေရောဂါကုဆေးရုံကြီး၌ ကွယ်လွန်သွားပါကြောင်း အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးငွေဆိုင်(ထားဝယ်) (၈၅)နှစ်
**ဓာတု-၁၊အလုပ်ရုံမှူး-အငြိမ်းစား**

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်၊ ခုံဝင်းဒပ်ရပ်ကွက်နေ(ဦးအေးဖေ-ဒေါ်စိန်သင်းမေ)တို့၏သား၊ (ဦးဆူးရန်-ဒေါ်ငွေး)တို့၏ သားသမက်၊ (ဦးစူဆိုင်)-ဒေါ်ညာရွှေတို့၏မောင်၊ ဦးအုန်းညွန့်-(ဒေါ်အေးကြည်)၊ (ဦးကျော်မြင့်)-ဒေါ်အုံးကြည်၊ ဦးသိန်းဝင်း-ဒေါ်စန်းစန်းကြည်တို့၏အစ်ကို၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ (၈)လမ်း၊ အမှတ်(၄၈)နေ ဒေါ်ကြည်အေး၏ ခင်ပွန်း၊ (ဦးသိန်းဆွေ)-ဒေါ်စန်းစန်းရီ (တပ်/ချည်ထည်၊ သမိုင်း)၊ ဦးစိုးညွန့်၊ ဦးစောအောင်၊ ဦးကြည်စိုးအောင်-ဒေါ်ခင်မျိုးဝင်း၊ ဦးသန်းထွန်း-ဒေါ်အင်သိန်း၊ မသီသီထွေး၊ ဦးဆန်းအောင်-ဒေါ်အေးအေးသင်းတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၁၈-၁၀-၂၀၁၄(စနေနေ့) နံနက် ၆း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၀-၂၀၁၄ (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၁၀-၂၀၁၄ (သောကြာနေ့) နံနက်တွင် အမှတ်(၄၈)၊ (၈)လမ်း၊ (၂)ရပ်ကွက်၊ လှိုင်မြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရားရဟန်းသိမ်ကျောင်းဒါယိကာမကြီး**
## ဒေါ်ရှုခင်(မြိတ်) အသက်(၈၀)

မြိတ်မြို့၊ အမှတ်(၇)၊ အေးရိပ်ငြိမ်လမ်း၊ ကန်ဖျားရပ်နေ (ဦးတွတ်လာ)၏ဇနီး၊ ဦးရန်ရှင်း-ဒေါ်မြင့်ရီ၊ ဒေါ်မြင့်စီ၊ ဦးအီရမ်း-ဒေါ်စန်းယု၊ ဦးအောင်ဝင်း-ဒေါ်စီစီဝေ၊ ဦးနိုင်ဝင်း(ခ)ဦးအပ်တုန်း-ဒေါ်နွဲ့မှုလှိုင်၊ ဒေါ်မီးငယ်၊ ဦးမြတ်မင်း-ဒေါ်ဆွေဆွေလွင်၊ ဦးဖိုးတီ-ဒေါ်စန်းစန်းမော်တို့၏မိခင်၊ မြေး ၁၂ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၁၇-၁၀-၂၀၁၄(သောကြာနေ့) ည ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၀-၂၀၁၄(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် နေအိမ်မှ ကလွင်သုသာန်သို့ ပို့ဆောင်ဂူသွင်းမည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကိုအောင်မျိုးထွန်း(မျိုးလေး)
## အသက် (၄၁)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၂)ရပ်ကွက်၊ တိုက်(၂၈၃)၊ အခန်း(၁၀)နေ (ဦးထွန်းရီ)-ဒေါ်မေရီတို့၏ သားထွေး၊ ဦးခင်မောင်ကြည်၊ ဦးအောင်မြင့်စိန်-ဒေါ်ခင်နွယ်ရီ၊ ဦးဘကြည်-ဒေါ်မြမြအေး၊ ဦးမေအောင်ဦး-ဒေါ်တင်တင်ရီ၊ (ဦးခင်မောင်အေး)၊ ဦးသိန်းလွင်-ဒေါ်ကလျာ၊ (ဦးမျိုးသိန်း)-ဒေါ်နှင်းဆီ၊ ဦးနိုင်ခင်ဇော်-ဒေါ်စပွဲယံ၊ ဦးအောင်ဝင်း-ဒေါ်ခင်မာမာထွေးတို့၏ ချစ်လှစွာသော မောင်/ညီငယ်၊ ယုနန္ဒာအောင်၊ စုစန္ဒာအောင်၊ သူရအောင်၊ စိုးသီဟထွန်း၊ စုနှင်းဝေ၊ သီရိသိန်းလွင်၊ နှင်းအဥ္စလီ၊ ကြည်ဝသန်သိန်းလွင်၊ ကျော်ဇင်စိုးတို့၏ ချစ်လှစွာသော ဦးလေး၊ ပိတ်သွန်း (Grade VI၊ အထက-၁၊ ဒဂုံ)၏ဘိုးလေးသည် ၁၈-၁၀-၂၀၁၄(စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၀-၂၀၁၄ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးပေါ်စိန်(ဦးဝါလင်) (၈၆)နှစ်
**မြန်မာ့လေကြောင်းစာရင်းဌာန(ငြိမ်း)**

မော်လမြိုင်မြို့နေ (ဦးမောင်ငယ်-ဒေါ်ကြည်ဟိန်)တို့၏သား၊ (ဦးတင်-ဒေါ်ငံရင်)၊ (ဒေါ်အုန်းရင်)၊ (ဒေါ်မြရင်)၊ (ဒေါ်အုန်းသင်)၊ (ဦးဝါကျင်-ဒေါ်အက်ဖို)၊ (ဦးဝိန်ချွန်း-ဒေါ်ညွန့်ရီ)၊ (ဒေါ်အုန်းညွန့်)တို့၏ညီ/မောင်၊ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်၊ အောင်မြင့်မိုရ်လမ်း၊ တိုက်(၅)၊ အခန်း(၁၇)နေ ဒေါ်စီစီကံစ၏ခင်ပွန်း၊ ဦးအောင်ဝင်းလှိုင်-ဒေါ်ခင်သီတာစိန်၊ ဦးဝေလွင်-ဒေါ်ခင်နီလာစိန်၊ ဦးမြင့်အုန်း-ဒေါ်ခင်ဥမ္မာစိန်၊ (ဦးသီဟ)၊ ဦးဝဏ္ဏ-ဒေါ်စိုးယုမော်တို့၏ဖခင်၊ မြေး ၁၂ယောက်၊ မြစ်ခုနစ်ယောက်တို့၏အဘိုးသည် ၁၈-၁၀-၂၀၁၄ (စနေနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၀-၂၀၁၄(တနင်္လာနေ့) ညနေ ၃နာရီတွင် သန်လျင်အမိုးနီအအေးတိုက်မှ သန်လျင်အမိုးနီသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၁၀-၂၀၁၄(သောကြာနေ့) နံနက် ၈နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်လှလှ (၆၈)နှစ်

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နေ (ဦးလှသူ-ဒေါ်အေးတင်)တို့၏သမီး၊ (ဦးမြင့်သိန်း)၏ဇနီး၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပညာသိဒ္ဓိရပ်ကွက်၊ ခရေအိမ်ရာ၊ တိုက် (၈၉)၊ အခန်း (၀၂)နေ ဦးရဲခိုင်-ဒေါ်အေးမွန်မွန် (ဦးစီးအရာရှိ နတလ ဦးစီးဌာန၊ နေပြည်တော်)တို့၏ မိခင်၊ မရည်မွန်ခိုင် (GTC သန်လျင်)၊ မဝေမွန်ခိုင်(အထက-၅၊ နေပြည်တော်)တို့၏ အဘွားသည် ၁၇-၁၀-၂၀၁၄ (သောကြာနေ့) နံနက် ၇း၃၀နာရီတွင် နေပြည်တော် (ခုတင်-၁၀၀၀)ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁၀-၂၀၁၄ (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ကွင်းကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒုတိယရဲမှူးကြီးစိုးလွင်
## အသက်(၅၆)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့၊ (၈)ရပ်ကွက်နေ ဦးထွန်းရှိန်-ဒေါ်စိန်စိန်တို့၏ဒုတိယသား၊ ရန်ကုန်မြို့နေ ဦးစိန်ဝင်း-ဒေါ်အေးအေးပြုံးတို့၏ညီ၊ ဒိုက်ဦးမြို့နေ ဒေါ်ချိုချို၊ ကိုသန်းငွေးအောင်၊ မအေးအေးဝင်း၊ မောင်မင်းမင်း၊ မစန်းမော်၊ မစိုးစိုးတို့၏အစ်ကို၊ အမှတ်(၂၆)၊ လုံခြုံရေးရဲတပ်ဖွဲ့ခွဲနေ ဒုရဲအုပ် ဖြိုးစည်သူလွင်-မကေသွယ်စိုး၊ မဖြိုးသဉ္ဇာလွင်တို့၏ဖခင်၊ မန္တလေးမြို့၊ (၂၉)လမ်း၊ (၆၆×၆၈)လမ်းနေ ဒေါ်မူမူချို၏ခင်ပွန်း ဒုတိယရဲမှူးကြီးစိုးလွင် (ဌာနခွဲမှူး၊ အရာရှိအတတ်သင်ကျောင်း၊ မန္တလေးမြို့)သည် ၁၇-၁၀-၂၀၁၄(သောကြာနေ့) နံနက် ၆း၅၇ နာရီတွင် မန္တလေးမြို့၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁၀-၂၀၁၄ (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး**
## ဦးခင်မောင်ကျော် (၆၄)နှစ်
**လ/ထ မန်နေဂျာ(ငြိမ်း)**
**မြန်မာ့အာမခံလုပ်ငန်း**
**မန်နေဂျာ IKBZ Insurance Co., Ltd. (လားရှိုး)**

မန္တလေးမြို့နေ (ဦးမောင်မောင်-ဒေါ်မိမိလေး)တို့၏သား၊ (ဦးချစ်မောင်-ဒေါ်ခင်ရီ)တို့၏သားသမက်၊ လားရှိုးမြို့၊ အမှတ်(၄၄/က)၊ ရပ်ကွက်(၁)၊ နယ်မြေ(၃)၊ မြောင်းမြလမ်းနေ ဒေါ်နွယ်နီ (မြန်မာ့အာမခံလုပ်ငန်း၊ လားရှိုးမြို့)၏ ခင်ပွန်း၊ ဒေါ်ခင်ချမ်းမြေ့မျိုး (အငယ်တန်းအင်ဂျင်နီယာ-မြို့ပြ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မြစ်သားမြို့နယ်)၊ ဦးဝင်းခိုင်ဦး (ဦးစီးအရာရှိ ပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး-မြိတ်)-အလုပ်သမား အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန)-ဒေါ်ပိုးသီရိတို့၏ ဖခင် ဦးခင်မောင်ကျော်သည် ၁၇-၁၀-၂၀၁၄(သောကြာနေ့) နံနက် ၈း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၀-၂၀၁၄ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် လားရှိုးမြို့ ကြာကန်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

**ရဟန်း အမကြီး**
## ဒေါ်ခင်ဆွေ အသက်(၇၀)

ရန်ကုန်မြို့နေ (ဦးထွန်းလွင်-ဒေါ်ခင်ရီ)တို့၏သမီး၊ (ဦးမြဖေ-ဒေါ်မြမေ)တို့၏ သမီးချွေးမ၊ တိုက်(၃၂၈)၊ အခန်း(၉)၊ ရန်ကင်း ဘဏ်ရိပ်သာနေ (ဦးစိန်ဟန်)၏ဇနီး၊ ဒေါ်သန္တာဟန် (မြန်မာနိုင်ငံတော်ဗဟိုဘဏ်)၊ ဦးခင်ဇော်သိန်း-ဒေါ်နီလာဟန်၊ ဦးဝင်းနိုင်-ဒေါ်တင်မာဟန်၊ (ဦးရဲဆွေ)-ဒေါ်အေးမြတ်ဟန်၊ ဦးဟန်မင်းကျော်-ဒေါ်သွယ်သွယ်ဟန်၊ (ဦးကိုကိုဇော်)တို့၏မိခင်ကြီး၊ မသဲမြတ်ထက်၊ မအိအိခိုင်၊ မပန်းယုမော်၊ မောင်ကောင်းသာထက်၊ မအေးချမ်းပို၊ မမြတ်နိုးဆွေ၊ မောင်ပိုင်သုဇော်၊ မဟန်နီဆွေတို့၏ အဘွားသည် ၁၇-၁၀-၂၀၁၄(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၀-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၁၀-၂၀၁၄(ကြာသပတေးနေ့)တွင် သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းအစရှိသော လှူဖွယ်ဝတ္ထုအစုစုတို့အား ဆက်ကပ်လှူဒါန်း အမျှအတန်းပေးဝေမည်ဖြစ်ပါ၍ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## Mr. Samson Moses
**ဇဝံဂေလိဓမ္မတေးသံသွင်းလုပ်ငန်း**
## အသက်(၅၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သောက်တော်တွင်းရပ်ကွက်၊ အမှတ် (၂၃/၂၅)၊ ဦးလှမောင်လမ်းနေ (Mr. Marshall Moses- Mrs. Mary Moses)တို့၏ သား၊ (ဦးသန်း)-ဒေါ်ကြုတ်တို့၏သားသမက်၊ ဗေသနိခရစ်ယာန် မိတ်သဟာယအသင်းတော်မှ Pastor ဒေါ်ငွေစံ၏ ချစ်လှစွာသောခင်ပွန်း၊ June Caroline Moses, Angela April Moses နှင့် Benjamin Samson Moses တို့၏ ချစ်လှစွာသောဖခင်၊ ဗေသနိခရစ်ယာန်မိတ်သဟာယအသင်းတော်၏သင်းအုပ်ဆရာမကြီး Rev.Dora Mioses, Peter Moses-Jane Moses, Pastor Helen Zami-Alan Minus တို့၏ မောင်၊ Pastor Mona Rosaline Say-Pastor Thaw Du Say ၏ အစ်ကို၊ Cindy Moses, John Gideon Say တို့၏ဦးလေးသည် ၁၇-၁၀-၂၀၁၄ရက် နံနက် ၅း၁၀နာရီတွင် ဗဟိုရိရစည်ဆေးရုံ၌ ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၁-၁၀-၂၀၁၄ (အင်္ဂါနေ့) နံနက် ၉နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်း စုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (သန်လျင်နေအိမ်နှင့် ၆၆ ရွှေတိဂုံဘုရားလမ်း၊ ALBA ကျောင်းရှေ့တို့မှ ကားများ နံနက် ၇နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးမောင်ယု(မြိတ်) (၆၉)နှစ်
**Great Myanmar IsIandCo.,Ltd.**
**(Budrfvkyfief;)**

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ (၂၆)ရပ်ကွက်၊ မြသိင်္ဂါလမ်း၊ အမှတ်(၇၉၈)နေ ကျွန်းစုမြို့နယ်၊ မရွှေဥကျေးရွာ (ဦးရွှေကျင်-ဒေါ်ငွေမုံ)တို့၏ သား၊ ဦးကြည်ရှိန်၏ညီ၊ဦးစံသိန်း၊ဦးရေကြည်၊ (ဦးသောင်းကြည်)၊ ဦးအေးသန်း၊ ဦးတင့်လွင်တို့၏အစ်ကို၊ ဦးသန်းငွေး-ဒေါ်တင်နွယ်၊ ဦးခင်အောင်-ဒေါ်မြင့်မြင့်ခိုင်၊ (ဦးဝင်းကို-ဒေါ်ဝင်းဝင်းကြည်)၊ ဦးသန်းစိုး (Great Myanmar Island Co., Ltd ကြိမ်လုပ်ငန်း)တို့၏ ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုး၊ ဒေါ်သောင်း၏ ချစ်လှစွာသောခင်ပွန်း ဦးမောင်ယု (Great Myanmar Island Co., Ltd ကြိမ်လုပ်ငန်း)သည် ၁၇-၁၀-၂၀၁၄ (သောကြာနေ့) နံနက် ၁၁း၅၀နာရီတွင် အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့တော်၊ မိဒန်တာဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၃-၁၀-၂၀၁၄(ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဘစီ
## အသက် (၈၇)နှစ်
**အမရပူရအသင်း-ဥက္ကဋ္ဌ**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၅)ရပ်ကွက်၊ (၂၈)လမ်း၊ အမှတ်(၁၉၁)၊ မြေညီထပ်နေ ဒေါ်ကြည်ကြည်ဝင်း၏ချစ်လှစွာသောခင်ပွန်း ဦးဘစီသည် ၁၇-၁၀-၂၀၁၄(သောကြာနေ့) ည ၇း၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ၁၈-၁၀-၂၀၁၄ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်မြမြဦး အသက်(၈၀)
**ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ငွေစာရင်းဌာန(ငြိမ်း)**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၄) ရပ်ကွက်၊ ပန်းဆိုးတန်းလမ်း၊ အမှတ်(၂၁၂)၊ ပထမထပ်နေ (ဦးဘိုးငြိမ်း-ဒေါ်ခင်သိန်း)တို့၏သမီးကြီး၊ (ဦးထွန်းမြ-ဒေါ်စိန်တင်)တို့၏သမီးချွေးမ၊ (ဦးသောင်းငွေ)၏ဇနီး၊ (ဦးမြတ်ကျော်)-ဒေါ်မြမြစိန်၊ ဦးအောင်ကြည်-ဒေါ်သန်းသန်းယဉ်၊ ဒေါ်မာလာသန်း၊ ဒေါ်ထားထားရီ၊ ဦးတင်မြင့်-ဒေါ်နွဲ့နွဲ့ယဉ်၊ ဦးမျိုးအောင်-ဒေါ်ကြည်ကြည်၊ (ဦးကျော်သူ ရ)၊ (ဦးစည်သူ)၊ (ဦးအောင်ကျော်ဖေ)-ဒေါ်ထူးထူးမာတို့၏ အစ်မကြီး၊ ဦးထွန်းထွန်းငွေ (GM, Family United Power Co., Ltd.) -ဒေါ်လွင်လွင်မြင့်၊ ဦးအောင်နိုင်စိုး- ဒေါ်စုစုငွေ(ရုံးအုပ်၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး) တို့၏မိခင်၊ မောင်အေးချမ်းအောင်၊ မဆန်းမီအောင်(အထက-၄၊ ဗိုလ်တထောင်)၊ မောင်လွင်ပိုင်ဦး (ရန်ကုန်ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးအထက်တန်းကျောင်း)၊ မောင်ဘုန်းသက်အောင် (အထက-၆၊ ဗိုလ်တထောင်)တို့၏ ချစ်လှစွာသောအဘွား ဒေါ်မြမြဦးသည် ၁၇-၁၀-၂၀၁၄(သောကြာနေ့) ညနေ ၅း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၀-၂၀၁၄(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ရင်ရွှေ(သက်န်းကုန်း)
## အသက် (၇၂)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ်နေ (ဦးအောင်ကျော်-ဒေါ်မြကြည်)တို့၏သမီးကြီး၊ ပုသိမ်ခရိုင်၊ ငပုတောမြို့နယ်၊ သက်န်းကုန်းရွာနေ ဦးဘသင်၏ချစ်လှစွာသောဇနီး၊ ဦးဇော်မြင့်၊ ဦးခင်မောင်ဝင်း-ဒေါ်ရီရီမြင့် (အမက-၂၄၊ ပုသိမ်)၊ ဦးဇော်လွင်-ဒေါ်ညိုညိုတင်၊ ဦးကျော်ကျော်-ဒေါ်သီသီနွယ်၊ ဦးနိုင်နိုင်ထွန်း-ဒေါ်စန်းမူ၊ ဦးအောင်ကျော်စိုး-ဒေါ်ခိုင်နွယ်ဦး၊ ဒေါက်တာသိန်းထွဋ်-ဒေါ်အေးနွဲ့ကြည်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၁၂ယောက်တို့၏အဘွား ဒေါ်ရင်ရွှေသည် ၁၇-၁၀- ၂၀၁၄ (သောကြာနေ့) မွန်းလွဲပိုင်းတွင် ဗဟိုရိရစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁၀-၂၀၁၄(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါက်တာထွန်းထွန်း
## အသက်(၆၁)နှစ်

အမှတ်(၇၀/၁)နေ (ဦးထွန်းကြိုင်-ဒေါ်ခင်ခင်စု)တို့၏သားကြီး၊ ဦးကြည်-(ဒေါ်ချိုချိုသိန်း)တို့၏သားသမက်၊ ဒေါက်တာဒေါ်ခင်သန့်စင်(ကလေးအထူးကုဆရာဝန်ကြီး၊ နေပြည်တော် ခုတင်-၁၀၀၀ဆေးရုံကြီး)၏ခင်ပွန်း၊ ဒေါက်တာအေးငြိမ်းကို၊ ကိုသီဟန်တို့၏ဖခင်၊ ဦးချိုလေး-ဒေါ်စုစုထွန်းတို့၏ အစ်ကိုသည် ၁၇-၁၀-၂၀၁၄(သောကြာနေ့) ည ၁၀း၅၀နာရီတွင် နေပြည်တော် ခုတင်(၁၀၀၀) ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁၀-၂၀၁၄(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ကျွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေပြည်တော် ခုတင်(၁၀၀၀)ဆေးရုံမှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးမြင့်စိုး
## အသက် (၅၃)နှစ်
**ဦးစီးအရာရှိ(စီးပွားကူးသန်း)**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၇)ရပ်ကွက်(အရှေ့)၊ အောင်သပြေအရှေ့ (၄)လမ်း၊ အမှတ် (၄၁)နေ ဦးမြလှိုင်-ဒေါ်ဥရီတို့၏သား၊ ဦးအုန်းဖေ-ဒေါ်စီတို့၏သားသမက်၊ ဒေါ်နီရင့်မာ၏ခင်ပွန်း၊ မောင်ထွန်းဝေဖြိုး၊ မလဲ့ဝေဖြိုးတို့၏ဖခင် ဦးမြင့်စိုးသည် ၁၈-၁၀-၂၀၁၄ (စနေနေ့) နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၀-၂၀၁၄(တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးမောင်မောင်စိုးလွင် (၄၄)နှစ်
**(ဖောင်းပြင်)**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့၊ ရာဇသင်္ကြန်လမ်းနေ [ဦးကြည်လွင် (အထပြ၊ ငြိမ်း)]-ဒေါ်ခင်မေဝင်းတို့၏ သား၊ ဒေါ်မို့မို့လွင် (စာရင်းကိုင်အက်စ်ပီဒင်ကုမ္ပဏီ၊ ရန်ကင်းစင်တာ)၏မောင်၊ ဦးခင်မောင်သိန်း-ဒေါက်တာချိုချိုလွင် (သချာၤဌာန၊ မုံရွာတက္ကသိုလ်)၊ ဦးမောင်မောင်မျိုးလွင်(မြို့နယ်အခွန်ဦးစီးမှူး၊ ဖောင်းပြင်)-ဒေါ်ချိုသဲဝါ၊ ဦးဇော်ထက်(သန်းငွေးကျော်အမြန်ရေယာဉ်)တို့၏ အစ်ကို၊ မောင်ဇေလင်းထက်၊ မအိနေခြည်မောင်၊ မအေးသဉ္ဇာလွင်၊ မောင်ဟိန်းမြတ်စိုးတို့၏ဦးလေး ဦးမောင်မောင်စိုးလွင်သည် ၇-၁၀-၂၀၁၄(အင်္ဂါနေ့) ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးဘစီ
## အသက် (၈၇)နှစ်

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ဈေးချိုရပ်၊ မင်္ဂလာစံရပ်ကွက်၊ အမှတ် (ဈ/မ -၈)နေ ဒေါ်တင်လှ၏ခင်ပွန်း၊ ဦးခင်မောင်မြင့်-ဒေါ်အေးမြင့်ကြည်တို့၏ ဖခင်၊ ကိုဟံသာငြိမ်း(ကမာရွတ် မီဒီယာ)၊ မကြည်သာ (ကမာရွတ်မီဒီယာ)၊ မရွှေရည်(ဂျပန်-ဧည့်လမ်းညွှန်)တို့၏ အဘိုးသည် ၁၇-၁၀-၂၀၁၄(သောကြာနေ့) ည ၇း၁၀နာရီတွင် ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ် (၅)ရပ်ကွက်၊ (၂၈)လမ်း(အထက်)၊ အမှတ်(၁၉၁)၊ မြေညီနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၁၀-၂၀၁၄ရက်တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၇-၁၁-၂၀၁၄ရက်တွင် မန္တလေးမြို့နေအိမ်၌ လလည်ဆွမ်းဆက်ကပ်၍ အမျှအတန်း ပေးဝေပါမည်။]

ကျန်ရစ်သူဇနီး၊ သားသမီးနှင့် မြေးတစ်စု

## ဦးမြဝင်း (၆၉)နှစ်
**အငယ်တန်းအင်ဂျင်နီယာ(၂)**
**လျှပ်စစ်(ငြိမ်း)**
**ရန်ကုန်တိုင်းဆောက်လုပ်ရေး**

ဗဟန်းမြို့နယ်နေ (ဦးထွန်းရံ-ဒေါ်နှင်းရင်)တို့၏သားကြီး၊ အမှတ် (၈၉)၊ (၄၃)လမ်း၊ ဗိုလ်တထောင်မြို့နယ်နေ (ဦးမြမောင်-ဒေါ်မမလေး)တို့၏ သားသမက်၊ ဒေါ်စန်းရီ၊ ဦးငွေသိန်း-ဒေါ်ခင်ညိုအေး၊ ဦးစံသိန်း-ဒေါ်သိန်းသိန်းတို့၏ အစ်ကိုကြီး၊ ဒေါ်ဥမ္မာခင် (ရန်ကုန်တိုင်းဆောက်လုပ်ရေး၊လျှပ်စစ်ဌာန)၏ ချစ်လှစွာသောခင်ပွန်း၊ တူ သုံးယောက်တို့၏ ဦးလေး ဦးမြဝင်းသည် ၁၈-၁၀-၂၀၁၄ (စနေနေ့) နံနက် ၆နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁၀-၂၀၁၄ (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

# မန္တလေးမြို့၏ အထင်ကရ မန္တလေးတောင်မှ ခြသေ့်ကြီးနှစ်ကောင်နှင့် နွားလှည်းဖြင့် ရှင်လောင်းလှည့်လည်ပွဲအလှမြင်ကွင်းကို နိုင်ငံတကာခရီးသွားများ အထူးနှစ်ခြိုက်

**မန္တလေး အောက်တိုဘာ ၁၈**

မြန်မာ့ရိုးရာ အစဉ်အလာတွင် သားယောကျ်ားလေး မွေးဖွားပြီဆိုပါက ရှင်ပြုပေးရန် အားထားလုပ်ဆောင်လေ့ရှိကြသည်။ ရင်မှဖြစ်သောသားကို သာသနာ့ဘောင်သွတ်သွင်းပါမှ သာသနာ့ဒါယကာ ခေါ်ထိုက်သည်ဟု ဆိုထားသည်။ ကျေးလက်ဒေသများတွင်မြန်မာ့ရိုးရာ အလှူရှင်လောင်းလှည့်ပွဲကို တခမ်းတနား အမြတ်တနိုး ကျင်းပလေ့ရှိကြသည်။ အလှူရှင်လောင်းလှည့်ရာတွင် ကျေးရွာလူထု၏ဝိုင်းကူမှုဖြင့် ကျင်းပကြသည်။

အလှူအဝင်နေ့ ရှင်းလောင်းလှည့်အစီအစဉ်တွင် ရိုးရာအစဉ်အလာအတိုင်း စနစ်တကျထားလေ့ရှိသည်။ ရှင်လောင်းလှည့်ပွဲ ရှေ့ဆုံးတွင် ဘုရားကားကို ထားလေ့ရှိသည်။ ဘုရားကားပေါ်တွင် ရိုးရာငှက်ပျောဖတ်ဖြင့် အလှဆင်ထားသော ဘုရားအုပ်ကို တင်ဆောင်ထားလေ့ရှိသည်။ ဘုရားကား၏ရှေ့တွင်မူ ရှေးခေတ်စစ်သည်ဝတ်စုံဖြင့် ရှေ့တော်ပြေးနှစ်ဦးမှာ မြင်းဖြင့် ကြိုတင်မောင်းနှင်လေ့ရှိသည်။ ဘုရားကားနောက်တွင် သိကြား၊ ပြဟ္မာကား၊ ၎င်းနောက်တွင်

**စာမျက်နှာ ၉ ကော်လံ ၁ သို့**



## မာတိကာ

ယနေ့

နီပေါ၌ တောင်တက်သမားများအတွက် ရာသီဥတု ကြိုတင်သတိပေးစနစ် အသုံးပြုမည်

စာမျက်နှာ - ၄

ကြည့်ပျော်ရှုပျော်

စာမျက်နှာ - ၆

ခရီးသွားပြည်သူများ အဆင်ပြေစေရေးအတွက် မြို့ပတ်နှင့် ဆင်ခြေဖုံးရထားများတွင် ၅၀ ကျပ်နှင့် ၁၀၀ ကျပ်တန် လက်မှတ်များ ရောင်းချမည်

စာမျက်နှာ - ၁၀

# ရှားပါးငှက်များ ကျက်စားရာ ပုပ္ပားတောင်ဒေသသို့ ပြည်တွင်း ပြည်ပ ငှက်ကြည့်ဝါသနာရှင်၊ ပညာရှင်များ နှစ်စဉ် လာရောက်လေ့လာ

**မုံရွာ အောက်တိုဘာ ၁၈**

မြန်မာနိုင်ငံအတွင်းနေထိုင်ကြသူများတွင် ငှက်ကြည့်ဝါသနာထုံသူများပေါ်များလာခြင်းနှင့်အတူ ငှက်ကြည့်သည့် ကိရိယာများ၊ မှတ်တမ်းတင်ကင်မရာများ၊ အသုံးအဆောင်ပစ္စည်းများ ခေတ်မီလာခြင်းနှင့်အတူ ငှက်ကြည့်ဝါသနာပါသူများကို အသင်းဖွဲ့ဆောင်ရွက်ကာ သင်တန်းများကို နိုင်ငံရပ်ခြားမှ အဆင့်မီပညာရှင်များ ဖိတ်ခေါ်၍ သင်ကြားပို့ချပေးခြင်းများရှိလာသောကြောင့် ငှက်ကြည့်ဝါသနာရှင်များအတွက် အခွင့်အရေးကောင်းများရရှိလာခြင်းနှင့်အတူ ရှားပါးငှက်များရှိရာဒေသများသို့ ရွေးချယ်သွားရောက်ကြည့်ရှုလေ့လာမှုများရှိလာနေပြီဖြစ်ကြောင်းသိရသည်။ ထိုကဲ့သို့ ရှားပါးငှက်များ ကွန်းခိုရာအဖြစ် တည်ရှိနေသော ဒေသများတွင် ပုပ္ပါးဒေသလည်းပါဝင်ရာ ပြည်တွင်းငှက်ကြည့်သူများ၊ ပြည်ပမှပညာရှင်နှင့်ဝါသနာရှင်များ နှစ်စဉ်လာရောက်ကြည့်ရှုလေ့လာကြကြောင်းသိရသည်။

ပုပ္ပားဒေသတွင် ငှက်မျိုးပေါင်း ၁၃၀ ကျော်ကိုတွေ့မြင်နိုင်သော်လည်း ငှက်များအားလုံးမှာ မြန်မာငှက်မျိုးများ မဟုတ်ကြဘဲ အချို့ငှက်များမှာ ဆောင်းရာသီတွင် ပုပ္ပားဒေသသို့ဝင်ရောက်ခိုနားကာ သားပေါက်ကြခြင်းဖြစ်ပြီး အချို့ငှက်များမှာ ပုပ္ပားဒေသမှ ဝေးရာသို့ပြောင်းရွှေ့ပျံသန်းနေထိုင်တတ်ကြကြောင်းသိရသည်။

**စာမျက်နှာ ၉ ကော်လံ ၃ သို့**

# မြန်မာအသင်း ဆူဇူကီးဖလားခြေစစ်ပွဲအောင်မြင်

**ဗီယင်ကျန်း အောက်တိုဘာ ၁၈**

အာဆီယံဆူဇူကီးဖလားခြေစစ်ပွဲ စတုတ္ထနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက လာအိုနိုင်ငံ ဗီယင်ကျန်းမြို့တွင် ကျင်းပရာ မြန်မာအသင်းက ကမ္ဘောဒီးယားအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

**မြန်မာ-တစ်ဂိုး**

*(ကျော်ကိုကို-ပယ်နယ်တီ)*

**ကမ္ဘောဒီးယား-ဂိုးမရှိ**

မြန်မာအသင်းက ကမ္ဘောဒီးယားအသင်းကို အနိုင်ရရှိခဲ့သလို ဒုတိယပွဲ၌လည်း လာအိုအသင်းက နိုင်ပွဲရရှိခဲ့သောကြောင့် မြန်မာနှင့်လာအိုအသင်းတို့မှာ ပွဲစဉ်မကုန်ဆုံးမီ ခြေစစ်ပွဲအောင်မြင်သွားပြီဖြစ်သည်။ မြန်မာအသင်းမှာ နိုင်ပွဲရရှိခဲ့သော်လည်း ကစားပုံမကောင်းသောကြောင့် အနိုင်ရရှိရန် ခက်ခက်ခဲခဲကစားခဲ့ရသည်။

**စာမျက်နှာ ၉ ကော်လံ ၅ သို့**




**ကမ္ဘာကျော်ကိုရီးယားဂျင်ဆင်းကိုရရန် (၆)နှစ်စောင့်ရပါသည်။ မြန်မာ့ရတနာ ဆေးဖက်ဝင်သနပ်ခါးကိုရရန် အနည်းဆုံး(၇)နှစ်ကြာပါသည်။**



ကျွန်တော်က ခနုဖြူက "မျိုးဇော်ဗိုလ် မင်္ဂလာဆိုင်း"အဖွဲ့နဲ့ နွေဘက်မှာ သီချင်းလိုက်ဆိုလေ့ရှိတဲ့ အဆိုတော်တစ်ယောက်ပါ။ ဆလိုက်မီးရောင်စုံတွေအောက်မှာ ပူလောင်အိုက်စပ်ကြီးနဲ့ မိတ်ကပ်လိမ်းပြီး သီချင်းဆိုရတာလောက် စိတ်ပျက်စရာကောင်းတာမရှိတော့ပါဘူး။ ညဘက်ညွှေ့ခံဆိုင်းသိမ်းလို့လည်း တန်းမအိပ်နိုင်သေးပါဘူး။ မိတ်ကပ်လိမ်းထားတဲ့မျက်နှာကို ဆပ်ပြာနဲ့ဖျက်ရသေးတယ်။ မဖျက်ပဲအိပ်လို့ကတော့ မနက်လင်းရင်မိတ်ကပ်တွေ ကွက်တိကွက်ကြားနဲ့ အဆီပြန်နေတဲ့ ကိုယ့်မျက်နှာကိုယ်တောင် မကြည့်ရဲတဲ့အဖြစ်ပါ။ အဲ့ဒီလိုနဲ့ မိတ်ကပ်လိမ်းတာ တစ်ဘူးတောင်မကုန်သေးဘူး ကျွန်တော့်မျက်နှာမှာ အမည်းကွက်တွေ ဟိုတစ်စ ဒီတစ်စ ပေါ်လာပါရော။ မိတ်ကပ်ဒဏ်၊ နေလောင်ဒဏ် တွေကြောင့်ပဲနေမှာပေါ့။ ကျွန်တော်ဘာလုပ်လို့လုပ်ရမှန်း မသိတော့ဘူး။ မိတ်ကပ်တွေလည်း ဆက်မလိမ်းရဲတော့ဘူး။ မိတ်ကပ်မလိမ်းဘဲ မီးရောင်အောက်မှာ သီချင်းဆိုဖို့ကလည်း မျက်နှာက ပြောင်ချော်ချော်ကြီးဖြစ်နေပြန်ရော။ နောက်ဆုံးတော့ ဒီဒုက္ခတွေက ကင်းဝေးလို့ ကျွန်တော့်မျက်နှာဟာ အမည်းကွက်တွေပျောက်ကင်းပြီး အရမ်းကိုဖွေးလက်သွားပါတော့တယ်။ တကယ့်ကို အံ့သြစရာပါပဲ။ ဘေးထွက်ဆိုးကျိုးလည်း မရှိဘဲ အသားအရည်စိုပြေ ချောမွတ်သွားလိုက်တာ ဘာကြောင့်လဲဆိုတော့ **ရွှေပြည်နန်း(သဘာဝအသားဖြူသနပ်ခါး)**ကြောင့်ပါပဲ။ ပြောမယုံ ကြုံဘူးမှသိ ဆိုသလို ပြောတာမယုံရင် အညွှန်းအတိုင်းသုံးစွဲကြည့်လိုက်ပါ။ ကျွန်တော်ကတော့ လက်တွေ့သုံးစွဲကြည့်လို့ယုံလိုက်ပါပြီ။ ခုတော့ ကျွန်တော်တို့ဆိုင်းထဲက အဆိုတော်တွေ အားလုံး ရွှေပြည်နန်းသုံးပြီး ပြုံးပျော်နေကြပြီလေ။

ခနုဖြူနေရဲဝင်း၊ ဥယျာဉ်ချောင်းကျေးရွာ၊ ခနုဖြူမြို့နယ်၊ ဧရာဝတီတိုင်း။

ထပ်ဆင့်ထောက်ခံအပ်ပါသည်။ ။မျိုးဇော်ဗိုလ် (မျိုးဇော်ဗိုလ်မင်္ဂလာဆိုင်းအဖွဲ့)၊ နာရီစင်လမ်း၊ ခနုဖြူမြို့။

ခနုဖြူနေရဲဝင်း

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲရခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ အကန့်သတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် အမှတ်-၂၈ (H)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီးရေးသား ပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်)


themirror.npt@gmail.com
www.facebook.com/themirrordaily
R/184

နေရာကောင်းကောင်းတွင် အဆင့်မြင့်မြင့်နေထိုင်လိုသူများအတွက် လှတ်တော်ဝင်းအနီး အလုံလမ်းမကြီးပေါ်မှာ

## တော်ဝင်မိသားစုကုမ္ပဏီက တည်ဆောက်သည့်

# Orchid Condominium

**Fully Furnished**

**အခန်း(၅၀)ကို အထူးဈေးနှုန်းဖြင့် ရောင်းချနေပါပြီ။**



**အရောင်းစင်တာ**

တော်ဝင်စင်တာ၊
တတိယထပ်၊
အခန်း (၄၀၀၁)
အမှတ်(၄၅)၊ ပြည်လမ်း၊
ဒဂုံမြို့နယ်၊ ရန်ကုန်။

## ရန်ကုန်ပညာရေးတက္ကသိုလ်
## (၁၉၆၇-၇၂) ဘီအီးဒီ (စနစ်သစ်)
## သူငယ်ချင်းများသို့ ---

၂-၁၁-၂၀၁၄ရက်(တနင်္ဂနွေနေ့) နံနက်(၈း၀၀)နာရီတွင် မူလပဌာန်းကျောင်းတိုက် ၄၄၁-၄၄၃၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ် (ဆေးတက္ကသိုလ်-၁) ရှေ့တွင် သတ္တမအကြိမ်မြောက် ကထိန်သင်္ကန်းကပ်လှူ ကြမည်ဖြစ်ပါသည်။ သို့ပါ၍ သူငယ်ချင်းများအားလုံး(**မပျက်မကွက်**)ကြွရောက်ကြပါရန် ချစ်ခင်ရင်းနှီးစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**ဆက်သွယ်ရန်** - (၁) ဒေါ်ရီရီဝင်း ဖုန်း - ၀၉-၄၂၀၇၀၁၆၀၇
(၂) ဒေါ်ခင်ထားရီ ဖုန်း - ၀၁-၂၉၈၅၆၄
(၃) ဒေါ်ကွန်ချစ်ချစ် ဖုန်း - ၀၁-၅၅၄၉၂၆
(၄) ဒေါ်ခင်သန်းထွေး ဖုန်း - ၀၁-၂၉၃၇၈၈

## Lotus ဟိုတယ်သင်တန်းကျောင်း School of Hospitality

ပြည်တွင်းပြည်ပရှိ ဟိုတယ်၊ စားသောက်ဆိုင်နှင့် အပျော်စီးသင်္ဘောများတွင် ဝင်ငွေကောင်းပြီးဘဝအာမခံချက်ရှိသော Cook တစ်ဦးအနေဖြင့် ဝင်ရောက်လုပ်ကိုင်လိုသူများနှင့် ကိုယ်ပိုင်လုပ်ငန်းစတင်လိုသူများအတွက် ...

**International Bakery & Pastry** (နိုင်ငံတကာအဆင့်မီ မုန့်ဖုတ်သင်တန်း)



နိုင်ငံတကာတွင် တာဝန်ထမ်းဆောင်ခဲ့သော အတွေ့အကြုံရင့် စားဖိုမှူးကြီးများကိုယ်တိုင် စနစ်တကျ လေ့ကျင့် သင်ကြား ပေးပြီး သင်တန်းပြီးဆုံးပါက လုပ်ငန်းခွင်ဝင်ရောက်နိုင်ရန်နှင့် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်နိုင်ရန် ကူညီပေးပါသည်။

သင်တန်းလျှောက်လွှာပိတ်ရက် (၂၇-၁၀-၂၀၁၄)

အမှတ်(၂၁၃၊ ၂၁၇) ၃-လွှာ၊ မဟာဗန္ဓုလလမ်းနှင့် ၄၉-လမ်းထောင့်၊ ဗိုလ်တထောင်၊ ရန်ကုန်မြို့။
01-397449, 01-397447 09-73169207, Email : lotushospitality2011@gmail.com

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်သူရ[၇/မလန(နိုင်)၀၉၂၂၁၄]ကိုင်ဆောင်သူ၏ PP No. M 379994 မှာ ၁၄-၁၀-၂၀၁၄ ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။ **ဖုန်း-၀၉-၃၀၀၀၄၆၀၉၂**

### BB/8845 (AD Van, Taxi)

**ယာဉ်ပိုင်ရှင်(သို့)ယာဉ်မောင်းမှ အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်ပေးပါရန်။**
**ဖုန်း-၀၉-၅၀၆၄၉၀၀၊ ၀၉-၂၅၃၃၈၁၇၅၈**

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်မော် ကိုင်ဆောင်ထားသော နိုင်ငံကူးလက်မှတ် PP-M 518979 သည် ၁၀-၉-၂၀၁၄ ရက်တွင် ခရီးသွားလာရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။ ပေးပို့သူအား ကျေးဇူးဆပ်ပါမည်။ **အောင်မော်**
**ဆက်သွယ်ရန်-၀၉-၄၄၈၀၃၄၄၆၁**

## ဦးဇော်ထွန်းဦး (ဘ)ဦးဝင်းကြည်[၁၂/မရက(နိုင်)၁၂၅၁၇၀]
## အမှတ်-၅၂၅/၅၂၆(ပထမထပ်)၊ ဝဏ္ဏသီဂီလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့နှင့် အများသိစေရန် ကြေညာချက်

ဦးဇော်ထွန်းဦးနှင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သင်ဇာစိုး[၁၄/ဖပန(နိုင်)၀၉၁၉၅၆]တို့သည် ၂၄-၈-၂၀၁၁ ရက်က မြန်မာ့ဓလေ့ထုံးတမ်းနှင့်အညီ နှစ်ဦးသဘောတူ လက်ထပ်ထိမ်းမြားလျက် အတူနေထိုင်ပေါင်းသင်းခဲ့ကြပြီး မောင်မင်းလရောင်အမည်ရှိ သားတစ်ဦးထွန်းကားခဲ့ပါသည်။ ဦးဇော်ထွန်းဦးနှင့် ဒေါ်သင်ဇာစိုးတို့သည် စင်ကာပူနိုင်ငံတွင် အတူတကွ အလုပ်လုပ်ကိုင်နေကြစဉ် ဦးဇော်ထွန်းဦးသည် အိမ်ထောင်ရေးသစ္စာဖောက်ဖျက်မှုများကျူးလွန်ခဲ့သည့်အပြင် ရန်ကုန်မြို့သို့ ရောက်ရှိစဉ်တွင်လည်း အိမ်ထောင်ရေးဖောက်ပြန်မှုများပြုလုပ်ခဲ့ကြောင်း ကျွန်ုပ်၏မိတ်ဆွေထံတွင် အထောက်အထားများ အခိုင်အမာရှိနေပါသည်။ ဒေါ်သင်ဇာစိုးက အဆိုပါ အမျိုးသမီးထံသို့ ဆက်သွယ်ပြီး ဦးဇော်ထွန်းဦး၏ တရားဝင်ဇနီးဖြစ်ကြောင်း အသိပေးပြောဆိုခဲ့သော်လည်း အိမ်ထောင်ရေးဖောက်ဖျက်မှုကို ဆက်လက်ကျူးလွန်လျက်ရှိနေကြသည့်ပြင် ဒေါ်သင်ဇာစိုးအား ရိုင်းပျစွာပြောဆိုဆက်ဆံခဲ့ပါသည်။

ဦးဇော်ထွန်းဦးကိုယ်တိုင် မိဘဆွေမျိုးများရှေ့မှောက်၌ နောင်တွင် မိန်းမကိစ္စမရှုပ်တော့ဘဲ ကင်းရှင်းစွာ နေထိုင်မည်ဖြစ်ကြောင်းနှင့် ကျူးလွန်ပါက တောင်းဆိုမှု တစ်စုံတစ်ရာမပြုဘဲ ကွာရှင်းပေးမည်ဖြစ်ကြောင်း ၆-၄-၂၀၁၄ ရက်က ဝန်ခံကတိစာချုပ် ပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။ သို့သော် ထပ်မံ ဖောက်ဖျက်ကျူးလွန်သဖြင့် အဆိုပါ အမျိုးသမီးနေထိုင်ရာ သဃ်္ဃန်းကျွန်းမြို့နယ်၊ ဇ/တောင်ရပ်ကွက်၊ အုပ်ချုပ်ရေးမှူးရုံး၌ နောက်ထပ်အိမ်ထောင်ရေးဖောက်ပြန်မှု ပြုလုပ်တော့မည်မဟုတ်ကြောင်း ဝန်ခံလျက် ဇနီး၊ ဆွေမျိုးသားချင်း၊ မိသားစုကြားတွင် စိတ်ငြိုငြင်အနှောင့်အယှက်ဖြစ်စေမည့် ဂုဏ်သိက္ခာစောင့်ထိန်းရန်ကိစ္စများကို ဆင်ခြင်နေထိုင်မည်ဖြစ်ကြောင်း၊ ၂-၆-၂၀၁၄ ရက်တွင် ဦးဇော်ထွန်းဦးက ဝန်ခံကတိပြုချက်ပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။ သို့ရာတွင် ဦးဇော်ထွန်းဦးသည် အိမ်ထောင်ရေးဖောက်ဖျက်မှုများကို ဆက်လက်ကျူးလွန်ခဲ့သည်ပြင် ဒေါ်သင်ဇာစိုးအား ရိုင်းစိုင်းစွာပြောဆို၊ ဆဲဆို၊ ရိုက်နှက်၊ နည်းအမျိုးမျိုးဖြင့် အနိုင်ကျင့်နှိပ်စက်ကာ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လက ကွာရှင်းပေးမည်ဖြစ်ကြောင်း ပြောဆိုခဲ့ပြီး လင်မယားနှစ်ဦးပိုင် မော်တော်ယာဉ်ကို အသုံးပြုလျက် အဆိုပါ အမျိုးသမီးနှင့်အတူ သွားလာမှုများပြုလုပ်ခဲ့ပါသည်။

ထိုသို့ ဦးဇော်ထွန်းဦးက အကြိမ်ကြိမ်အိမ်ထောင်ရေးဖောက်ဖျက်မှုများ ကျူးလွန်နေသဖြင့် ဒေါ်သင်ဇာစိုးသည် စိတ်နှလုံးထိခိုက်မှုများခံစားခဲ့ရပြီး ခွင့်မလွှတ်နိုင်လောက်အောင် ပူဆွေးသောက ရောက်လျက်ရှိနေစဉ် အရွယ်မရောက်သေးသည့် ၂ နှစ်ခွဲ အရွယ်သားငယ်ကို မိခင်နှင့်ခွဲကာ ရက်စက်စွာဖြင့် အဓမ္မခေါ်ယူထားပြီး အိမ်ဖော်ဖြင့်ထားလျက် ဒေါ်သင်ဇာစိုးအား အခန်းတွင်း ဝင်ခွင့်မပြုဘဲ တံခါးသော့ခတ်ပိတ်ဆို့ထားခြင်း၊ မိမိ၏အပြစ်ကိုဖုံးကွယ်ရန်အကြံဖြင့် လက်ဦးမှုရယူပြီး ၁၆-၈-၂၀၁၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဒေါ်သင်ဇာစိုး၏ ဂုဏ်သိက္ခာကိုထိပါးလျက် မမှန်မကန်ကြေညာခြင်းတို့ကို ပြုလုပ်ခဲ့သဖြင့် ဒေါ်သင်ဇာစိုးတွင် ဂုဏ်သိက္ခာများစွာ ထိခိုက်ရပါသည်။ ထို့ပြင် ဒေါ်သင်ဇာစိုးက သားငယ်ကို လာခေါ်ရာတွင် ထောင်ချောက်ဆင်ကြိုတင်ပြင်ဆင်ပြီး ဒေါ်သင်ဇာစိုးနှင့်မိသားစုအား တာမွေရဲစခန်းတွင် အမှုဖွင့်တိုင်ကြားခြင်းတို့ကို ပြုလုပ်ခဲ့ပါသည်။ ဦးဇော်ထွန်းဦးအား ဒေါ်သင်ဇာစိုးက လင်မယားအဖြစ် ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိတော့သဖြင့် ခင်ပွန်းအဖြစ်မှ စွန့်လွှတ်လိုက်ပြီးဖြစ်ကြောင်း ၁၆-၉-၂၀၁၄ ရက်စွဲပါ အကြောင်းကြားစာပေးပို့ခဲ့ပြီး ဤကြေညာချက်ဖြင့် အများသိစေရန် ထပ်မံအတည်ပြု ကြေညာအပ်ပါသည်။

ထို့ကြောင့် ဦးဇော်ထွန်းဦးသည် ဒေါ်သင်ဇာစိုး၏ကိုယ်ပိုင်ပစ္စည်းများနှင့် ပစ္စည်းခန်းရပိုင်ခွင့်များကို လက်ရောက်ပေးအပ်ရန်နှင့် ၂၄-၁၀-၂၀၁၄ ရက်အတွင်း လိုက်နာဆောင်ရွက်ခြင်းမရှိပါက ကျွန်ုပ်မိတ်ဆွေ၏ နစ်နာမှုများအတွက် တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်သင်ဇာစိုး၏ လွှဲအပ်ချက်အရ-**
**ဦးအုန်းမောင်(ရန်ကင်း) တရားလွှတ်တော်ရှေ့နေ (၆၈၁၈)**
**အိမ်-အမှတ်-၁၂၇၊ လူငယ်သစ္စာလမ်း၊ ၁၂-ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။**
**ရုံး-၁၁၀၄(၁၁-လွှာ)၊ ဗိုလ်မြတ်ထွန်းတာဝါ၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉- ၇၃၀၃၇၅၈၅၊ ၀၉-၂၅၀၆၅၀၂၁၂၊ ၀၉-၃၀၃၂၉၈၈၄၊ ၀၁-၂၉၆၂၂၇။**

## ကောလင်းမြို့နယ်အသင်း(ရန်ကုန်)
### ဒုတိယအကြိမ်ကထိန်သင်္ကန်းကပ်လှူပွဲနှင့်ပထမအကြိမ်ပညာရည်ချွန်ဆုပေးပွဲ

ကောလင်းမြို့နယ်အသင်း(ရန်ကုန်)၏ ဒုတိယအကြိမ် ကထိန်သင်္ကန်းကပ်လှူပူဇော်ပွဲနှင့် ပထမအကြိမ် ပညာရည်ချွန်ဆုပေးပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ အသင်းဝင်များ၊ မြို့နယ်သူ မြို့နယ်သားများအားလုံး ကြွရောက်လှူဒါန်းပူဇော်နိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက်။ ။ ၁၃၇၆-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၄)ရက်။ (၂၆.၁၀.၂၀၁၄)(တနင်္ဂနွေနေ့)။
အချိန်။ ။ နံနက် (၈း၃၀)နာရီမှ (၁၂း၀၀)နာရီ။
နေရာ။ ။ စတုဘုမ္မိက မင်္ဂလာရိပ်သာကျောင်းတိုက်၊ ပြည်သာယာလမ်း၊ (ဓ)မြောက်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်။

**လမ်းညွှန်။ ပြည်သာယာလမ်း၊ (ဝေဇယန္တာလမ်းနှင့်သံသုမာလမ်းကြား)။**

ကထိန်သင်္ကန်း၊ လှူဖွယ်ပစ္စည်း၊ အလှူငွေနှင့် ပညာရည်ချွန်ဆု အလှူငွေများကို အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။ အသင်းဝင်များ၏ မြေး/သားသမီးများမှ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးဖြင့် အောင်မြင်သူများ စာရင်းကို (၂၄.၁၀.၂၀၁၄)နေ့နောက်ဆုံးထားပြီး ဆက်သွယ် ပေးပို့နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါသည်။ (သီးခြားဖိတ်စာမပို့ပါ)။

ဦးမောင်ရီ (၀၉-၂၁၃၀၄၃၄)၊ ဦးတင်မောင်ထွန်း (၀၉-၅၁၅၄၄၆၅)၊
ဦးနိုင်ဝင်း (၀၉-၅၁၇၅၂၄၄)၊ ဦးအောင်ငွေ (၀၉-၅၁၇၈၀၇၅)။

## သွေးသည်အသက်

**ဖခင်အမည်မှန်** အင်းစိန်မြို့နယ်၊ ဦးသန်းစိန်ကိုယ်ပိုင်အထက်တန်းကျောင်း၊ ဒသမတန်းတွင် ပညာသင်ကြားနေသော မဆိုင်းထွယ်နန်၏ ဖခင်အမည်မှန်မှာ ဦးလာရွှယ် [၁/မကန(နိုင်)၀၃၂၄၈၅] ဖြစ်ပါကြောင်း။ **ဦးလာရွှယ်**

## ဒေါ်လီလီမြင့်(ခ)ဒေါ်လီမျှင်း[၁၂/ကလန(နိုင်)၀၀၄၀၁၁] (MD.Good Plus Star Mining Co.,Ltd), Mr.Law (MD.GPS Joint Venture Mining Co.,Ltd.)နှင့်တကွ အများသိစေရန်ကြေညာခြင်း

တောင်ကြီးမြို့၊ အေးသာယာစက်မှုဇုန်၊ အနောက်ဖောင်တော်ပေါက်လမ်း၊ အမှတ်-၁၅၅/၂၇၇ နေ MAGA MYINT ENGINEERING GROUP CO.,LTD ၏ MD ဦးအုန်းမြင့်[၁၂/ဥကမ(နိုင်)၁၂၂၆၇၁]၏လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

မာယမြင့်ကုမ္ပဏီနှင့် လူကြီးမင်းတို့သည် ရှမ်းပြည်တောင်ပိုင်း၊ ကလောမြို့နယ်၊ ဘော်ဆိုင်းကျေးရွာအုပ်စုရှိ ဖူးရဲနှင့် ရွာဟောင်းကျေးရွာတို့တွင် လျှပ်စစ်ဓာတ်အားရရှိရန်အတွက် (၃၃) ကေဗွီဓာတ်အားလိုင်း(၃. ၉၃)မိုင် တည်ဆောက်တပ်ဆင်ခြင်း၊ ၃၃/၀. ၄ ကေဗွီ၊ ၃၁၅ ကေဗွီအေ ထရန်စဖော်မာ(၁)လုံးနှင့် ၁၆၀ ကေဗွီအေထရန်စဖော်မာ(၂)လုံး တည်ဆောက်တပ်ဆင်ခြင်းနှင့် ၄၀၀ ဗို့အားလိုင်း (၃)မိုင် တည်ဆောက်ခြင်းတို့အား ဆောင်ရွက်ပေးရန် ၁၅-၁၂-၂၀၁၃ ရက်တွင် သဘောတူစာချုပ်ချုပ်ဆိုခဲ့ကြပါသည်။

မာယမြင့်ကုမ္ပဏီမှ သဘောတူစာချုပ်ပါအတိုင်း ပစ္စည်း၊ လုပ်အားစိုက်ထုတ်၍ တာဝန်ကျေပွန်ခဲ့သော်လည်း လူကြီးမင်းတို့မှ စာချုပ်ပါငွေပေးချေမှု ပျက်ကွက်သဖြင့် မာယမြင့်ကုမ္ပဏီမှာ များစွာ နစ်နာဆုံးရှုံးမှုရှိနေရပါသည်။ မာယမြင့်ကုမ္ပဏီမှ ပြီးစီးသည့် လုပ်ငန်းတန်ဖိုး စုစုပေါင်းကျပ်(၁၈၇၃၆၂၀၀၀ိ/-)(ကျပ်တစ်ထောင့်ရှစ်ရာခုနစ်ဆယ့်သုံးသိန်းခြောက်သောင်းနှစ်ထောင်တိတိ)ဖြစ်သော်လည်း လူကြီးမင်းတို့ဘက်မှ ကျပ်(၃၀၀၀၀၀၀၀ိ/-)(ကျပ်သိန်းသုံးရာ)သာပေးထားသဖြင့် မာယမြင့်ကုမ္ပဏီမှ စိုက်ထုတ်ဆောင်ရွက်ပြီး ရရန်ကျန်ငွေမှာ ကျပ်(၁၅၇၃၆၂၀၀၀ိ/-) (ကျပ်တစ်ထောင့်ငါးရာခုနစ်ဆယ့်သုံးသိန်းခြောက်သောင်းနှစ်ထောင်တိတိ) ဖြစ်ပါသည်။

ထို့ကြောင့် လူကြီးမင်းတို့ကုမ္ပဏီများ၏ တာဝန်မကျေပျက်ကွက်မှုများကြောင့် လျှပ်စစ်မီးရရှိရေး ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရမည့်လုပ်ငန်းများ ရပ်ဆိုင်းထားရသဖြင့် မာယမြင့်ကုမ္ပဏီနှင့် လျှပ်စစ်မီးလိုအပ်သည့် ကျေးရွာသူ၊ ကျေးရွာသားများမှာ များစွာနစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိနေပါသည်။

သို့ဖြစ်ပါ၍ လူကြီးမင်းတို့အနေဖြင့် မာယမြင့်ကုမ္ပဏီသို့ပေးရန် ကျန်ငွေကျပ်(၁၅၇၃၆၂၀၀၀ိ/-)ကို ယခုကြေညာသည့်ရက်မှ နောက်(၇)ရက်အတွင်း အကျေအလည် ဖြေရှင်းပေးပါရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကျော်ဆန်း** (B.A.,R.L.,D.B.L) **တရားလွှတ်တော်ရှေ့နေ(စဉ်-၅၁၃၁)**
**ဦးဇော်ထွဋ်** B.A(Law).,LL.B **အထက်တန်းရှေ့နေ(စဉ်-၁၅၇၅၇)**
**အမှတ်-၁၀/၁၂၊ အခန်း(၀၀၄/အေ)မြေညီထပ်၊ (၃၅)လမ်းအောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## မြေပိုင်ရှင် ဦးထွန်းအောင်ကြိုင်[၁၂/လမန(နိုင်)၀၈၆၂၉၇]နှင့် အများသိစေရန်ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သိမ်ဖြူလမ်း၊ အမှတ်-၃၅၃၊ အခန်း(၆၀၄)နေ ကန်ထရိုက်တာဦးစိုးဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ ၁၇-၉-၂၀၁၄ ရက်စွဲပါ ကြေးမုံသတင်းစာ၊ ကော်လံ(၅)ပါ မြေပိုင်ရှင် ဦးထွန်းအောင်ကြိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဦးအောင်နိုင်ဝင်းနှင့် ဒေါ်တင်တင်ခိုင်တို့၏ “ကန်ထရိုက်တာဦးစိုးဝင်းနှင့် အများသိစေရန်ကြေညာခြင်း”ကိစ္စအပေါ် အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြေကွက်အမှတ်(၄၈)၊ မယ်ဇီကုန်းလမ်း၊ အမှတ်(၄၂)တွင် (၂)ခန်းတွဲ(၆)ထပ်တိုက်(၃)လုံး ဆောက်လုပ်ရန် သဘောတူညီချက်အရ ကန်ထရိုက်တာလုပ်ငန်း စတင်ဆောင်ရွက်ရန်အတွက် အဆောက်အအုံဆောက်လုပ်ရန် မြေပုံရရှိပြီးနောက် နယ်နိမိတ်တိုင်းတာသတ်မှတ်သည့်မြေပုံကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီထံတွင် မြေရှင်ဦးထွန်းအောင်ကြိုင်၏ကိုယ်စား လျှောက်ထားရယူပေးခဲ့ပါသည်။

အတိုင်းအတာအရ ဆောက်လုပ်မည့်မြေကွက်မှာ စတုဂံမညီမျှသဖြင့် အဆောက်အအုံ၏ Ground Plan မြေပုံကို မြေရှင်ထံအဆိုပြုညှိနှိုင်းခဲ့ရာ မြေရှင်မှ ခေတ္တစောင့်ဆိုင်းရန်ပြောဆိုခဲ့ပါသည်။

လူအဆက်အသွယ်၊ တယ်လီဖုန်းအဆက်အသွယ်တို့ဖြင့် အကြောင်းကြားခဲ့သော်လည်း မြေရှင်မှ အကြောင်းပြန်ကြားပါမည်ဟုဆိုသဖြင့် စောင့်ဆိုင်းနေခဲ့ရာ ယနေ့တိုင် နှစ်ဦးသဘောတူစာချုပ်ကိစ္စနှင့် ကိုယ်စားလှယ်လွှဲစာချုပ်ကိစ္စတို့နှင့်ပတ်သက်၍ အသိပေး ပြောကြားခဲ့ခြင်းအလျဉ်းမရှိပါ။

လွှဲအပ်ထားပြီးဖြစ်သောပစ္စည်းတွင် အကျိုးဆက်သက်သာခွင့်ပေးအပ်ရယူရန် သဘောတူညီထားပြီးဖြစ်၍ ပဋိညာဉ်ဥပဒေအရ တစ်ဖက်သတ်နုတ်သိမ်းပိုင်ခွင့်မရှိပါကြောင်း ပြန်ကြားအပ်ပါသည်။

ကန်ထရိုက်တာဘက်မှ အဆောက်အအုံပြီးစီးအောင် အမြန်ဆုံးတည်ဆောက်ရန် ယနေ့တိုင်ဆန္ဒရှိနေသည့်အပြင် ပယ်ဖျက်ရန် အကြောင်းမရှိပါသဖြင့် ကန်ထရိုက်တာထံသို့ မြေရှင်ကိုယ်တိုင်အမြန်ဆုံးအကြောင်းကြားဆက်သွယ်ပါက အဆင်ပြေချောမွေ့စွာ ဆက်လက်ဆောင်ရွက်နိုင်ကြမည်ဖြစ်ပါကြောင်း၊ မြေရှင်ဦးထွန်းအောင်ကြိုင်နှင့် အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

မြေရှင် ဦးထွန်းအောင်ကြိုင်နှင့် ကန်ထရိုက်တာတို့ ဆက်လက်ဆောင်ရွက်ညှိနှိုင်းနေဆဲတွင် ပါဝင်ဆောက်လုပ်လာသူများရှိပါကလည်း ထိုသူများအပေါ် ဥပဒေအရဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်သူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးစိုးဝင်း** | **ဦးကျော်ဆန်း** B.A.,R.L.,D.B.L |
| **မြန်မာဟိန်းထက်ဆောက်လုပ်ရေး** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၅၁၃၁)** |
| **အမှတ်-၃၅/က၊ (၉၄)လမ်း** | **အမှတ်-၁၀/၁၂၊မြေညီထပ်၊ အခန်း(၀၀၄)** |
| **ကန်တော်လေး(တောင်)ရပ်ကွက်၊** | **(၃၅)လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊** |
| **မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။** | **ရန်ကုန်မြို့။** |

